
www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ချစ်သူ့ရင်ဆီ တည့်တည့်က ကျွန်း

မနော်ဟရီ

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ်
၅၀၁၁၈၃၀၅၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၄၀၃၀၆၀၄

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
၂၀၀၆ ခုနှစ် စက်တင်ဘာလ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

မိုးကောင်းကင်ရဲ့
လျှို့ဝှက်သော တံခါးချပ်ကို ဖွင့်လှစ်လိုက်တဲ့အခါ
ချစ်သူရဲ့ နံနက်ခင်းနှင်းစက်တွေနဲ့ စွတ်စိုနေတဲ့
သော့ကလေးတစ်ချောင်းကို တွေ့လိုက်ရပါတယ်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



(က)

အဲဒီနေ့က ကျွန်တော် ကောင်းကင်ကို မော့ကြည့်နေတုန်း နံနက်ခင်းမိုးသောက်ကြယ်ကို ခြံရံထားတဲ့ ကြယ်ပွင့်တွေထဲက ကြယ်ကလေးတစ်လုံး ကြွေကျလာတာ မြင်လိုက်ရတယ်။ မနက်မိုးလင်းလို့ ပြတင်းပေါက်ကိုလည်း ဖွင့်လိုက်ရော ကျွန်တော့်တံခါးဝမှာ နတ်သမီးလေးတစ်ပါး ငုတ်တုတ်ထိုင်နေတာ တွေ့လိုက်ရပါလေရော။

မြတ်စွာဘုရား...။ ငယ်ငယ်က ဘွားဘွားပြောနေကျ ပုံပြင်ထဲကလို ကြယ်ကြွေရင် နတ်သမီးဖြစ်တယ်ဆိုတာ တကယ်များလား။

တအံ့တသြ မင်တက်မိနေတဲ့ ကျွန်တော့်ကို နတ်သမီးလေးက စကားစပြောတယ်။

'ဒီမှာရှင့်'

'ဟုတ်...'



www.burmeseclassic.com

www.burmeseclassic.com



'ဒီဘက်ခန်းက ဘယ်သူမှ မရှိကြဘူးလား...'

'ကိုသိန်းကို ပြောတာလား...'

နတ်သမီးကလေးက လူမ,လေးတစ်ယောက်လို မျက်လုံးလေးတွေ လင်းသွားပြီး ခပ်သွက်သွက် ခေါင်းညိတ်တယ်။

'ဟုတ်တယ်...ဟုတ်တယ်...သိန်း...သိန်းသိုက်...'

ဒီတစ်ခါ မျက်မှောင်ကြုတ်ရတာက ကျွန်တော်ပါ။ ကျွန်တော့်ထက် ကြီးလို့ ကျွန်တော်က တလေးတစားနဲ့ ကိုသိန်းလို့ ခေါ်တဲ့သူကို ကျွန်တော့် ထက်ငယ်မှာ သိပ်ကို သေချာတဲ့ မိန်းကလေးက 'သိန်း'တဲ့။ တကယ့်ကို ငယ်ပေါင်းကြီးဖော်တစ်ယောက်ကို ခေါ်သလိုမျိုး ခေါ်တာ။ သူကြည့်ရတာ နှိုင်းခိုင်းပုံလည်း မရဘဲနဲ့...

'မရှိဘူး၊ ကိုသိန်း ညကပဲ ခရီးထွက်သွားတယ်'

'ညက.

'ဟုတ်တယ်...'

'ခရီးထွက်သွားတယ်'

'ဟုတ်တယ်'

'ဘယ်သွားတာလဲဟင်...'

'အာ...ဒါတော့ ကျွန်တော့်ကို မပြောသွားဘူး'

ကောင်မလေးက မျက်မှောင်ကြုတ်သလို စဉ်းစားတယ်။ တော်တော် လေး ကြာတယ်။ ဘာတွေ စဉ်းစားမှန်းမသိဘူး။ ကျွန်တော်သိတာက သူက စဉ်းစားနေတဲ့ပုံလည်း အတော်ကြည့်ကောင်းတယ်ဆိုတာပါပဲ။ ပြီးမှ သူမက တစ်ကိုယ်တည်းပြောတာလား၊ ကျွန်တော့်ကို ပြောတာလား မသိပဲ ပြော တယ်။ ကျွန်တော်က ကျွန်တော့်ကို ပြောနေသလို ငေးမော နားထောင်ပစ်





လိုက်တယ်။

'အင်းလေ...သိန်းက ကိုယ်လာမယ်ဆိုတာ သိမှ မသိဘဲ။ သိရင် သွား မှာမဟုတ်ဘူး...'

လာပြန်ပြီ...။ အနည်းဆုံး မကြီးဘူးဆို သူ့ထက် ၁၄-၅နှစ် ကြီးနိုင်တဲ့ ကိုသိန်းကို 'သိန်း'ချည်း ဖိခေါ်နေပြန်တယ်။

'နေပါဦး...ခင်ဗျားလေးက ဘယ်ကလဲ၊ ဘယ်သူလဲ၊ ကိုသိန်းနဲ့ ဘာ တော်လဲ...'

ကျွန်တော့်မေးခွန်းတွေက တော်တော်လေး များသွားတာကို မေ ပြီးပြီးချင်းပဲ သတိပြုမိလိုက်တယ်။ ဒါပေမယ့် နောက်ကျသွားပြီ။ ပြင်လို့မ တော့ဘူး။ သူမက ကျွန်တော့်ကို ပြန်ကြည့်ပြီး ပြန်မေးတယ်။

'ရှင်ကရော...ဘယ်ကလဲ...ဘယ်သူလဲ...'

ကျွန်တော်ရယ်ချင်သွားရတယ်။ မေးပုံက ကလေးဆ...ဘာကိုး။ ဒါပေ မယ့် ကျွန်တော် စိတ်လိုလက်ရပဲ ဖြေပေးလိုက်တယ်...။

'ကျွန်တော့်နာမည်က ဩဇာ...နေတာက ဒီအိမ်ပဲ။ ကိုသိန်းနဲ့ ကင် လျက်...'

'ဩော်...ဩဇာ...တဲ့လား...'

'ဟုတ်တယ်...ခင်ဗျားက...'

'ကိုယ့်နာမည်...'

ပြောမည်လုပ်ပြီးမှ မအူမလည်လုပ်ပြီး ရပ်ထားလို့ ကျွန်တော် စိ တိုသွားရတယ်။

'ကိုသိန်းကို ပြန်ပြောဖို့ မေးတာ...'

'အင်းလေ...သိပါတယ်...အဲဒါပဲ စဉ်းစားနေတာ...'



www.burmeseclassic.com

တစ်ခွန်းမှ မခံပါ။ သူကပဲ သူ့ခုလို စဉ်းစားနေတာ တခြားအကြောင်း ရှိသလိုနဲ့ စတ္တုန့်အနည်းငယ်ကြာတော့ စကားဆက်တယ်။

'ဘယ်လိုပြောခဲ့ရင် သိန်သိမလဲလို့ စဉ်းစားနေတာ...'

လာပြန်ပြီ...။ သိန်...တဲ့။

'ခင်ဗျားမှာက ရာဇဝင်လူဆိုးတွေလို နာမည်တော်တော်များလို့လား...'

'မများပါဘူး...နှစ်မျိုးတည်း ရှိတာပါ...'

'နှစ်မျိုးလုံး ပြောခဲ့...'

'ရပါတယ်...သိန်ကို ရွှေသော့ လာသွားတယ်လို့သာ ပြောပေးပါ...'

'ဘာ...ဘာရယ်...'

'ရွှေသော့...လို့...ရွှေသော့...'

'ရွှေသော့...'

'ဟုတ်တယ်...'

ဟုတ်မှာပါ။ ကြည့်ပါလား၊ လည်ပင်းက ဆွဲကြိုးမှာကလည်း သော့ ခလောက်နဲ့ သော့တံနဲ့ကို လော့ကက်သီးလုပ်ပြီး ဆွဲထားတယ်။ လက်က hand chain မှာလည်း သော့ခလောက်တစ်လုံး၊ သော့တံ တစ်ချောင်း။ ခြေထောက်က footchain မှာလည်း သော့ခလောက်တစ်လုံး သော့တံ တစ်ချောင်း ချိတ်ထားသေးတယ်။ ဝင်းစက်နေတဲ့ အသားပေါ်မှာ ရွှေရောင် သော့ခလောက်နဲ့ သော့တံလေးတွေက လင်းလက်နေတယ်။ ပုံစံတူတွေ၊ အရွယ်ပဲ ကွာတယ်။

ပြောပြီး လှည့်ထွက်ဖို့ ပြင်နေလို့ မေးခွန်းကျန်နေသေးတာ သတိပေး လိုက်ရတယ်။

'ဟေ့ ဘယ်ကလဲဆိုတာ ပြောသွားဦးလေ'





'ဘယ်ကလဲ...အင်း...ဘယ်ကလဲဆိုတာ ပြောစရာ မလိုပါဘူး၊ ခုနက မေးသလို ဘာတော်လဲ လည်း ပြောစရာ မလိုဘူး၊ 'ရွှေသော့'ဆိုတဲ့ နာမည် လေးတစ်ခုပဲ ပြောလိုက်... သိန်သိတယ်...'

'ကောင်းပြီလေ...တစ်ခုပဲ ကျန်ပါတော့တယ်...'

ကောင်မလေးက ကျွန်တော့်ကို မသိမသာလေး မျက်မှောင်ကြုတ်ပြီး ကြည့်တယ်။ 'လျှာရှည်လိုက်တာ'လို့ ယူရင် ရတဲ့ အကြည့်...။ ပြီးမှ အဲဒီ အကြည့်ကို ရုတ်သိမ်းပြီး ပြန်မေးတယ်။

'ဘာကျန်သေးတာလဲ...'

'ကိုသိန်ကို သိန်...သိန်နဲ့ ရွယ်တူလို ခေါ်နေတဲ့ကိစ္စ...'

'ဟာဟ...'

ကောင်မလေးက လှောင်သလို ရယ်တယ်။ ကျွန်တော်ကလည်း ကျွန်တော့်ရှေ့မှာ မသော်မနန်းတွေ မြင်ရင် သိပ်ကြည့်ရတတ်တာ မဟုတ် ဘူး။ ဒါကြောင့် တမင်ဆက်ပြောလိုက်တယ်။

'မင်းဟာက မရိုင်းလွန်းဘူးလား၊ ဟိုက မင်းခေါ်ရင် ဦးလေးတောင် ခေါ်လို့ ရတာ...'

ကောင်မလေးက ပခုံးတွန့်ပြတယ်။

'မတတ်နိုင်ဘူး...အကျင့်ပါနေပြီ...'

'အကျင့်ပါနေပြီ...ဟုတ်လား'

ဒီတစ်ခါ မျက်လုံးပြူးသွားရတာက ကျွန်တော်။ ဒါဆို ဒီကောင်မလေး နဲ့ ကိုသိန်က ရင်းနှီးတယ်ပေါ့။ ကျွန်တော်နဲ့ ကိုသိန် ဘော်ချင်းကပ်နေလာ တာပဲ ငါးနှစ်ကျော်နေပြီ။

ကိုသိန်အပေါင်းအသင်းတော်တော်များများလည်း ကျွန်တော် မသိ



www.burmeseclassic.com

www.burmeseclassic.com



တဲ့လူ မရှိသလောက်ပဲ...။ သူ့ကိုတော့ တစ်ခါမှ မတွေ့ဖူးပါဘူး။ ကျွန်တော်နဲ့ မတွေ့ခင်ကလို့ ပြောရလောက်အောင်လည်း လွန်ခဲ့တဲ့ ငါးနှစ်ကျော်ကဆို ဒီကောင်မလေး ကလေးပဲ ရှိဦးမှာ...။ ကျွန်တော် စဉ်းစားရင်း ချာလည်မူးသွားရတယ်။ သူက ကျွန်တော့်အမေးကို ဖြေတယ်။

'ဟုတ်တယ်...ပြီးတော့ သိခ်က ခုမှ ၃၄နှစ်ရှိသေးတာ၊ ဦးလေး ခေါ်ရမယ့် အရွယ်လည်း မဟုတ်ပါဘူး'

မြတ်စွာဘုရား...။

ကောင်မလေး ဆက်ပြောတဲ့စကားကြောင့် ကျွန်တော်တောင် အံ့ဩသွားတယ်။ ကျွန်တော့်လို ကိုသိခ်နဲ့ အရမ်း ရင်းနှီးတဲ့ကောင်တောင်မှ ကိုသိခ်အသက်ဟာ သုံးဆယ်ကျော်ဆိုတာပဲ သိတာ။ သူလို ၃၄နှစ်ရယ်လို့ အတိအကျ မပြောနိုင်ဘူး။

ကျွန်တော် တအံ့တဩဖြစ်သွားတာကို အခွင့်ကောင်းယူပြီး သူမက ပြောသွားသေးတယ်...။

'ရှင်ကတော့ နာမည်နဲ့လိုက်တယ်...အံ့ရော...ဩဇာ...တဲ့'

ကျွန်တော် ရယ်ချင်သလို ဖြစ်သွားရပြီးမှ မျက်နှာကို ပြန်တည်လိုက်ရတယ်။ ဒါပေမယ့် ဘာမှ ဆက်ပြောလို့ မရတော့ဘူး။ ရွှေသော့ ဆိုတဲ့ ကောင်မလေးက ရွှေရောင်ဖျော့ဖျော့သန်းနေတဲ့ ကားတစ်စင်းပေါ် တက်သွားပြီလေ...။

'အံ့ရော...ရွှေသော့...တဲ့'

ကျွန်တော်လည်း သူမရှိတော့ပေမယ့် အရှုံးမပေးနိုင်ပါဘူး။ သူကြားကြား မကြားကြား စိတ်ထဲရှိတာကိုတော့ ပြောဖြစ်အောင် ပြောလိုက်မိပါတယ်။ ဒါကို ကြားသွားတာက ခုမှ အိပ်ရာက ဂလာပုံရတဲ့ ညီညီပါ...။





'ဘာသော့လဲ...ဘာသော့ ပျောက်ပြန်ပြီလဲ...'

'နားစွန်နားဖျားနဲ့ ဘာတွေ လာပြောနေတာလဲ'

'ဘာပြောရမှာလဲ မင်းပဲ သော့ဆို...သော့ဆိုတာက မင်းပျောက်နေကျ ပစ္စည်းလေ၊ ဒါကြောင့် လည်ပင်းမှာ ဆွဲထားပါဆိုတော့လည်း မရဘူး'

ညီညီက သူ့ထုံးစံအတိုင်း ပွစိပွစိနဲ့ ရေရွတ်ပြီး ပြန်ဝင်သွားလို့ ကျွန်တော်လည်း လိုက်ဝင်လိုက်ရတယ်။ ပြီးမှ...

'ခုဟာက ဘာသော့မှ မပျောက်ဘူး... စောစောစီးစီး အိမ်ရှေ့ကို သော့တစ်ချောင်းရောက်နေလို့...'

'ဘာသော့လဲ...'

'ရွှေသော့...'

'ဟာ...ဟုတ်လား...ပွတာပဲ...ဘယ်လောက်သားလောက် ရှိလဲ...'

'အင်း...အနည်းဆုံး ပေါင်တစ်ရာဝန်းကျင်ပေါ့...'

ကျွန်တော့်စကားကြောင့် ညီညီ မျက်လုံးတွေ ပြန်ကျယ်လာပြီး ကျွန်တော့်ကို မသင်္ကာသလို ကြည့်တယ်။ အင်း...အဲဒီလို မသင်္ကာသလို ကြည့်ဖော်ရတာကိုပဲ ကျေးဇူးတင်ရဦးမယ်။ မဟုတ်ရင် အလကားနေ အလကား ရှယ်ယာလာခွဲနေရင် ပေးစရာ ဘာမှ ရှိတာမှ မဟုတ်တာ...။

'ပြောစမ်း ငါ့ကို အမှန်အတိုင်း...'

ဖြစ်ရတယ်။ ကျွန်တော်လည်း တစ်ခွန်းမှ မညာမိပါပဲနဲ့...။

'အမှန်အတိုင်း ပြောတာပဲ...'

'ဘာသော့လဲ...'

'ရွှေသော့...'

'ဘယ်ကလဲ...'



www.burmeseclassic.com

www.burmeseclassic.com



'မသိဘူး။ ကိုသိန်းဆီလာတာ…'

ညီညီ ခုမှ သဘောပေါက်သွားပုံနဲ့ ဆေးပေါ့လိပ်ကို ကောက်မီး ညှိရင်း ကျွန်တော့်လိုပဲ မကြားတကြား ရေရွတ်ပြန်ပါတယ်။

'အံ့ရော…ရွှေသော့…တဲ့…'

သေချာပါတယ်။ ဒီတစ်ခါတော့ ဘယ်သူမှ မကြားဘူး။





(ခ)

သုံးရက်လောက်နေတော့ ကိုသိန်းပြန်ရောက်လာတယ်။ အိမ်တံခါး မှာ ဆီးမပြောချင်တာနဲ့ ညနေလောက်ကျမှ… ကိုသိန်းအခန်းဘက်ကို ကူး သွားလိုက်တယ်။

'လာ…ဩဇာ…ညီညီရော…'

'ဒီကောင်လား…ဒီနေ့ သူတို့ဂျာနယ်က ဖောင်ပိတ်တယ်လေ…'

"အာ…ဟုတ်သားပဲ'

ညီညီက ဂျာနယ်တစ်စောင်မှာ အလုပ်လုပ်တဲ့ Computer သမား တစ်ယောက်ပါ။ ကျွန်တော်ကတော့ ခုထိ ကျောင်းတစ်ဖက်နဲ့မို့။ တစ်ခ် တလေ ဖေဖေတို့ လုမ်းခိုင်းတတ်တဲ့ အလုပ်တွေကလွဲရင် ဘာမှ သိပ် လုပ် စရာမရှိဘူး ကိုသိန်းကတော့ အင်ဂျင်နီယာတစ်ယောက်ပါ။ ကုမ္ပဏီကြီး တစ်ခုမှာ လုပ်ပါတယ်။ အရမ်းလည်း …လခကောင်းကောင်း ရတဲ့ပုံပါပဲ.

www.burmeseclassic.com



'ကိုသိန်း...'

'ပြော...ဩဇာ...'

'ကိုသိန်းမရှိတုန်း ညှော့သည်လာသွားတယ်..."'

'ဟုတ်လား...'

ကိုသိန်းကြည့်ရတာ သိပ်စိတ်ဝင်စားပုံတောင် မရပါဘူး။ ဒါကြောင့် ကျွန်တော့်ထုံးစံအတိုင်း သူ့ကို ပဟေဠိတွေ လုပ်ပြီး စိတ်ဝင်စားလာအောင် လုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။

'ကောင်မလေးတစ်ယောက်...ကိုသိန်း...'

'ဉ်ါသူငယ်ချင်းတွေကို မင်းက ကောင်မလေးလို့ ခေါ်လို့ မရတော့ လောက်ပါဘူးကွာ'

ကိုသိန်းက ရယ်ပြီး နောက်တယ်။ ဒါလောက်ကတော့ ကျွန်တော့်မှာ ယဉ်ကျေးမှု ရှိပါတယ်။ ရွှေသော့ဆိုတဲ့ ကောင်မလေးလိုမှ မဟုတ်တာ။

'ကိုသိန်းသူငယ်ချင်း မဟုတ်လောက်ဘူး...'

'မဟုတ်လောက်ဘူး...'

'ဟုတ်တယ်...ဒါပေမယ့်...'

ပြောပြီးကာမှ ပိုင်စိုးပိုင်နင်း ရဲရဲတင်းတင်းနဲ့ 'သိန်း' 'သိန်း'နဲ့ ခေါ်တတ်တဲ့ အသံက နားထဲမှာ ထော်လော်ကန့်လန့် ပြန်ကြားယောင်လာလို့ 'ဒါပေမယ့်'...ခံလိုက်ရတယ်။

"ဒါပေမယ့် ဘာဖြစ်လဲ ပြောပါဦး ဩဇာရ...'

'သူက ကိုသိန်းကို သိန်းလို့ပဲ ရင်းရင်းနှီးနှီးခေါ်တာ...'

'ဒါဆို ငါ့သူငယ်ချင်းပေါ့...'

'မဟုတ်လောက်ဘူး။ သူ့ကြည့်ရတာ ကျွန်တော့်ထက်တောင် ငယ်





ပုံပဲ...'

ကိုသိန်းက ခုမှ ကျွန်တော့်ကို သတိတရ မေးတယ်။

'မင်းက အသက်ဘယ်လောက်ရှိပြီလဲ'

'နှစ်ဆယ့်နှစ်...'

'ဟင်... ဒါဆို မင်းပြောတဲ့သူက နှစ်ဆယ်တောင် မရှိလောက်ဘူး ပေါ့...ဟုတ်စ...'

'ဟုတ်တယ်...'

ကိုသိန်းကြည့်ရတာ စောစောက ဝတ်ကျေတန်းကျေ 'ဟုတ်လား'လို့ ဖြေတာထက် စာရင် အတော်လေး စိတ်ဝင်စားလာပုံရတယ်...။

'ပြီးတော့ ငါ့ကို အဲဒီအရွယ်လေးက သိန်းလို့ ခေါ်တယ်...'

'ဟုတ်တယ်...ပြီးတော့ ကျန်သေးတယ်...'

'ဘာကျန်တာလဲ...'

'ကိုသိန်းက အသက်သုံးဆယ့်လေးနှစ်ဆိုတာ ဟုတ်လား'

ကိုသိန်း ကျွန်တော့်ကို မျက်လုံးပြူး ကြည့်ပါတယ်။

'မင်း...အကြားအမြင်ရနေတာလား'

'ကျွန်တော်တော့ မဟုတ်လောက်ဘူး'

'ဒါဆို ဘယ်သူလဲ...'

'အဲဒီကောင်မလေး...'

'ဘာရယ်...သူက...'

ကိုသိန်း တအံ့တဩ ဖြစ်သွားပုံပဲ။

'ဟုတ်တယ်...သူပြောသွားတာ၊ သိန်းက ခုမှ ၃၄နှစ် ရှိသေးတာတဲ့'

ဒီတစ်ခါတော့ ကိုသိန်းက ကျွန်တော့်ကို မသက်သလို ကြည့်ပါဖော့



www.burmeseclassic.com

www.burmeseclassic.com



တယ်။

'ကျွန်တော့်ကို အဲလို မကြည့်နဲ့ကိုသိန်း...'

'ဘာလို့လဲ...မလုံဘူးမဟုတ်လား...'

'မလုံရအောင် ကျွန်တော် ဘာမှမလုပ်ဘူး ကိုသိန်း'

'ဘာမှ မလုပ်ပါဘူး၊ ငါ့ကို ပုံလာပြောနေတာ တစ်ခုပဲ...မင်း ညီညီနဲ့ တိုင်ပင်ပြီး စာရေးစားပါလားကွာ...'

'အာ...ပြဿနာပဲ...'

ကျွန်တော့်ဗီဇက အေးတိအေးစက်နေတတ်တဲ့လူတွေကို 'ဆွ'ချင် တာ လောက်ကလွဲရင် မဟုတ်တာတွေကိုတော့ တန်ဆာဆင် ဖွဲ့နွဲ့ ပြောတတ်တဲ့ ပါရမီတော့ ပါမလာခဲ့ပါဘူး...။

'ပြဿနာက မင်းစနေတာလေ ဩဇာရဲ့'

'မဟုတ်ဘူး...ကျွန်တော် တကယ်ပြောတာ...'

'ဒီမှာ...မင်းကို ငါပြောပြမယ်...'

'ပြော...အစ်ကို...'

'ငါ့ကို သိန်းလို့ ခေါ်တဲ့ ငါနဲ့ရွယ်တူတွေက ငါ့ကို အသက်ကအစ အမှန်ပြောနိုင်တယ်ဆိုတာ ငါလက်ခံတယ်။ မင်းပြောသလို ၁၉နှစ် ၂၀ လောက်က ငါ့ကို အသက်ကအစ အမှန်ပြောနိုင်ပြီး ငါ့ကို သိန်းလို့ ခေါ်တဲ့ သူတစ်ယောက်မှ မရှိနိုင်ဘူး...'

'ကျွန်တော်လည်း အဲလို တွေးမိပါတယ်...'

'ဟင်...တွေးမိလျက်သားနဲ့များ...'

'တွေးမိတာက တွေးမိတာပဲ...ဖြစ်နေတာက ဖြစ်နေတာပဲ...'

'ဘာဖြစ်နေတာလဲ...'





'အဲဒီလို ကောင်မလေးတစ်ယောက် ကိုသိန်းကို သိန်းလို့ ရင်းရင်းနှီးနှီး ခေါ်ပြီး လာမေးသွားတယ်။ ကျွန်တော်တောင် ကြားထဲက မနေနိုင် မထိုင်နိုင်၊ မင်းအရွယ်နဲ့ ကိုသိန်းကို 'သိန်း'လို့ ခေါ်ရလား မေးမိလို့ မတတ်နိုင်ဘူး အကျင့်ပါနေလို့တဲ့...'

'အကျင့်ပါနေပြီ...'

ကိုသိန်း မျက်မှောင်ကြုတ်ပြီး ကျွန်တော့်ကို အစုန်အဆန် ကြည့်ပြန် ပါတယ်။ ကျွန်တော့်ရိုးသားမှုက ကျွန်တော့်မျက်နှာမှာ ပေါ်လောက်တယ်လို့ ထင်ရတာပဲ။

'ဟုတ်တယ်...ပြီးတော့...'

'ပြီးတော့...ဘာဖြစ်လဲ...'

'ခုမှ...အသက် ၁၄နှစ်ရှိသေးတာ၊ ဦးလေးခေါ်ရမယ့် အရွယ်လည်း မဟုတ်ပါဘူးတဲ့...'

ဒီတစ်ခါတော့ ကိုသိန်း ကျွန်တော့်နားကပ်လာပြီး ထိုင်ချလိုက်တယ်

'မင်း...တကယ်ပြောနေတာလား...'

'ကျွန်တော်က နောက်တတ်လို့လား...'

ကိုသိန်းကြည့်ရတာ ခုမှ ယုံသွားပုံရတယ်။

'သူက ဘယ်ကတဲ့လဲ...ဘယ်သူတဲ့လဲ...'

'ဘယ်ကလဲဆိုတာတော့ မပြောသွားဘူး၊ ဘယ်သူဆိုတာတော့ ပြော တယ်၊ သူဘယ်သူဆိုတာ ပြောပြလိုက်ရင် ဘယ်ကဆိုတာ သိသွားမှာပါ တဲ့'

'ဟုတ်လား...ဘယ်သူတဲ့လဲ...'

'ရွှေသော့...တဲ့...'



www.burmeseclassic.com

www.burmeseclassic.com



'ဘာ...'

'ရွှေသော့...တဲ့...'

နားမလည်ဘူးထင်ပြီး နောက်တစ်ခွန်း ထပ်ပြောတာပါ။ ဒါပေမယ့် ကိုသိန်းအမူအရာက နားမလည်တဲ့ အမူအရာမဟုတ်ဘူး။ အံ့သြတယ် ဆိုတာထက်ကို ပိုတဲ့ပုံစံမျိုး။ ပြီးတော့မှ သူ့ခေါင်းကို အသာအယာခါတယ်...။

'မဖြစ်နိုင်ဘူး...'

သူ့ မဖြစ်နိုင်ဘူးက ကျွန်တော့်ကို ငြင်းတာဆိုရင်တော့ စိတ်ဆိုးစရာပေါ့။ ဒါပေမယ့် သူ့ပုံစံက ကျွန်တော့်ကို ငြင်းဆိုတာနဲ့ မတူဘဲ တစ်ယောက်တည်း အသိစိတ်ကင်းစွာ ရေရွတ်နေတာမျိုးနဲ့ တူနေတယ်...။

'ဘာဖြစ်တာလဲ...ကိုသိန်း...'

ကျွန်တော့်ခေါ်သံကြားမှ သူအသိဝင်လာသလို ကျွန်တော့်ကို လှည့်ကြည့်တယ်။

'ပြန်ပြောဦး သြဇာ...ဘယ်သူ...'

'ရွှေသော့တဲ့၊ ရွှေသော့လာသွားတယ်လို့သာ ပြောပေးပါတဲ့။ ဒါပေမယ့် သူမှာ တခြားနာမည်လည်း ရှိပုံပဲ...'

'ဟုတ်...ဟုတ်လား...ဘာတဲ့လဲ...'

'မပြောသွားဘူး၊ နာမည်က နှစ်မျိုးရှိတာတဲ့၊ ဒါပေမယ့် ရွှေသော့ လာသွားတယ်လို့ပဲ ပြောပေးပါ...တဲ့'

'မဖြစ်နိုင်ဘူး၊ မင်းတွေ့တာ နေ့လား...ညလား...'

'မနက် ၉ နာရီနီးပါးလောက်မှာ၊ နှင်းတွေတအားကျတဲ့နေ့ကလေ...'

ကိုသိန်း ခက်ခဲပင်ပန်းစွာ သက်ပြင်းကို ချတယ်...။

'မဖြစ်နိုင်ဘူး...မှားနေပြီ...'





'ဘာမှားတာလဲ ကိုသိန်း...'

'ရွှေသော့က ရှိမှမရှိတော့တာ...'

'မရှိတော့ဘူး...မရှိတော့ဘူးဆိုတာက...'

'ရွှေသော့ ဆုံးသွားတာ အနှစ် နှစ်ဆယ်လောက် ရှိပြီ...'

'ဗျာ...'

ဒီတစ်ခါ အံ့သြမင်တက်ဖိသွားတာက ကျွန်တော်ပါ။ ကြောက်တတ်တဲ့သူ မဟုတ်လို့ ကျောထဲတော့ စိမ့်မသွားပါဘူး။ ဒါပေမယ့် ဦးနှောက်ကကပျာကယာ command ပေးပြီး recall ပြန်လုပ်ရတာ အတော်လေးချာလည်လိုက်သွားတယ်။

'မဖြစ်နိုင်ဘူး...'

ဒီတစ်ခါ မဖြစ်နိုင်ဘူးလို့ ရေရွတ်ရတာက ကျွန်တော်ပါ။ ကိုသိန်းကကျွန်တော့်ကို ကြည့်တယ်...။

'ဘာမဖြစ်နိုင်တာလဲ...'

'အဲဒါ လူအစစ်ဆိုတာတော့ ကျွန်တော် သေချာတယ်'

ကိုသိန်းက ပြုံးတယ်။

'မင်းကို သရဲခြောက်ခံရတာတာလို့ ငါက ပြောမိလို့လား...'

မပြောရုံတမယ်... နေ့လားညလား မေးပြီးမှ ပြောမိလို့လားတဲ့ကျွန်တော်ရယ်ပဲနေလိုက်တယ်။ ကျွန်တော်က အငယ်လေ။ ပြီးတော့ကိုသိန်းကြည့်ရတာ ခုထိ စိတ်လှုပ်ရှားနေနေသေးသလိုပဲ။ စိတ်ကို အရင်တည်ငြိမ်အောင် ကြိုးစားနေရပုံရတယ်။ အတော်ကြာ ငြိမ်သက်နေပြီးကျွန်တော့်ကို စကားတစ်ခွန်း လှမ်းပြောတယ်...။

'တစ်ခုတော့ ရှိတယ် သြဇာ..'



www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ...ကိုသိန်...'

'ရွှေသော့က သူပြန်လာမယ်လို့ ငါ့ကို သေချာပြောသွားခဲ့တယ်'

ကျွန်တော် သူ့ကို တအံ့တဩ ကြည့်နေဆဲ...သူက ပြုံးတယ်။ တကယ့်ကို စိတ်လက်ငြိမ်းချမ်းသွားစေမယ့် အပြုံးမျိုး...။ ကျွန်တော် စဉ်းစားရကြပ်သွားရပါတော့တယ်။





(၈)

အဲဒီနောက်မှာတော့ ကျွန်တော်တို့ အဲဒီအကြောင်း ထပ်မပြောဖြစ်ဘူး။ ဒါပေမယ့် မနက်စောစောစီးစီး နှင်းမြူတွေကြားမှာ ကိုသိန် လမ်းထထ လျှောက်နေတတ်တာကို တွေ့ရတတ်တယ်။ ခါတိုင်း ရှစ်နာရီခွဲဆို အလုပ်သွားတတ်တဲ့သူက ကိုးနာရီကျော်မှ အိမ်က ထွက်တတ်လာတယ်။ ကျွန်တော် သိတာပေါ့။ သူ...ကျွန်တော့်ကို မယုံတစ်ဝက် ယုံတစ်ဝက်နဲ့ ရွှေသော့ ဆိုတာများ ထပ်လာမလားလို့ မျှော်နေတာ...ဆိုတာ။ ခက်တာက ကျွန်တော်ကလည်း ကိုသိန်ကို 'ရွှေသော့'ဆိုတာ ကိုသိန်နဲ့ ဘယ်လိုပတ်သက်နေလဲဆိုတာ မမေးရဲဘူး၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်က ဆုံးသွားတယ်ဆိုတော့ ရွှေသော့ ဆုံးသွားတဲ့အချိန်မှာ ကိုသိန်မှ ဆယ့်လေးငါးနှစ်ရှိဦးမှာ...။

ဒါပေမယ့်... မကြာပါဘူး။ မျှော်တဲ့သူဆီတော့ ရောက်မလာတဲ့



www.burmeseclassic.com

www.burmeseclassic.com



ရွှေသော့က ကျွန်တော့်ရှေ့တော့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပြန်တယ်၊ အဲဒီနေ့က ကျွန်တော်က ဖေဖေတောင်းခိုင်းတဲ့ အကြွေးတွေ လိုက်တောင်းပြီး ပြန်လာတာ။ ကျောင်းကို ရောက်တော့ နှစ်ချိန်တောင် နောက်ကျနေပြီ။ အတန်းထဲ ဝင်ရကောင်းနိုး မဝင်ရကောင်းနိုးနဲ့ စဉ်းစားနေတုန်း ခွင်ခနဲ ပြုတ်ကျတဲ့ အသံကြားလို့ လှည့်ကြည့်မိတော့ ကားသော့လို့ ထင်ရတဲ့ သော့တစ်ချောင်း...။ လှမ်းကောက်လိုက်တဲ့ လက်ကို ကြည့်မိတော့ သော့ခလောက် တစ်ခု၊ သော့တံတစ်ချောင်းပါတဲ့ handchain နဲ့ လက်လှလှလေး တစ်ချောင်း ဖြစ်နေတယ်။ ဘယ်သူ ရှိဦးမှာလဲ။ ဒါ မရွှေသော့ပဲပေါ့။ ဒီလို လူမျိုး နှစ်ယောက်မှ မရှိနိုင်တာ...။

'ရွှေသော့'

ကျွန်တော်က နှုတ်က တအံ့တသြ ထွက်သွားတော့ သူမက မော့ကြည့်တယ်။

'အဲ...ဩဇာသီး...'တဲ့။

ဖြစ်မှဖြစ်ရလေ၊ သူနဲ့တွေ့မှပဲ အဓိပ္ပာယ်ပြည့်ဝပြီး ဩဇာအာဏာနဲ့ ပြည့်စုံသူလို့ အဓိပ္ပာယ်ရတဲ့ ကျွန်တော့်နာမည်က ပျော့ပြိပြိ အဖုအထစ်တွေနဲ့ ဩဇာသီး ဖြစ်ရတော့တယ်။

'ဘာ ဩဇာသီးလဲ...'

'ဘာ ရွှေသော့လဲ...'

စွာတာကတော့ အတော်စွာမယ့် ပုံပါပဲ။ တစ်ခွန်းမခံ ပြန်ပြောနေတာကိုပဲ ကြည့်လေ။ သူက ကျွန်တော့်နာမည်ကို ဖျက်တာ။ ကျွန်တော်က သူ့နာမည်ကို သူပြောထားတဲ့အတိုင်း ခေါ်တာ။

'မင်းနာမည်က ရွှေသော့ပဲ...'





'ရွှေသော့တော့ ရွှေသော့ပေါ့။ ဒါပေမယ့် ဒီနာမည်က ရှင်ခေါ်ရမယ့် နာမည်မှ မဟုတ်တာ...'

'ကျွန်တော်က ဒါပဲသိတာ...'

'မခေါ်နဲ့...'

'ဒါဆို ဘယ်လို ခေါ်ရမှာလဲ...'

'မနော့ဖြူ...'

ကျွန်တော် ရယ်ချင်သွားရတယ်။ နာမည်လေးက လှပါတယ်။ လူနဲ့လည်း လိုက်ပါတယ်။ ဒါပေမယ့်... ဘာလို့မှန်း မသိဘူး။ ကျွန်တော်က 'ရွှေသော့'ဆိုတဲ့ နာမည်လေးကိုပဲ ပိုသဘောကျမိတယ်...။

'ခင်ဗျားနာမည်က လှပါတယ်...ဒါပေမယ့်...'

'ဒါပေမယ့်...ဘာဖြစ်လဲ...ရှင့်လိုပဲ လူနဲ့နာမည် မလိုက်ဘူး ပြောမလို့လား...'

ဖြစ်ရတယ်၊ လူနဲ့ နာမည်မလိုက်တာတောင် ကျွန်တော့်ကို ဆွဲထည့်လိုက်သေးတယ်။ 'ရွှေသော့'ဆိုတဲ့ နာမည်ကိုပဲ သဘောကျတယ်လို့ ပြောဖို့ဟာတောင် တွံ့ဆိုင်းသွားရတယ်။ ဟုတ်တယ်လေ။ သူ့မှာက နာမည် အပိုတစ်ခု ရှိတယ်။ ကျွန်တော့်မှာက သူကြိုက်စရာနာမည်အပိုမရှိဘူး။ မွေးသမိခင်၊ ကျေးဇူးသဖခင်တွေက တိုရှေရှားရှားနိုင်စွာနဲ့ ကျွန်တော့်ကို နာမည်တစ်မျိုးတည်း ပေးသွားတယ်။ နှစ်လုံးတည်း။ 'ဩဇာ'တဲ့။ ကျွန်တော် ငြိမ်သွားတော့လည်း ရန်က မအေးပြန်ပါဘူး။ ကျွန်တော့်ကို မသက်သာသလို ကြည့်ပြီး မေးတယ်...။

'ရှင်က ဘာကြံနေလို့ ငြိမ်သွားရတာလဲ'တဲ့။

ငြိမ်တာတောင်မှ အပြစ်က မလွတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



'ဘာမှ မကြံဘူး…ရွှေသော့က ရွှေသော့ပဲလို့ တွေးနေတာ…'

'ရွှေသော့ဆိုတဲ့ နာမည်က ရှင်နဲ့ မဆိုင်ပါဘူးဆို…'

'မရှုတော့ဘူး…အကျင့်ပါနေပြီ'

သူပြောခဲ့တဲ့ စကားမျိုးနဲ့ ပြန်ပြောတာမို့ ကျွန်တော့်ကို မျက်စောင်းလှဲ့လှဲ့ထိုးပါတယ်။

'ရှင်က အကျင့်ပါရအောင် ကျွန်မနဲ့ ဘယ်နှခါ တွေ့ပြီးပြီမို့လဲ…'

'ခုမှ နှစ်ခါလေ…ခင်ဗျားကို မှတ်ဉာဏ်ကောင်းတယ်ထင်နေတာ…'

'အင်းလေ…နှစ်ခါကို ဘာအကျင့်ပါစရာရှိလဲ…'

'ရှိတာပေါ့။ ကိုသိန်းနဲ့ ပြောကြတာက နှစ်ခါမှ မကတာ…'

တမင်ပြောလိုက်တာပါ။ ဒါပေမယ့် ကျွန်တော့်ရွေးချယ်မှုက မှန်ကန်သွားတယ်။ ရွှေသော့ မျက်နှာကလေး လင်းလက်သွားသလိုပဲ…။

'သိန်းပြန်ရောက်ပြီ ဟုတ်လား…'

'ဟုတ်တယ် ရောက်ပြီ'

အဲဒီ နားကြားပြင်းကတ်စရာကောင်းတဲ့ 'သိန်း'ဆိုတဲ့ ခေါ်သံကြောင့် ကျွန်တော်လည်း လေသံပြတ်နဲ့ ဖြေပေးလိုက်တယ်။ သူမကတော့ ကျွန်တော့် လေသံပြတ်နေလား၊ ဆက်နေလားတောင် သတိထားမိပုံ မပေါ်ပါဘူး။

'ရွှေသော့လာသွားတယ်လို့ ပြောတော့ သူဘာပြောလဲ…'

'သူ ကျွန်တော့်ကို မယုံဘူး…မဖြစ်နိုင်ဘူး တဲ့…'

သူမ ခပ်ယဲ့ယဲ့ပြုံးတယ်။

'မဖြစ်နိုင်ဘူးတဲ့လား'

'ဟုတ်တယ်… မဖြစ်နိုင်ဘူးတဲ့၊ ကျွန်တော့်ကိုတောင်မှ စစ်ဆေးနေသေးတယ်'





'ဘာလဲ…သရဲခြောက်ခံရတယ်ထင်ပြီးတော့လား'

'အဲလို မပြောရုံတမယ်ပါပဲ…'

'အင်းလေ…သူထင်မှာပေါ့…'

ကျွန်တော် မျက်မှောင်ကြုတ်ပြီး သေသေချာချာ ကြည့်မိတယ်။ ကောင်မလေးက သရဲနဲ့တော့ မတူပါဘူး။ အတော်လှတာတော့ သေချာပါတယ်။

'ထင်ရအောင် ခင်ဗျားကရော ဘာလဲ…'

'ကျွန်မက ရွှေသော့လေ'

'ရွှေသော့ သေသွားတာ နှစ်,နှစ်ဆယ်လောက် ရှိပြီဆို…'

'ကမ္ဘာပေါ်မှာ ရွှေသော့က တစ်ယောက်တည်း ရှိတာတဲ့လား…'

သူ့အမေးကို ကျွန်တော် ဘာပြန်ဖြေရမှန်း မသိဘူး။ သူ ဘာ အဓိပ္ပာယ်နဲ့ မေးတာမှန်းလည်း ကျွန်တော် မသိဘူး။ ကမ္ဘာပေါ်မှာ ရွှေသော့က နှစ်ယောက်ရှိတော့ကော သူက ကိုသိန်းရဲ့ ရွှေသော့ ဖြစ်လာမှာမှ မဟုတ်တာ။ ဒါကြောင့် ကျွန်တော် ပြောလိုက်မိတယ်။

'နှစ်ယောက်ရှိတော့လည်း ရွှေသော့တစ်နဲ့ ရွှေသော့နှစ်ပဲ ဖြစ်မှာပေါ့၊ အဲဒီရွှေသော့နှစ်ယောက်က တစ်ယောက်တည်းမှ မဟုတ်တာ…'

သူမ ကျွန်တော့်ကို ဇဝေဇဝါလေး ကြည့်တယ်။ ပြီးမှ တစ်ကိုယ်တည်း ရေရွတ်သလို ပြောတယ်။

'တစ်ယောက်တည်းတော့ တစ်ယောက်တည်းပါပဲ…တစ်ဘဝတည်းပဲ မဟုတ်တာ…'

'ဘာ…ဘယ်လို…'

ကျွန်တော် အူတူတူ ဖြစ်ချင်သွားရတယ်။ ကျွန်တော့်အမေးကိုတော့



www.burmeseclassic.com

www.burmeseclassic.com



ရွှေသော့က မဖြေပါဘူး။

'ရှင် နားလည်ဦးမှာ မဟုတ်ပါဘူး'တဲ့။

ပြီးတော့မှ စကားဆက်တယ်။

'သိခ်က ခု မျက်မှန်တပ်ရလား'

'ဟင့်အင်း...'

'တော်သေးတာပေါ့...ဒီလောက်ထိ ခံတာ...'

ဒါလည်း သူ့ဟာသူ ပြောတာပဲလား မသိဘူး။ ကျွန်တော်ဖြင့် နားကို မလည်တာ။

'ဘာလဲ...ဘာကို ပြောတာလဲ...'

'သိခ်မျက်စိလေ...'

'ဘာဖြစ်လို့လဲ...ကိုသိခ်မျက်စိက ဘာဖြစ်လို့လဲ...'

'ခုထိကောင်းတုန်းပဲ...'

'ဘာဖြစ်လို့လဲ...အကောင်းကြီးကို...'

"သူ...ကိုက်တာခဲတာရော ရှိလား၊ ဟိုလေ မျက်ရိုးကိုက်တာ၊ မျက်လုံး ကိုက်တာ ရှိလား...'

'မသိဘူး'

တကယ်မသိတာရော၊ စိတ်ရှုပ်တာရော ပေါင်းသွားတော့ လေသံက မာချင်သွားရတယ်။ ဒါကို သတိပြုမိသွားပုံရတဲ့ မရွှေသော့က မျက်စောင်း ထိုးတယ်။

'နေဦး၊ လိုရင်းမေးမယ်...'

ဟင်... ဖြစ်ရတယ်။ သူ့ဘာသာသူ မေးချင်ရာတွေ မေးနေခဲ့ပြီး ကျွန်တော်က မသိတော့မှ လိုရင်း မေးမယ်တဲ့။ စောစောကတည်းက လိုရင်း မေးပါတော့လား...။





'ဘာလဲ...'

'ရှင့်အခန်းက ဘယ်မှာလဲ...'

'S-23'

'ကျွတ်...ဒုက္ခပဲ...တစ်ဝဂ္ဂကြီး...'

'ဟင်...ဖြစ်ရတယ်...'

ကြည့်ပါဦး။ သူများအခန်းကို ပြောပုံများ တစ်ဝဂ္ဂတဲ့။ အင်းလေ သူ ပြောတာကလည်း မှားမှမမှားတာ။ ဒီသီရေတာတွေက ဝင်ပေါက် ထွက် ပေါက် တစ်ခုတည်း ရှိတာကိုး။

'ဒါ...မင်းရဲ့ လိုရင်းလား...'

'အံမယ်...'

ဒါမျိုးကျ နားလည်ပြီး ရက်တယ်သား။ ကျွန်တော့်ကို လက်သီးဆုပ်နဲ့ ရွယ်တယ်။ ထုလိုက်ရပေါ့။ ကျွန်တော်လည်း ဘဝမှာ တစ်ခါမှ မခံရဖူး တော့ ခံကြည့်ချင်သားပဲ။ ဒါပေမယ့် သူမက မထုပါဘူး၊ ရွယ်ရုံပဲ ရွယ် တယ်။

'ဒီမှာ ဘဝင်မြင့်မနေနဲ့၊ ရှင့်အခန်း သိထားရင် ကျွန်မက သိခ်သတင်း လာလာမေးလို့ ရမယ် ဒါပဲပေါ့...'

ပြောပုံက...။ ဘယ်ရမလဲ။ ကျွန်တော်ကလည်း ဩဇာပဲ။ ..။

'ဘယ်ရမလဲ...ကျွန်တော်က information တွေကို အသကား မပေး တတ်ဘူး...'

သူမ မျက်စောင်းလှဲ့လှဲ့ ထိုးပါတယ်။ ပြီး မဲ့ပြုံးလေးတစ်ချက်ပြုံးပြီး ပြောတယ်။

'ရပါတယ်...တန်ရာတန်ကြေးပေါ့...'တဲ့။



www.burmeseclassic.com

www.burmeseclassic.com



တကယ်က သူမဆိုတဲ့ ရွှေသော့ရဲ့ မျက်စောင်းတစ်ဝင့်၊ အကြည့်တစ်ချက်နဲ့တင် တန်ကြေးက ထိုက်နေပါပြီ။ ထူးတော့ ထူးပါတယ်။ သူမရဲ့ ရွှေအိုရောင် အကြည့်တွေထဲမှာ ဘာလို့မှန်း မသိဘူး၊ ဩဇာဆိုတဲ့ကောင် ဩဇာမဲ့မဲ့သွားရတတ်တယ်။ ကြည့်ရတာ နက္ခတ်တွေ ပြောင်းနေပြီ ထင်ပါရဲ့။





(ဃ)

ရွှေသော့နဲ့ တွေ့ခဲ့တာကို ကိုသိန်းကို ပြန်ပြောပြရင် ကောင်းမလား စဉ်းစားရတာ ကမ္ဘာပေါ်က အခက်ဆုံး ပုစ္ဆာတစ်ပုဒ်ကို စဉ်းစားရသလိုပါပဲ။ အဖြေမထွက်ဘူး။ နောက်ဆုံးတော့ သူမေးမှပဲ ဘာမှမဖြစ်လေဟန် မေ့နေဟန်နဲ့ ဖြေလိုက်တော့မယ်လို့ တွေးမိတယ်။

ကိုသိန်း ကြည့်ရတာလည်း ဘာမှမှန်းလို့ မရပါဘူး။ ခုတလော စောစောထ လမ်းလျှောက်တာတောင် မလုပ်တော့ဘူး။ အသက်အရွယ်အရ တည်ငြိမ်တာ ဆိုရင်တော့ ကျွန်တော် မအံ့ဩပါဘူး။ ရင်ထဲက ခံစားချက်ကို သိုဝှက်ထားနိုင်လွန်းတာ၊ ထိန်းချုပ်နိုင်လွန်းတာဆိုရင်တော့ ကျွန်တော် အံ့ဩချင်တယ်။ ဟုတ်တယ်လေ၊ ကျွန်တော်က ခံစားချက်ကို ထိန်းချုပ်ရတာကို မုန်းတယ်။ ဒါက အတိုင်းအတာတစ်ခုထိပဲ ကောင်းတာလေ။ အတိုင်းအတာကို လွန်သွားရင် ရင်ထဲမှာ ဒဏ်ဖြစ်တတ်တယ်လို့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



က သိထားတယ်လေ...။

တစ်ညနေမှာ ညီညီက ဘာကို တွေးမိတယ်မသိဘူး။ ကျွန်တော့်ကို ပြောလာတယ်။

'ဩဇာ...'

'ဘာလဲ...'

'ငါတို့ ကိုသိန်းကို ခေါ်ပြီး တစ်နေရာရာသွားရအောင်'

'ဘယ်နေရာလဲ...ဘာလုပ်ဖို့လဲ'

ခါတိုင်းလည်း ကျွန်တော်တို့ သုံးယောက်က အားရင်အားသလို ရုပ်ရှင်ထွက်ကြည့်တာ၊ စတိတ်ရှိုးသွားတာ၊ တစ်ခုခုထွက်စားတာ လုပ်တတ်ပါတယ်။ ဒါတောင် မလုပ်ဖြစ်တာ အတော်ကြာသွားပြီဆိုတာ ညီညီ ပြောမှ သတိရတယ်။

'နေရာကတော့ မင်းစဉ်းစားကွာ...'

'ရုပ်ရှင်မကြည့်ချင်ဘူး'

'ဒါဆို တစ်ခုခု သွားစားပြီး ပြန်တာပေါ့'

ညီညီက ကျွန်တော့်ရဲ့ မတက်ကြွမှုကို ကြည့်ပြီး စိတ်ပျက်လက်ပျက် ပုံနဲ့ ပြောပါတယ်။ အမှန်က ကျွန်တော်လည်း ပျင်းနေတာပါ။ ဘာလုပ်ရမလဲ စဉ်းစားနေတုန်း ညီညီက အဆိုတင်သွင်းလာတာ ဖြစ်တယ်။

'ဒါဆို...မင်း...ကိုသိန်းကို သွားခေါ်လေ...သူအားရဲ့လားလို့...'

ကျွန်တော့်စကားအဆုံးမှာ ညီညီက တစ်ဖက်ခန်းကိုထကူးသွားတယ်။ ကျွန်တော်ကတော့ အတွေးနယ်ချဲ့နေမိတယ်။ ကျွန်တော်တို့ တစ်နေရာရာ တစ်ခုခု သွားစားကြရင်း စကားတွေ ပြောကြရင်...။ ရွှေသော့ အကြောင်းပါလာခဲ့ရင်...။ ဘယ်လိုဖြေရရင် ကောင်းမလဲ ဆိုတာတွေပေါ့။ ညီညီ့ကို





တောင်မှ ကျောင်းမှာ ရွှေသော့နဲ့ တွေ့တာ မပြောပြမိသေးဘူး။ မဆက်စပ်တာရော...။ ညီညီက ရွှေသော့နဲ့ သက်ဆိုင်သူ မဟုတ်တာကြောင့်ရော...။

'မြန်မြန်လုပ်...ဩဇာ...ကိုသိန်းက အဆင်သင့်ပဲတဲ့'

'ဟင်...မြန်လိုက်တာ...'

'မြန်ဆို...သူက ဘယ်သွားရကောင်းမလဲ စဉ်းစားနေတာကိုး...'

'အဲဒီထဲမှာ ငါတို့နဲ့ အပြင်ထွက်ဖို့ စူညေ မပါဘူး မဟုတ်လား'

'အရေးထဲ...ဩဇာ...မင်း ဘဝပြောင်းသွားပြီလား၊ ဒါယောက်ျားတွေ အလုပ်မဟုတ်ဘူး...မိန်းမတွေ အလုပ်...'

ညီညီ့စကားကြောင့် ကျွန်တော် ရှက်သွားမိတယ်။ ကျွန်တော်က ကိုသိန်းကို တခြားဘာတွေ လုပ်ချင်နေလဲ မသိဘူး။ ဥပမာ ရွှေသော့ကိုများ ရှာဖို့ ထွက်မလို့လား စသဖြင့် တွေးပေးထားတဲ့သူဆိုတော့ ဒီစကားမျိုး ထွက်သွားမိတာပါ။ ကြားရသူအဖို့ကတော့ နားကြားပြင်းကပ်စရာပေါ့။

ကျွန်တော် ဖြေရှင်းနေမှ ရှုပ်မှာစိုးတာနဲ့ အဝတ်ထလဲပြီး လိုက်ခဲ့လိုက်တယ်။ Taxi ပေါ်ရောက်တော့မှ မေးရတယ်။

'ဘယ်သွားမှာလဲ'

'feel ကိုလေ...'

'ကောင်းသားပဲ...'

ကျွန်တော်တို့ ကားပေါ်မှာ အန္တရာယ်ကင်းတဲ့အကြောင်းအရာတွေကို ပြောဖြစ်ကြတယ်။ ခုတလော အအေးပေါ့လာတာ။ လွန်ခဲ့တဲ့ နှစ်ရက်က အချိန်မဟုတ်ဘဲ မိုးရွာချတာ။ ကျွန်တော်တို့ လမ်းထဲက ယောကျ်ားလျာ မလေး ယောက်ျားနောက် လိုက်ပြေးသွားတာ စသဖြင့်ပေါ့။ ဘာမှ အရေးမရ အဖတ်မရတဲ့ စကားတွေကို Taxi မောင်းတဲ့သူ ပါဝင်ပြောနိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



အလုအယက် ပြောဖြစ်ကြတယ်။

feel ရောက်လို့ ထမင်းစားတော့မှ စကားက လမ်းကြောင်း ပြောင်းသွားတယ်။ ငါးသလဲထိုးကို ကြွပ်နေအောင် ကြော်ထားတဲ့ ငါးကြော်ကို ဝါးရင်း ကိုသိန်းက စကားတစ်ခွန်းကို ဆိုတယ်။

'ရွှေသော့က ငါးသလဲထိုးကြော် ကြိုက်တယ်'တဲ့။

သူပြောပုံက အသိမဲ့သလို မဟုတ်ဘူး။ သိသိမိမိကြီးကို ပြောတာ။ ရွှေသော့နဲ့ သိပ်ရင်းနှီးကျွမ်းဝင်မှု မရှိတဲ့ ညီညီက ကျွန်တော့်ကို မျက်စပစ်ပြတယ် ဘာလဲ ပေါ့။ ကျွန်တော့်မှာသာ ဒုက္ခရောက်တာပါ။ အင်း...ဟုတ်လားလို့ပဲ follow လိုက်ရမလား၊ မသိသလို လုပ်နေရမလား မသိတာပါပဲ။ ဘာကိုမှ သိပ်သိမထားတဲ့ ညီညီကတော့ မသိမသာကနေ သိသိသာသာ မေးပါတော့တယ်။

'ဘယ်က ရွှေသော့လဲ...ကိုသိန်း...'

'ဟိုတစ်ခါ ကိုသိန်းကို လာရှာတယ်ဆိုတာရော ငါတောင် မင်းကို ပြောပါသေးတယ်။ အံ့ရော...ရွှေသော့တဲ့...ဆိုတာလေ...'

'သြော်...မှတ်မိပြီ...မှတ်မိပြီ...'

ဟုတ်မဟုတ် မသိဘူး။ ညီညီက အတင်းကို မှတ်မိပစ်လိုက်တော့တာပဲ...။ ဒါပေမယ့် ကိုသိန်းက ဝင်ငြင်းတယ်။

'မဟုတ်ဘူး။ အဲဒီရွှေသော့ မဟုတ်ဘူး...'

'ဒါဖြင့် ဘယ်က ရွှေသော့လဲ...'

'အရင်က ကိုယ့်သူငယ်ချင်း ရွှေသော့...'

'အဲဒီကောင်မလေးကလည်း ရွှေသော့...ကိုသိန်းသူငယ်ချင်းကလည်း ရွှေသော့ ဟုတ်လား...အံ့ရော...'





ညီညီက အံ့သြပုံနှင့် ပြော၏။ ကျွန်တော်ကတော့ ဒီရွှေသော့ဆိုသော နာမည်ကို မအံ့သြတော့ပါ။ ကျွန်တော် ခုမှ တအံ့တသြသိရတာက သူ ပြောခဲ့တဲ့ မရှိတော့ဘူး ဆိုတဲ့ 'ရွှေသော့'ဟာ သူ့သူငယ်ချင်းဆိုတာပင်...။

'ရွှေသော့က ကိုသိန်းသူငယ်ချင်း...'

'ဟုတ်တယ်၊ ဆုံးသွားတဲ့ ရွှေသော့ကို ပြောတာ'

'အခု ရွှေသော့ကလည်း ကိုသိန်းကို ရှယ်တူသူငယ်ချင်းလို သဘောထားနေပုံပါပဲ...'

ကိုသိန်းအကြည့်တွေက တစ်မျိုးဖြစ်သွားတယ်။ ပြီးမှ...

'မင်း...သူနဲ့ ထပ်တွေ့သေးလား...ဩဇာ...'

'ဟုတ်တယ်...ကိုသိန်း...ကျွန်တော် မေ့နေတာနဲ့ ခုမှ စကားစပ်မိပြီး ပြန်တွေးမိလို့...'

ကိုသိန်း ကိုင်ထားတဲ့ ခက်ရင်းနဲ့ ဇွန်းကို လွှတ်ချလိုက်ပြီး ဩဇာ လက်မောင်းကို လှမ်းကိုင်တယ်။

'ဘယ်မှာတွေ့တာလဲ ဩဇာ...ပြောစမ်းပါဦး...'

'ကျောင်းမှာ...'

'မင်းတို့ကျောင်းမှာ...သူက...'

'ဘာတက်လဲတော့ မသိဘူးကိုသိန်း၊ ဖြစ်နိုင်တာက ဒီပလိုမ၊ တစ်ခုခုပဲဖြစ်မယ်...'

'ထားပါ...သူ့ကို အမြဲတွေ့လား'

'အမြဲ...မတွေ့ပါဘူး၊ တစ်ခါလား တွေ့တာ...တစ်ခုတော့ ရှိတယ်...'

'ဘာတဲ့လဲ...ဘာတစ်ခုလဲ...'

ကိုသိန်းကိုယ်စား ညီညီက ဝင်မေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



'သူက ကျွန်တော့်အတန်းကို မေးသွားတယ်...'

'ဘာလုပ်ဖို့လဲ...'

ကိုခ်ိက အားတက်သရော ကြည့်နေဆဲ ညီညီက မယုံသင်္ကာသလို မေးတယ်။

'အတန်းသိထားတော့ သိခ်ိအကြောင်း လာမေးလို့ရတာပေါ့ တဲ့'

'သိခ်ိ...တဲ့...ဟုတ်လား...ကိုသိခ်ိကို ခေါ်တာ...'

ခုမှ ကြားဖူးတဲ့ ညီညီက တအံ့တသြ...။

'ဟုတ်ပ...ငါတောင် မနေနိုင်မထိုင်နိုင် ပြောလိုက်သေးတယ်။ ဒါပေမယ့် ငတိမလေးက ဘာပြန်ပြောတယ်မှတ်လဲ...'

'ဘာပြောလဲ...'

'မရတော့ဘူး...အကျင့်ပါနေပြီ...တဲ့'

'အကျင့်ပါနေပြီ...ဟုတ်လား...ကိုသိခ်ိငယ်သူငယ်ချင်းလား'

'မဟုတ်ဘူး'

ဒါကို ဝင်ဖြေတာက ကိုသိခ်ိကိုယ်တိုင်ပါပဲ...။

'ဟင်...စောစောက ပြောတော့ သူငယ်ချင်းဆို...'

'သူငယ်ချင်းဆိုတာက အရင်က ရွှေသော့ကို ပြောတာ ခုရွှေသော့တော့ ငါမသိဘူး'

မသိဘူးသာ ပြောတာ။ သူ့မျက်နှာက သူသိတာ ယုံကြည်တာတွေကို ဖော်ပြနေသလိုပဲ။

'ဒါဆို ခုကောင်မလေးက ဘာလဲ ကိုသိခ်ိ'

ကျွန်တော် တမင်တကာပဲ မေးလိုက်ပါတယ်။ ကိုသိခ်ိ ချက်ချင်း မဖြေနိုင်ဘူး။ အဖြေရခက်နေတာ၊ အဖြေရ ကျင်မနေတာမျိုး မဟုတ်ဘူး။





ဘာဖြေရမှန်းကို မသိတာ ဖြစ်ပုံပဲ။ အချိန်တချို့ကို ဖွဲ့စားပြီးမှ သူက အဖြေပေးတယ်။

'ရွှေသော့တကယ်ပြန်လာတာလား မသိဘူး...'တဲ့။

သူ့ရဲ့ အဖြေစကားမှာ တုန်လှုပ်သွားရတာက သူကိုယ်တိုင်တင်က ပုံ မပေါ်ပါဘူး။ ကျွန်တော်နဲ့ ညီညီပါ ပါပုံရတယ်။ ဒါဆို ရွှေသော့ဟာ သေပြီးမှ ပြန်လာတယ်ဆိုတဲ့ သဘောပေါ့။ ဒီလောကမှာ သေပြီးမှ ပြန်လာတာဟာ ဝိညာဉ်မဟုတ်ရင် လူဝင်စားပဲဖြစ်ဖို့ ရှိတော့တာပေါ့။ ဒါမျိုးက ကြားဖူးနားဝသာ ရှိတာ၊ စာအုပ်တွေထဲမှာတင် ဖတ်ဖူးတာ။ တကယ်လက်တွေ့မှာက တစ်ခါမှ မတွေ့ဖူးသေးဘူး...။

'ဒါ...ဒါဆို...'

အရေးထဲ ညီညီက စကားထစ်နေသေးတယ်။ ဒါကြောင့် ကျွန်တော်ကပဲ ပုံမှန်လေသံနဲ့ ထိန်းမေးလိုက်တယ်။

'ဒါဆို ရွှေသော့ဆိုတာက ပြန်ဝင်စားပြီး မွေးလာတာမျိုးပေါ့'

'အင်း...'

ခုနက ပြန်လာတာလား မသိဘူးလို့ ဇဝေဇဝါလေသံနဲ့ ဖြေခဲ့တဲ့ ကိုသိခ်ိက ခုတော့လည်း 'အင်း'တဲ့။ အတိအကျ အခိုင်အမာကြီး...။

'ကိုသိခ်ိက အဲဒီဖြစ်စဉ်တွေကို လက်ခံလို့လား...'

'လက်ခံပါတယ်...လက်ခံတယ်...'

'လက်ခံတယ်ဆိုတာက...'

'အဲဒီ reincarnation process ကို ပြောတာ...'

'စာအုပ်တွေအရလား၊ မြင်တွေ့ရမှုကော ရှိသလား'

ကျွန်တော့်မေးခွန်းက interviewer များ ဆန်လာသလား မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



ညီညီက ထပ်တွေတွေ ပြုံးပြီး လှမ်းကြည့်တယ်။

'စာတွေ့ရော...လက်တွေ့ရော ဆိုပါတော့။ ဘာလို့လဲဆိုတော့ ဒီ reincarnation ကို ဗုဒ္ဓဘာသာအရတင် လက်ခံထားတာ မဟုတ်ဘူး၊ သိပ္ပံပညာကလည်း လက်ခံထားတယ်...'

'ဟုတ်တယ်အစ်ကို...ကျွန်တော်တို့ သင်နေရတဲ့ စာတွေကိုတောင် ပါမောက္ခက တစ်ခါတလေ Buddhism နဲ့ တွဲတွဲပြတယ်၊ ဥပမာဗျာ... Quartz တွေ သင်ရင်း ရုပ်ပြစ်ရှစ်ပါးတို့ Tao တို့ ရှိချင်းတို့ထဲက ပါကွ...ဖြင့်ကွက်တို့နဲ့ compare လုပ်ပြရှင်းပြတာမျိုး...ပြီးတော့ ဒီ molecules တွေရဲ့ ရွေ့လျားမှု... ဒါဟာ reincarnation ဖြစ်စဉ်ကို အခြေခံကျကျ ရှင်းပြလို့ ရတယ်လို့ ပြောဖူးတယ်...'

'ဒါပေါ့...'

အလကားနေရင်း ကျွန်တော်တို့ စကားဝိုင်းက ရွှေသော့ထံမှ ရွေ့လျောသွားခဲ့ရသည်။ သိပ္ပံ၏ သဘောတရား၊ Buddhism ၏ အနှစ်သာရ ရှာဖွေတွေ့ရှိပြီဟု သက်သေပြနိုင်ခဲ့ပြီဖြစ်သော အချက်တချို့၊ Zen Buddhism အကြောင်း၊ Taoism အကြောင်း၊ Hinduism အကြောင်း စုံနေတော့သည်။ ကြာလာတော့ ညီညီက မျက်မှောင်ကြုတ်ကာ ခေါင်းခါ၏။ ဒါကို ကျွန်တော်က နားလည်သော်လည်း ကိုသိန်းက နားမလည်။

'ဘာဖြစ်လို့လဲ ညီညီ...'

'ဩော်...သေး စင်ထွက်နေတာ များလို့ပါ...'

'မင်းက အနှစ်မှ မသိတာကိုး...'

ကျွန်တော်က ကိုသိန်းကို အားနာ၍ ဝင်ပြောလိုက်ရသည်။ ညီညီက ရယ်သည်။





'အနှစ်...ဟုတ်လား၊ အဲဒီအနှစ်က ငါနဲ့လည်း မဆိုင်ပါဘူး။ ငါက လေ့လာသူသက်သက်ပါ။ ဒါပေမယ့် လောလောဆယ်စကားလမ်းကြောင်းက လိုရင်း မရောက်လို့ ပြောနေတာ...'

ထိုအခါကျမှ ကိုသိန်းက သဘောကျစွာ ရယ်၏။

'ကဲပါ... လိုရင်း ပြောပြပါ့မယ်။ ခက်တာက 'လူ'ဆိုတာကလည်း ဇဝေဇဝါနဲ့သိပ်ပြီး ပြတ်သားတတ်တဲ့ သတ္တဝါတွေမှ မဟုတ်တာ။ ခုပဲ ကြည့်၊ သိပ္ပံနဲ့ရော၊ ဘာသာတရားနဲ့ရော၊ အတွေ့အကြုံနဲ့ရော၊ အားလုံး ယှဉ်ထိုးဆုံးဖြတ်ချင်သေးတာလေ...'

'ဟုတ်ပါတယ်...'

'ရွှေသော့က မသေချင်...ငါ့ကို မှာသွားတယ်၊ 'သိန်းဆီ ဆက်ဆက်ပြန်လာခဲ့ပါမယ်...တဲ့'

တကယ်တော့ ဒါဟာ လိုရင်း အဖြေတစ်ခု မဟုတ်သေးပါဘူး။ ဒါပေမယ့်...စဉ်းစားစရာတော့ ရသွားတာပေါ့။ ရွှေသော့ဟာ တကယ်ပဲ ပြန်လာတာလားပေါ့။ တစ်ခါတစ်ခါကျ အဲလို အပြစ်ကင်းတဲ့ ပုစ္ဆာတွေနဲ့ နေရတာ ပျော်စရာကောင်းပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



(၄)

တစ်ဘဝခြားသွားတဲ့ ထိ၊ ကတိအတိုင်း ကိုသိန်းဆီ ပြန်လာတယ် ဆိုတာ နည်းတဲ့ သံယောဇဉ်၊ အစွဲအလမ်းမှ မဟုတ်တာ။ ဒါဆို ရွှေသော့နဲ့ ကိုသိန်းက ဘာလဲ။ မောင်နှမတွေတော့ မဟုတ်တာ သေချာတယ်။ ဘာလို့လဲဆိုတော့ သူ့ဆီက သူ့မိသားစု Album တွေထဲမှာ ကောင်မလေး တစ်ယောက်မှ မတွေ့ဖူးတာ သေချာတာကိုး။ ဒါဆို ဘာလဲ...။ ချစ်သူတွေလား၊ ဒါလည်း မသေချာဘူး။ ခုခေတ်သာ ၁၄/၅နှစ်လောက်နဲ့ စိတ်တွေကစားကြတာ။ ကိုသိန်းတို့ခေတ်လောက်ကဆို ဒီအရွယ်က ဆော့ကောင်းတုန်း။ သူတို့ဘာသာသူတို့တောင် မသိလိုက်တဲ့ ချစ်ခြင်းမေတ္တာများလား၊ ဘုရား...ဘုရား...။ ဒါဆိုရင် သေချာတာက ရွှေသော့ဟာ ကိုသိန်းဆီကို ချစ်ခြင်းတွေနဲ့ ပြန်လာတာပေါ့။

အတွေးနဲ့အတူ ကျွန်တော့်ရင်တွေ ဟင်းလင်း ပွင့်ထွက်သွားသလို





ခံစားလိုက်ရတယ်။ ဟာတာတာကြီး။ တကယ်ဆို ဘာဆိုင်လို့လဲ။ ဘာမှ မဆိုင်ဘူး၊ စတွေ့တည်းက 'သိန်ရော'လို့ မေးပြီး ရောက်လာတဲ့ မိန်းကလေးကို ကျွန်တော် ဘာမှ လက်ခံတွေးတောစရာအကြောင်း မရှိဘူး။ ဒါပေမယ့် အံ့ဩစရာပဲ။ ခုမှ သေချာသွားတယ်။ ကျွန်တော့်ရင်ထဲမှာ သော့ကလေး တစ်ချောင်း ရှိနေတယ်။

ခက်တာက အဲဒီသော့ကလေးက ပိုင်ရှင်ရှိရာကို လာတာ။ အဲဒီပိုင်ရှင်ကလည်း ဒီဘဝက ပိုင်ရှင်မဟုတ်ဘူး။ အရင်ဘဝကတဲ့။ ကျွန်တော် မျက်စိစုံမှိတ်ငြင်းပစ်လိုက်ပြီး ဒီသော့ကလေးကို ကောက်သိမ်းရအောင်ကလည်း မဖြစ်...။

'ဩဇာ...'

အနားမှာ လာကပ်ခေါ်တဲ့ ကိုသိန်အသံကြောင့် ကျွန်တော် ဆတ်ခနဲ ဖြစ်သွားရတယ်။ ဖြစ်မှာပေါ့။ တွေးနေတာကိုက သူနဲ့ သူ့ရဲ့ ရွှေသော့လေး အကြောင်းကိုး...။

'လာ...ကိုသိန်...ထိုင်...'

ကျွန်တော့်အိမ်ထဲမှာ ဆိုတော့ ကျွန်တော်က ဧည့်ခံရတယ်။ ကျွန်တော်က ခုတင်ပေါ်မှာ မှောက်လျက်သား တွေးနေတာ။ သူရောက်လာတော့ ထထိုင်ပြီး နေရာပေးရတယ်။

'ရတယ်...ဩဇာ...မင်းဟာက အိပ်နေတာလား'

'မဟုတ်ဘူး။ မှောက်စဉ်းစားတယ်၊ လှန်စဉ်းစားတယ်ဆိုတာ ကြားဖူးတယ် မဟုတ်လား၊ ကျွန်တော် practical ဆင်းကြည့်နေတာ...'

'မင်း မှောက်လှန်စဉ်းစားနေရလောက်အောင် မင်း professor ကမင်းကို ဘာတွေများ စားလိုက်ပြန်ပြီလဲ...'



www.burmeseclassic.com

www.burmeseclassic.com



'မစားပါဘူး...တခြားအကြောင်းပါ'

'အံ့မယ်...တယ်ဟုတ်ပါလား...ဘယ်လိုအကြောင်းလဲ...'

'ကောင်မလေးတစ်ယောက်အကြောင်း...'

'ဟ...ဟုတ်လှချည်လား'

ကျွန်တော့်စကားကြောင့် ကိုသိန်း တအံ့တဩနဲ့ ချီးကျူးတယ်။ အဲဒီကောင်မလေးက 'ရွှေသော့'ဆိုရင် သူဒီလို ထောပနာပြုနိုင်ပါ့မလား စဉ်းစားစရာပဲ။

'ဒီလိုပါပဲ ကိုသိန်းရာ...ဒီအရွယ်ကျမှ အမြီးမပေါက်ရင် ဘာမျောက်လဲ ဖြစ်သွားမှာပေါ့၊ ကိုသိန်းလည်း ပေါက်ခဲ့တာပဲ မဟုတ်လား...'

ကိုသိန်းက ရယ်တယ်။

'ပေါက်လား မပေါက်ခဲ့ဘူးလားတောင် မသိတော့ပါဘူး ဩဇာရာ...' တဲ့။

သူ့စကားက ဘာအဓိပ္ပာယ်လဲ။

ခုထိ သူ့ဘာသာသူ အမြီးပေါက်မပေါက် မသိသေး၊ အချစ်ကို မတွေ့သေးတာလား၊ ဒါမှမဟုတ် ပေါက်နေတာကို မသိလိုက်လို့ နောက်ကျသွားတာလား။ ဘာမှန်းကိုတော့ သူကိုယ်တိုင်မှ သိမှာပါပဲ။

'ကိုသိန်းက ချစ်ရမယ့်သူ မရှိဘူးပေါ့...'

'ချစ်ရမယ့်သူ ဟုတ်လား...'

'အင်းလေ...'

'ရှိတာပေါ့...'

'ဟုတ်လား...ဒါဆို ဘာလို့ ခုထိ မယူသေးတာလဲ'

'ယူလို့မှ မရတာ...'





'အိမ်က သဘောမတူလို့လား...'

'မဟုတ်ဘူး...ဆုံးသွားတာ...'

'ဗျာ...'

ကျွန်တော် သတိထားနေတဲ့ကြားက အာမေဋိတ်တစ်ခု ထွက်ကျသွားတယ်။ ကိုသိန်းကတော့ ကျွန်တော် တအံ့တဩဖြစ်သွားလို့လို့ ထင်မှာပဲ။ အမှန်က ကျွန်တော် အလန့်တကြား ပေါက်ထွက်သွားတာ။ သွားပြီလေ၊ ဆုံးသွားတယ်ဆိုကတည်းက 'ရွှေသော့'ပဲပေါ့။ 'ရွှေသော့'ကလည်း ဘယ်လောက်တောင် ချစ်နိုင်တယ် မသိဘူး။ ဒီဘဝထိ လိုက်လာတယ်၊ ဒီကြားထဲ ကျွန်တော်နဲ့ ဘယ်ဘဝက ရေစက်ပါလာမှန်း မသိတာက ခက်တယ်။ မဆီမဆိုင် ကျွန်တော်နဲ့ လာတွေ့ပြီး ခု ကျွန်တော့်အာရုံတွေ သော့ပိတ်ခံထားရပြီး သူမကလေးဆီမှာ အကျဉ်းကျနေရပြီ။ ဘာလို့လဲ။ ဘာလို့ ဒီလိုဖြစ်ရတာလဲ။

'ဘာလို့ ဆုံးသွားတာလဲ ဆိုတော့...'

ကိုသိန်းက သူ့ခံစားချက်နဲ့သူ စကားဆက်တယ်။ ကျွန်တော်ကလည်း ကျွန်တော့်ခံစားချက်နဲ့ကျွန်တော် မကြားချင်မိဘူး။ တုံကျိဘာဝေ ဖြစ်နေမိတယ်။

'သူက သွေးကင်ဆာ ရောဂါသည်လေ...'

ကြားဖူးနားဝနဲ့ ရုပ်ရှင်တွေထဲက ဇာတ်ကောင် 'သွေးကင်ဆာ'က ရွှေသော့ကို သေစေခဲ့တာတဲ့လား။ ကျွန်တော် သက်ပြင်းမွှမွှကို ချမိတယ်၊ ကိုသိန်းကတော့ ဆက်ပြောတုန်းပဲ။

'ခုဆို... ငြိမ်း...ဆုံးတာ ခြောက်နှစ်တောင် ကျော်ခဲ့ပြီ'

'ဗျာ...ဘယ်လို...'



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ 'ဗျာ' ကတော့ တကယ့်အံ့ဩတာပါ။ သူပြောနေတာကို 'ရွှေသော့'လို့ တပ်အပ် ထင်ထားတဲ့ ကျွန်တော် လည်ထွက်သွားတယ်။ 'ငြိမ်း'တဲ့။ '၆'နှစ်ကျော်ပြီတဲ့။ ကိုသိန်းပြောခဲ့တုန်းက ရွှေသော့ဆုံးတာ နှစ်နှစ်ဆယ်လောက် ရှိပြီတဲ့။ ဒါဆို ကိုသိန်းချစ်ခဲ့တယ်ဆိုတာ ရွှေသော့ မဟုတ်ဘူးပေါ့...။

'ဟုတ်တယ်...ငြိမ်းဆုံးတာ ကြာခဲ့ပြီ...'

'ငြိမ်းဆိုတာ...ကိုသိန်းချစ်သူလား'

'ဟုတ်တယ်...'

'ဒါ...ဒါဆို...ရွှေသော့က...'

ကိုသိန်း မျက်လုံး ပြူးသွားတယ်။

'ဘယ်လို...'

'ရွှေသော့ကို မေးတာ၊ ရွှေသော့နဲ့ ကိုသိန်းက ဘာလဲ...'

'အရင်က ရွှေသော့နဲ့ ငါနဲ့က နှီးစို့ဖက်...'

'အဲ...'

သုံးနှုန်းပုံကိုလည်း ကြည့်ပါဦး။ အရင်က 'ရွှေသော့'တဲ့...။ ခု 'ရွှေသော့' နဲ့ အရင်က 'ရွှေသော့'ကို ကျွန်တော်ကသာ တစ်ယောက်တည်းလို့ မြင်ပြီး ကြေကွဲနေတာ။ သူကတော့ ခုထိ ခွဲထားတုန်း ရှိပုံပဲ။

'ဟုတ်တယ်...ရွှေသော့က ငါ့ထက် ခြောက်လလားပဲ ငယ်တယ်... သူ့အမေက သူ့ကို မွေးပြီးပြီးချင်း ဆုံးသွားတော့ ရွှေသော့ကို ငါ့အမေက သမီးလိုပဲ နို့တိုက်မွေးခဲ့ရတာ၊ ငါတို့နှစ်ယောက်က ဘာမှသာ မတော်တာ အရမ်းချစ်ကြတယ်...'

အရမ်းချစ်ကြတယ်ဆိုတဲ့ အချစ်က ဘာအချစ်လဲ။ မောင်ချစ်နှမချစ်





လား၊ ဒါမှမဟုတ် ကိုယ်တိုင် မဆန်းစစ်ကြရသေးတဲ့ အရွယ်က အချစ်လား...။ ကျွန်တော် ဇဝေဇဝါ တွေးနေမိပြန်တယ်။

'ငါက ကံမကောင်းဘူး'

ကိုသိန်းက ကျွန်တော့်ညာခြေ့ခန်းနံရံပေါ်မှာ ချိန်ထားတဲ့ Lucky Stone ပန်းချီကားကို ကြည့်ငေးရင်း ပြောတယ်။

'ကံမကောင်းဘူး...ဘာကို ဆိုလိုတာလဲ...ကိုသိန်း...'

'ငါ...သံယောဇဉ်ရှိတဲ့ သူတိုင်းဟာ ငါနဲ့ ကြာကြာမနေကြရတတ်ဘူး...'

'ကိုသိန်းက ရွှေသော့နဲ့ ဟို မငြိမ်း ဆိုတဲ့ တစ်ယောက်ကို ပြောတာလား...'

'ပါတာပေါ့ကွာ...သူတို့အပြင် တခြားလူတွေရောပေါ့...'

ပြောပုံက ကျွန်တော်တောင် ကျောချမ်းတယ်။ မတော်တဆ ကျွန်တော်ပါ သူသံယောဇဉ် ရှိမိရင် ကောက်ကာ ငင်ကာ သေပစ်လိုက်ရမယ့်ပုံပဲ။ ကြည့်ရတာ ခုထိတော့ သူ ကျွန်တော့်ကို သံယောဇဉ် မရှိသေးလို့ဘူးလို့များ သက်သေပြချင်နေတာလားပဲ...။

'ဒါနဲ့ပဲ ကိုသိန်းက တစ်ယောက်တည်းနေတော့တာပဲလား၊ အချစ်သစ်လေး ဘာလေးမတွေ့ဘူးလား...'

'အချစ်သစ်...ဟုတ်လား'

ကိုသိန်းက ကျွန်တော့်ကို မကြားဖူးတဲ့စကားလုံးတစ်လုံး ကြားလိုက်ရသလို ပြန်မေးတယ်။

'ဟုတ်တယ်လေ...အချစ်သစ်'

ကိုသိန်းက ခေါင်းကို ရမ်းခါတယ်။



www.burmeseclassic.com

www.burmeseclassic.com



'တွေ့လား မတွေ့လား၊ တွေ့နိုင်လား မတွေ့နိုင်လား၊ တွေ့နိုင်သေးလား၊ မတွေ့နိုင်တော့ဘူးလားတွေတောင် မတွေးမိတော့ပါဘူး...သေချာတာက...'

ကိုသိန်းက စကားကို ခဏတုံ့ဆိုင်းထားသေးတယ်။ ပြီးမှ ကျွန်တော် ငုံ့လင့်နေလား နားထောင်နေလား မသေချာဘဲနဲ့ သူ့ဘာသာသူ ဆက်ပြောတယ်။

'သေချာတာက သံယောဇဉ်ဆိုတာကလည်း ထားမိရင် ပူတာပဲ...'

'အင်း...ဟုတ်ရင် ဟုတ်မှာပေါ့...'

ကျွန်တော်လည်း ဘုမသိဘမသိ ထောက်ခံလိုက်တယ်။ လောလောဆယ်မှာတော့ ကိုသိန်းတစ်ယောက်တည်းအတွက် ဒီအဆိုက မှန်တာမဟုတ်ပါဘူး။ ကျွန်တော့်အတွက်ပါ မှန်နေလောက်ပါတယ်။ ခုပဲ ကြည့်လေ၊ ကျွန်တော့်ရင်ထဲ ရွှေသော့ဆိုတဲ့ ကြိုးလေးတစ်ချောင်း ရောက်လာတာနဲ့ ကျွန်တော့်မှာ အပူအပင်တွေ စတင်ဖြစ်ပေါ်နေရပြီ...။

'ဒါနဲ့...ကိုသိန်း...'

'ပြော...ဩဇာ...'

'ရွှေသော့ကရော...ဘာလို့ ဆုံးသွားတာလဲ...'

'သူလား...သူက...အက်ဆီးဒင့်နဲ့ဆုံးတာ...'

'ဗျာ...ရုတ်တရက်ကြီးလား...'

'မဟုတ်ဘူး...သူက ပြင်ဆင်ပြီးမှ ထွက်သွားသလိုပဲ...'

'ဗျာ...'

'ဟုတ်တယ်၊ ငါပြောခဲ့သားပဲ...သူက သေသေချာချာ ပြန်လာမယ်လို့ မှာသွားသလို ငါ့အတွက်လည်း အကောင်းဆုံး လုပ်ပေးသွားခဲ့တယ်...'





ကျွန်တော် နားမလည်ပါဘူး။ ဒါကြောင့် မျက်မှောင်ကြုတ်လိုက်မိတယ်။

'နားမလည်ဘူးကိုသိန်...'

'ပြောမယ်လေ... ခု... ငါ... မင်းကို မြင်နေရတာကိုက ရွှေသော့ရဲ့ မျက်လုံးတွေရဲ့ ကျေးဇူးကြောင့်လေ...'

ကျွန်တော်ပါးစပ်အဟောင်းသားဖြစ်သွားရတယ်။ ကိုသိန်းကတော့ ရွှေသော့နဲ့ ပတ်သက်တဲ့ အခန်းကဏ္ဍတွေကို တစ်နေ့ ပြောပြရဦးမယ်တဲ့။ အဲဒီတစ်နေ့ကို ကျွန်တော်က မစောင့်ချင်ပါဘူး။ ဒါပေမယ့် ရွှေသော့ရဲ့ မျက်ဝန်းတွေကို ပိုင်ဆိုင်ထားတဲ့ ကိုသိန်းကို ကျွန်တော်မှ မပိုင်တာ။ အချိန်တော့ စောင့်ရတော့မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



(၈)

ကျွန်တော် စောင့်နေတဲ့ အချိန်တွေထဲကို တိုးဝင်လာတာကတော့ 'ရွှေသော့'ပါပဲ။ ကျွန်တော်တို့ရဲ့ တစ်ဝဂ္ဂရှေ့ဆို တော်ရုံလူ မလာရဲပါဘူး။ ကျွန်တော်တို့ ပါမောက္ခကိုဆို လူတွေက အရမ်းကြောက်ကြရတယ်။ ခက်တာက အဲဒီလူတွေထဲမှာ လူမက, နတ်မကျတဲ့ ရွှေသော့...ဆိုတဲ့ ကောင်မလေး မပါဘူး။ သူက ခပ်တည်တည်နဲ့ဆရာကြီးကို ကိုယ်ယောင်ပြတယ်...။ ဆရာကြီးက ထုံးစံအတိုင်း ဆူဖို့ ထွက်သွားတော့ ခါးကလေး ညွတ်ပြီး နှုတ်ဆက်တယ်။

'မင်္ဂလာပါ'တဲ့။

ကမ္ဘာလှည့်လာခဲ့တဲ့ ကျွန်တော်တို့ရဲ့ ဆရာကြီး ရူပဗေဒ ပညာရှင်ကြီးက ရွှေသော့ရဲ့ ယဉ်ကျေးမှုကိုတော့ မလွန်ဆန်နိုင်ပါဘူး။ ပြီး... ဆရာကြီးကို အင်မတန်မှ တရိုတသေပုံစံနဲ့...ညင်ညင်သာသာကလေး ပြောပြနေတာ





တွေ့ရတယ်။ ခြေဟန်တွေကော လက်ဟန်တွေကော၊ ကျွန်တော့်ဆီတောင် ညွှန်လိုက်သေး။ ဘာတွေ ပြောတယ် မသိဘူး။ ခဏနေကျ ဆရာကြီးက ကျွန်တော့်ကို လှမ်းခေါ်တယ်...။

'ဟိုကောင်...အေး...မင်း...'

ကျွန်တော် ထိုင်ရာက ထထွက်လာဖို့ ပြင်တော့ လက်ညှိုးညွှန်ပြီး ခိုင်းတယ်...။

'သိမ်း...သိမ်း...တစ်ခါတည်း ပစ္စည်းတွေ သိမ်း...'

ကျွန်တော် ရွှေသော့ကို လှမ်းကြည့်တော့ ရွှေသော့က ခပ်တည်တည်ပါပဲ။ ဘုမသိဘမသိနဲ့ ဆရာကြီးကိုလည်း ကြောက်ရတော့ စာအုပ်တွေကောက်သိမ်းရတော့တာပေါ့။ ဆရာကြီးက အနားရောက်လာတဲ့ ကျွန်တော့်ကို ပခုံး လှမ်းပုတ်ပါတယ်။

'အေး...ပြန်လိုက်ဦး...ကျောင်းစာက အရေးကြီးတာက ကြီးတာပေါ့။ ခုလို အမေက အရမ်းနေမကောင်း ဖြစ်နေတဲ့ အချိန်မှာတော့ မင်းကအကြီးတစ်ယောက်အနေနဲ့ တာဝန်ရှိတာပေါ့။ မင်းညီမခမျာ ခြေမကိုင်မိ လက်မကိုင်မိနဲ့ သွားသွား...ခု...မင်းအမေကို ဆေးရုံတင်ထားခဲ့ရတယ်တဲ့...'

ကျွန်တော် မျက်လုံးတွေ ပြူးသွားရတယ်။ နယ်မှာနေတဲ့ အမေနဲ့ မနက်ကပဲ ဖုန်းပြောခဲ့သေးတယ်။ အကောင်းကြီး...။ ဘာမှမဖြစ်ဘူး။ ပြီးတော့ ကျွန်တော့်မှာ ဘာညီမမှလည်း မရှိဘူး။ ဒါပေမယ့် ကျွန်တော်လည်း ငတုံးမှ မဟုတ်တာ။ ဒါလောက်ဆိုရင် မီးတောက်သွားပါပြီ။

မျက်နှာသေလေးနဲ့ တကယ်ပဲ အပြစ်ရှိသလိုလို ဆရာကြီးကို ရိုကျိုးပြီး ထွက်ခဲ့လိုက်တယ်။ ကျွန်တော်တို့ department ရဲ့ စင်္ကြံအဆုံးကို ရောက်တယ်ဆိုရင်ပဲ ရွှေသော့က ခွီးခနဲနေအောင် ထရယ်တယ်။ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



မှာသာ သူနဲ့အတူ လိုက်ရယ်ချင်လျက်က မရယ်မိဘူး။

'ရယ်ရတယ်သိလား...ဩဇာတို့ဆရာကြီးက နာမည်သာ ကြီးတာ... ကိုယ်နဲ့တွေ့တော့လည်း ခံရတာပါပဲ...'

'ခံရတာ မဟုတ်ဘူး...အဲဒါ စိတ်နှလုံးကောင်းရှိတာ...'

'အံမယ်...ဆိုလိုချင်တာက ကျွန်မက အဲဒီစိတ်နှလုံးကောင်းကို ခုတုံး လုပ်ခဲ့တယ်ပေါ့'

'ဒီလိုကျ မင်းက တော်သားပဲ...'

ရွှေသော့က ကျွန်တော့်ကို မျက်စောင်းတစ်ချက် ခဲတယ်။ သူကိုယ်သူလည်း 'ကိုယ်'က ပြောလိုက်၊ 'ကျွန်မ'ကလို့ ပြောလိုက်နဲ့ သူကိုယ်သူ ကျွန်တော်နဲ့ တန်းညှိနေပုံပဲ...။

'ဒီမှာ...'

'ဘာလဲ...'

'ရှင်...ဘာစားချင်လဲ...နေ့လယ်စာ...'

ကျွန်တော် နာရီကြည့်လိုက်တယ်၊ ခုမှ ဆယ့်တစ်နာရီဆယ့်ငါး...။

'စောသေးတယ်'

'ကျွန်မက ဆာပြီ...'

'မင်းက ငါ့ကို ကျွေးချင်တာလား၊ မင်းဆာလို့လား...'

သူမက ခပ်သောသော်လေး ရယ်တယ်။

'အခုက က သိခ်အကြောင်း မေးမလို့... ကျွေးမှာက ဝတ်ကျေ တန်းကျေ၊ နောက်တစ်ကြောင်းက ကျွန်မ ဆာနေတယ်။ နောက်ထပ် တစ်ချက်က ကျွန်မက စားနေပြီး ရှင်ထိုင်နေရရင် မကောင်းဘူးလေ...'

ကဲ...ဖြေပုံကို ကြည့်ပါ။ ရုပ်ကလေးနဲ့ တစ်စက်မှ မလိုက်ဘူး။ အမြင်





ကတ်စရာကောင်းအောင် သူပဲ ဖြေတတ်တယ်။ အသံနဲ့ ရုပ်နဲ့ ခွဲထားရင် ဒီရုပ်က ဒီစကားထွက်တယ်လို့ ဘယ်သူမှ ယုံမှာ မဟုတ်ဘူး၊ ရုပ်ကလေးက အဲဒီလောက်ကို ချစ်စရာကောင်းလွန်းနေပါတယ်။ ဒီအတွက် မခံချင်စရာ စကားလုံးတွေကို တစ်ခဏအတွင်း မေ့လျော့သွားရတာလည်း ကျွန်တော်တစ်ယောက်တည်းတော့ မဟုတ်လောက်ဘူးလို့ ဖြေတွေးရတာပါပဲ...။

ပြောရင်းနဲ့ ကားတစ်စီးနား ရောက်လာတယ်။ ရွှေရောင်ခပ်ဖျော့ဖျော့ မှတ်ထားတဲ့ကား...။ မောင်းတဲ့နေရာမှာ ဒရိုင်ဘာပါတယ်။

'လာ...တက်...ရှေ့က ထိုင်...'

ကျွန်တော့်ကို ရှေ့ဘက် ညွှန်ပြတော့ ကျွန်တော် ဝင်ထိုင်လိုက်မိတယ်။ သူမက နောက်ခန်းက ထိုင်ပါတယ်။ ပြီးတော့ ကားမောင်းတဲ့သူကို လှမ်းပြောတယ်...။

'Serenity ကိုမောင်း'

Serenity ဆိုတာ ကျွန်တော်တို့ ကျောင်းနောက်က အင်းလျားလမ်းပေါ်မှာ ရှိပါတယ်။ အစားအစာ စုံစုံလင်လင်လည်း ရပါတယ်။ ခက်တာက ကျွန်တော်က ခုထိ မဆာဘူး၊ မတတ်နိုင်ဘူးလေ၊ သူစားတာ ထိုင်ကြည့်ရုံပေါ့။

Serenity ရောက်တော့ သူက သူ့ဘာသာသူ စားဖို့ ကြေးအိုးတစ်ပွဲ မှာတယ်...။ ကားဒရိုင်ဘာအတွက် ထမင်းကြော် ကားပေါ် ပို့ခိုင်းတယ်။ ပြီးတော့ ကျွန်တော့်ကို ဘာစားမလဲ...တဲ့။

'မဆာဘူး...'

'ရေသန့်တစ်ဘူး ပေးလိုက်...'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က မဆာဘူးလို့ ပြောတာကို သူက စားပွဲထိုးကို ရေသန့် ပေးလိုက်တဲ့။ ပြီး ရေရွတ်နေသေးတယ်။ 'အကုန်အကျ သက်သာလိုက်တာ...' တဲ့။

'ကဲ...ပြော...'

'ဘာပြောရမှာလဲ...'

'မင်းပြောစရာ ရှိတာလေ၊ မင်း...ငါးပါးသီလကျူးလွန်ပြီး အနန္တ ဂိုဏ်းဝင်တစ်ပါးကို လှည့်ဖြားပြီး ငါ့ကို ခေါ်ထုတ်လာတာ...အလကားမှ မဟုတ်တာ...'

'တော်သားပဲ...သိခ်နေကောင်းလား'

'ကောင်းတယ်...'

'လောလောဆယ်...သူ ဘာလုပ်နေလဲ...'

'အလုပ်အကိုင်ကို မေးတာလား'

'အင်းလေ...'

'အင်ဂျင်နီယာလေ...'

'ဟင်...သူကပြောတော့ ဆရာဝန်ဖြစ်ချင်တာတဲ့... အမှတ်မမီခဲ့ဘူး လား မသိပါဘူး'

သူ့ဘာသာသူ တစ်ယောက်တည်း ရေရွတ်သလို ပြောနေပြန်ပါတယ်။ ပြီးတော့မှ ကျွန်တော့်ဘက်ကို လှည့်ပြီး ထပ်မေးတယ်။

'သူ...ရှင့်ကို ရွှေသော့အကြောင်း ပြောပြလား'

'နည်းနည်းတော့ ပြောတယ်'

'ဘာတွေလဲ...'

'သူ့ခု မြင်နေရတဲ့ မျက်စိက ရွှေသော့ကျေးဇူးတဲ့...'





သူမ ခပ်လေးလေး ခေါင်းညိတ်တယ်။

'ပြီးတော့ကော...'

'တစ်ရက်တော့ အေးအေးဆေးဆေး ပြောပြပါဦးမယ်...တဲ့'

ရွှေသော့က ပြုံးတယ်။

'ရှင်က စိတ်ဝင်စားလို့လား...'

'ဝင်စားပါတယ်...မဝင်စားခဲ့နိုင်မလား၊ ခင်ဗျားလေးတို့က normal မှ မဟုတ်တာ...'

'အံမယ်...ဘာပြောတာလဲ...normal မဟုတ်ဘူးဆိုတာ abnormal ကို ဆိုလိုချင်တာလား...'

'အာ...မဟုတ်ပါဘူး၊ သာမန် အခြေအနေ အဖြစ်အပျက်မျိုး မဟုတ် ဘူးလို့ ဆိုလိုချင်တာပါဗျာ...'

ရွှေသော့က မျက်စောင်းခဲပြန်ပါတယ်။ ဒါပေမယ့် သူမရဲ့ ရွှေရောင် လက်နေတဲ့ မျက်စောင်းလေးတွေက ခံယူချင်စရာကောင်းလွန်းနေတော့ ကျွန်တော် စိတ်အနှောင့်အယှက် မဖြစ်ရဘူးပေါ့။

'ရှင်က ယုံကော ယုံလို့လား...'

'ဘာကိုလဲ...'

'ကျွန်မပြောတာတွေကို...'

'မင်းတစ်ယောက်တည်း ပြောတာဆိုရင်တော့ ကိုယ်က၊ မင်းကို ရှာ သာကြီး ပို့မိမှာပေါ့...ခုဟာက ကိုသိခ်ပါ ပြောတာလေ...'

'ကျွန်မအိမ်ကတော့ ကျွန်မကို မယုံဘူးသိလား...'

'ယုံချင်စရာမှ မကောင်းဘဲ ကိုသိခ်နဲ့ တွေ့ပေးလိုက်လေ'

'အဲလို တွေ့ပေးဖို့ နေနေသာသာ...ကျွန်မကိုတောင် သိခ်နဲ့ အေးမတွေ့



www.burmeseclassic.com

www.burmeseclassic.com



လို့ ခုမှ အဆက်အသွယ် ရတာပဲ ကြည့်လေ...'

ကျွန်တော်တစ်ခု သတိရမိတယ်။ ခုနေ ကိုသိန်းနဲ့ ရွှေသော့တွေ့ကြရင် ရွှေသော့ကတော့ ကိုသိန်းကို မှတ်မိမှာ သေချာတယ်။ ကိုသိန်းက ရွှေသော့ကို ဒီတိုင်း အပြင်မှာ တွေ့ရင် သိနိုင်ပါ့မလား။ အရင်ဘဝက ရွှေသော့နဲ့ ခု ရွှေသော့ ရုပ်ချင်းကော တူလား...။ ကျွန်တော် တွေးနေရာက သေချာအောင် မေးလိုက်တယ်။

'ခုနေ ရွှေသော့ကို ကိုသိန်းက အပြင်မှာတွေ့ရင် ရွှေသော့မှန်း သိမှာလား...'

သူမ တွေတွေကလေး ဖြစ်သွားတယ်။ ပြီးမှ...

'အဲဒါတော့ မသိဘူး...ရွှေသော့ကတော့ သိန်းကို မှတ်မိပါတယ်...'

'ကိုယ်ဆိုလိုချင်တာက မင်းရုပ်က အရင်က ဒီတိုင်းပဲလားဆိုတာ'

'ကျွန်မ မသိဘူး...'

'အရင်က မိဘတွေကိုကော မှတ်မိလား'

'ကျွန်မက မှတ်မိတယ်။ ဖေဖေ့ကို ဖေဖေက မရှိတော့ဘူးတဲ့...'

'မင်းစုံစမ်းတာလား...'

'အင်း...'

'မင်းကို အရင်က ရွှေသော့နဲ့ တူလိုက်တာ ဆိုတဲ့သူကော ရှိဖူးလား'

'မရှိခဲ့ဖူးသေးဘူး...'

'ရှိနိုင်တယ်ပေါ့...'

'ပြောတတ်ဘူးလေ...'

ရွှေသော့က ပခုံးလေး တွန့်ပြီး ဖြေတယ်။

စားပွဲထိုး လာချပေးတဲ့ ကြေးအိုးကို တူနဲ့ ကျမ်းကျင်စွာ မွှေရင်းက





ကျွန်တော့်ကို လောကွတ်ပြောတယ်။

'ရေသောက်လေ'တဲ့။

ကျွန်တော်လည်း စိတ်ပေါက်ပေါက်နဲ့ ရေဘူးကို ဖွင့်ပြီး မော့ချပစ်လိုက်တာ... တကယ်ပါပဲ။ ရွှေသော့ရှေ့မှာ ရွှေသော့တိုက်တဲ့ ရေကိုသောက်ရလို့လား မသိဘူး။ အရသာ ရှိလွန်းတာကတော့ အသေအချာပဲ။ တစ်ခုပဲ ရှိတယ်။ ရေက အေးစိမ့်နေတာတောင် ရင်ထဲ အေးမသွားဘူး။

'ဩဇာ...'

'ဘာလဲ...'

'ကိုယ် သိန်းနဲ့ တွေ့ချင်တယ်...'

ကျွန်တော် မျက်မှောင်ကြုတ်လိုက်တယ်။ ဒါဘာမှ ခက်ခဲတဲ့ကိစ္စမှ မဟုတ်တာ။ အမှန်က ကျွန်တော့်အတွက်ဆိုရင်တောင် ခက်ခဲဦးမှာ။ ကျွန်တော်ကမှ မတွေ့စေချင်တာ...။

'လာခဲ့လေ...ကိုသိန်းက ရုံးချိန်မဟုတ်ရင် အိမ်မှာပဲ ရှိတတ်တယ်...'

'မဖြစ်ပါဘူး...'

သူမက ခေါင်းကို ခါတယ်...။

'ဘာလို့လဲ...'

'အိမ်က ပေးမသွားဘူး။ ဟိုတစ်ခါက ခိုးမောင်းလာတာ၊ ခုဆို ဘယ်သွားသွား ဒရိုင်ဘာနဲ့ ဒီဒရိုင်ဘာကလည်း စည်းရုံးလို့ မရဘူး၊ ဩဇာကိုသာ ကားပေါ်တင်ခေါ်ရင် ခေါ်လာမယ်၊ သိန်းကို တွေ့ဖို့ဆို သူကပါ ပေးတွေ့မှာ မဟုတ်ဘူး'

'သူတို့က ကိုသိန်းကို သိလို့လား'

'သူတင်မကဘူး၊ ဖေဖေတို့ မေမေတို့ပါ သိတယ်၊ အံမယ်လေး ယုံ



www.burmeseclassic.com

www.burmeseclassic.com



သာမယုံတာ...ကိုယ်ပြောတဲ့ သိန်ကို သူတို့ အရင် ရှာတွေ့ကြတာ...'

ဒါကတော့ ဖြစ်လောက်ပါတယ်။ ဘယ်မိဘမဆို ကိုယ့်သမီး ဒီလောက် ပြောနေတာ ဟုတ်မဟုတ်တော့ စုံစမ်းကြမှာပဲ...။ ဟုတ်နေသည့် တိုင် ယုံပေးချင်မှလည်း ယုံပေးမှာ ဖြစ်သလို မယုံချင်ယောင် ဆောင်ထားချင်လည်း ထားနိုင်တာပဲ။ ဒါမှ ကိုယ့်သမီးကို ကိုယ်အပြည့်အဝ ပိုင်ဆိုင်မှာလေ။ ခုပဲ ကြည့်လေ၊ ကျွန်တော်တောင် ယုံကြည်တာက ယုံကြည်တာ တစ်ပိုင်း၊ မဖြစ်စေချင်တာက တစ်ကဏ္ဍ၊ မတွေ့ရင် အကောင်းဆုံးလို့ ဖြစ်မိတာက တခြားလေ။ ဒါ...ကျွန်တော် ကိုသိန်နဲ့ ရွှေသော့ကို နားမလည်လို့ စေတနာမရှိလို့ မဟုတ်ပါဘူး။ ကျွန်တော့်ရင်ထဲက ကျွန်တော့်အတ္တပဲပေါ့။

အဲဒီနေ့က ရွှေသော့တိုက်တဲ့ ရေအေးအေးကို ရင်မအေးစွာ သောက်ရင်း ရွှေသော့မေးသမျှတွေကို ထိုင်ဖြေပေးခဲ့တဲ့အချိန်နာရီလေးဟာ ကျွန်တော့် အတွက်တော့ အဓိပ္ပာယ်တွေ အပြည့်အဝရှိနေသလိုပဲ...။

အဓိပ္ပာယ်မရှိတာက ခုထိ ရွှေသော့ကို အရင်က အကြောင်းတွေ မှတ်မိနေခိုင်းတဲ့ ကံကြမ္မာပေါ့။





(ဆ)

ရွှေသော့ရောက်လာတဲ့ အကြောင်းကို ကျွန်တော်ရိုးသားစွာပဲ ကိုသိန်နဲ့ ညီညီကို ပြန်ပြောပြလိုက်တယ်။ ရွှေသော့ရဲ့ ထင်ရာလုပ်တတ်တဲ့ အပြုအမူလေးကိုရောပေါ့။ ညီညီကတော့ ရယ်တယ်။ ဆရာကြီးကိုတောင် ပတ်ရဲတယ်ပေါ့။ ကိုသိန်ကတော့ မျက်မှောင်ကြုတ်စဉ်းစားတယ်။ ပြီးမှ...

'အရင် ရွှေသော့က အဲဒီလို မဟုတ်ဘူး...' လို့ မှတ်ချက်ချတယ်။

ဒီတော့မှ ကျွန်တော်လည်း ပြောစရာအကွက်ဝင်တော့တာမို့ ကိုသိန်ကို ပြောသလိုလိုနဲ့ ကိုယ့်ဖြေသာရာ အတွက်ပါ ပြောလိုက်မိတယ်။

'ဘယ်တူနိုင်မလဲ...ကိုသိန်...၊ ခု ရွှေသော့က အရင်က ရွှေသော့ရဲ့ ကိုသိန်ကို မှတ်မိနေတဲ့ သူ့ဘဝကို မှတ်မိနေတဲ့ အတွေးတွေက လွဲရင် ကျန်တာ ဘယ်ပိုင်ဆိုင်နိုင်ပါတော့မလဲ...'

'ဟုတ်လည်း ဟုတ်တယ်နော်...'



www.burmeseclassic.com

www.burmeseclassic.com



ညီညီက တွေးတွေးဆဆနဲ့ ထောက်ခံတယ်။ ကိုသိန်ကတော့ မေးတယ်။ ဒါ ကျွန်တော်လည်း မနေ့က ရွှေသော့ကို မေးခဲ့တဲ့ စကားပဲ။ ခက်တာက လူမှားမေးနေတာ...။

'ခု ရွှေသော့က အရင် ရွှေသော့နဲ့ ရုပ်ကော တူလား'

'ကျွန်တော် ဘယ်သိပါ့မလဲ...ကိုသိန်ပဲ သိနိုင်မှာလေ...'

'သူ့ကိုယ်သူကော မသိဘူးလား...'

သူ့ကိုယ်သူလည်း မသိဘူး၊ သိချင်နေတာတော့ အမှန်ပဲ...'

'ငါတွေ့ချင်လိုက်တာ...'

ကိုသိန်က တကယ့်ကို အားတက်သရော ပြောရှာတယ်။ ဒါကြောင့် ကျွန်တော်လည်း အမှန်အတိုင်းပဲ ပြောပြလိုက်ရတယ်။

'ရွှေသော့ကလည်း ကိုသိန်ကို တွေ့ချင်ပါတယ် ခက်တာက...'

'ခက်တာက ဘာလဲ...'

'သူ့မိဘတွေက ပေးမတွေ့ဘူး...'

'အာ...ဘာလို့လဲ၊ သူတို့က ငါ့ကို သိလို့လား'

'သိတာပေါ့။ ရွှေသော့ ငယ်ငယ်တည်းက ပြောလာတာ မသိ ခံနိုင်မလား...'

'ဒါလည်း ဟုတ်တာပဲ...'

ညီညီက ဝင်ထောက်ခံပြန်တယ်...။

ကိုသိန်ကတော့ တစ်စုံတစ်ရာကို စဉ်းစားနေသလို ငြိမ်သက်နေတယ်။ အတော်ကြာတော့မှ...

'ငါ...မင်းနဲ့ ကျောင်းလိုက်လာရင်ကော...'

'လိုက်လာလို့တော့ ရတယ်ကိုသိန်...ဒါပေမယ့် သူကသာ ကျွန်တော့်





အတန်းကို သိတာ ကျွန်တော်က သူဘာတက်နေမှန်းတောင် သိတာမဟုတ်ဘူး'

'မင်းကလည်း ညံ့လိုက်တာ...'

ညီညီက မှတ်ချက်ချတယ်။ အမှန်ကတော့ ဘယ်ညံ့ချင်ပါ့မလဲ၊ အားလုံးကို သိချင်တာပေါ့။ ဒါပေမယ့် လောလောဆယ်က ခုလို ညံ့ထားတာက အဆင်ပြေလိမ့်မယ်ထင်တာပဲ။ ကိုသိန်နဲ့ ငြိမ်းနဲ့ ဘယ်လို ချစ်ခဲ့ကြတယ်ပြောပြော၊ ခုနေ ရွှေသော့နဲ့ ပြန်တွေ့ရင် သူတို့အရင်က ရှိခဲ့တဲ့ ကြီးမားတဲ့ သံယောဇဉ်အားနဲ့ ဘာတွေ ဖြစ်လာမလဲဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး။ ဒီဇာတ်ကို နည်းနည်းစောင့်ကြည့်ပြီးမှ ကျွန်တော်က တော်အောင် ကြိုးစားသင့်တယ်လို့ ထင်တာပဲ။

'ဒါဆို တစ်နည်းရှိတယ်'

ကိုရွှေပညာရှိ ညီညီက ဘာတွေ အကြံဝင်ပေးမလို့လဲ မသိပါဘူး။ ဒါပေမယ့် ကိုသိန်က သိပ်စိတ်ဝင်စားပုံမရဘူး။ ညီညီကလည်း သူ့ထုံးစံအတိုင်းပါပဲ။ ဘယ်သူစိတ်ဝင်စားစား မဝင်စားစား ဆက်ပြောတယ်...။

'ကျောင်းကို ရွှေသော့လာတဲ့အချိန်မှာ မင်းက ကိုသိန်ကို အကြောင်းကြားပေး'

'ဘယ်လို အကြောင်းကြားရမှာလဲ...'

'ဖုန်းဆက်လိုက်ပေါ့...'

ကျွန်တော် ကိုသိန်ကို လှမ်းကြည့်တော့ သူ့ပုံစံက ၃၀ % လောက် စိတ်ဝင်စားဟန်ပြတယ်။ ပြီးမှ ကျွန်တော့်ဘက် လှည့်ပြီး ပြောတယ်။

"ညီညီပြောတာ မဆိုးပါဘူး၊ ဒါပေမယ့်...'

'ဒါပေမယ့်...ဘာဖြစ်လဲ...'



www.burmeseclassic.com

www.burmeseclassic.com



ညီညီက သူ့အကြံကို 'But' ခံလိုက်တဲ့အတွက် ဝင်မေးတယ်။

'တစ်ချက်က သူအကြောင်းကြားတဲ့အချိန်မှာ ငါက ရုံးကထွက်လို့ အဆင်ပြေမပြေ...'

'နောက်တစ်ချက်က...'

'နောက်တစ်ချက်က ...ထွက်လာပါပြီတဲ့။ ငါရောက်ခါနီးမှ သူက ပြန်သွားရရင်...'

'ကွတ်...'

ညီညီက ကိုသိန်ကို အားမရသလို စုတ်သပ်တယ်။

'ကိုသိန်ရာ ဒါကတော့ ကြိုးစားရမှာပေါ့။ အစ်ကိုပဲ စဉ်းစားကြည့်လေ၊ အလုပ်ကို ထားခဲ့ပြီး ထွက်ရမှာ မလွယ်ပေမယ့် ဒီဘက်မှာ ရွှေသော့ကို တွေ့ရဖို့ကလည်း ဒီနည်းပဲ ရှိတာ။ ဒုတိယတစ်ချက်ကိုတော့ ကိုသိန်လာမှာ သေချာရင် ဩဇာကို အချိန်ဆွဲပြီး ခေါ်ထားခိုင်းလိုက်ပေါ့...'

'ဩော်...အဲဒီကောင်မလေးက ငါ့စကားနားထောင်ရှာတာကိုး...'

'မင်းနာမည်က ဩဇာလေ...'

'ဘာဆိုင်လဲ...'

'ဆိုင်တယ် မဟုတ်ဘူးလား'

'ဘာမှမဆိုင်ဘူး...'

ကျွန်တော်နဲ့ ညီညီနဲ့ စကားများကြရတယ်။ အလကားကောင်...၊ ကာလံဒေသံ မသိဘဲနဲ့...ကိုသိန်ကို တစ်ဖက်သတ် ကူညီချင်နေတဲ့ကောင်။ သူ့သူငယ်ချင်းအရင်းကြီး ဘာဖြစ်နေတယ်ဆိုတာ သူမသိဘူး။ ကိုသိန်က လည်း ညီညီ့ချေပချက်ကို လက်ခံတယ်။

'ကြိုးစားကြည့်တာပေါ့'တဲ့။





ဒါနဲ့ ကျွန်တော်က ကိုသိန်ကို စကားလမ်းကြောင်း လွှဲရတော့တယ်။

'ကိုသိန်...'

'ဆို...ဩဇာ...'

'ရွှေသော့အကြောင်း ပြောပြဦးမယ်ဆို'

'အင်း...ပြောတာပေါ့...'

'သူ့နာမည်ကို ဘာလို့ ရွှေသော့လို့ ခေါ်ရတာလဲ...'

'သူ့နာမည်အရင်းက ရွှေသော့ မဟုတ်ပါဘူး။ သိဂီသော်တဲ့၊ သူက စကားပြောရင် 'သော်'က 'သော်'ကလို့ ပြောရင်း 'သော့'ဖြစ်သွားရတာ။ နောက်တော့ သိဂီဆိုတာက 'ရွှေ'လေ၊ ဒါနဲ့ပဲ အမေက 'ရွှေသော့'လို့ နောက်ခေါ်ရင်း အတည်ဖြစ်သွားတော့တာ...'

'ဩော်...ဒီလိုလား...ခုတော့ သူ့နာမည်က တစ်မျိုး'

'ဘာတဲ့လဲ...'

'မနောဖြူ...တဲ့...'

ကိုသိန်က ခေါင်းညိတ်တယ်။

'ရွှေသော့နဲ့ ကိုယ်က ခြောက်လလောက်ပဲ ကွာတော့ အတူတူကစား၊ အတူကျောင်းတက်ခဲ့ကြတာပေါ့။ ရွှေသော့အဖေကလည်း အလုပ်ထဲ နစ်နေတော့ ရွှေသော့ကို အိမ်မှာ အပ်ထားတာ များတယ်။ အဖေတစ်ခု သမီးတစ်ခုကိုး။ ရွှေသော့က အမေ့ကိုပဲ သူ့အမေလို သဘောထားရှာတာ...'

'ခု...သူ့အဖေကရော...'

'သူ့အဖေနဲ့ သူနဲ့ သူနဲ့ အတူဆုံးတာပဲ...'

'ဩော်...အက်ဆီးဒင့်က သားအဖနှစ်ယောက် အတူဖြစ်တာကိုး'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်...'

'ရွှေသော့ရဲ့ မျက်လုံးနဲ့ အစ်ကိုမြင်နေရတယ်ဆိုတာက...'

ညီညီက နားမလည်သေးတဲ့ အရာတစ်ခုကို ဝင်မေးတယ်။ အမေးက ကျွန်တော်လည်း မေးချင်နေတဲ့ မေးခွန်းပါပဲ။

'ကိုယ်က ငယ်ငယ်ကတည်းက မျက်စိမကောင်းဘူး။ ဆယ့်သုံးနှစ်လောက်ကျတော့ မျက်စိကွယ်သွားတယ်။ မျက်စိကွယ်သွားတော့ ကျောင်းကပါ ထွက်လိုက်ရတာပေါ့။ အစားထိုးကုသဖို့ ရှိပေမယ့် အလှူရှင် ရှိမှဖြစ်မှာလေ၊ အဲဒါနဲ့ပဲ ကိုယ့်ကို ရွှေသော့က အိမ်မှာ နှုတ်နဲ့ စာသင်ပေးတယ်။ အထောက်အကူပြုပစ္စည်းတွေ သုံးပြီး စာသင်ပေးတယ်၊ ဒါပေမယ့် စာသင်ပေးရတာ အဆင်မပြေတိုင်း ရွှေသော့က ညည်းတယ်။ သူက စာညံ့တယ်တဲ့။ ညံ့တဲ့သူက ဘာမှ သိပ်မထူးဘူး။ ကိုယ်က စာတော်တော့ ကိုယ့်ကို သူ့မျက်လုံးတွေ ပေးချင်လိုက်တာလို့ ခဏခဏ ပြောတတ်တယ်။

ကိုသိမ်က စကားကို ခဏရပ်ပြီး တစ်စုံတစ်ခုကို သတိရသွားသလို ထိုင်ရက ထတယ်။

'ဘာဖြစ်တာလဲ...ကိုသိမ်...'

'ကိုယ်တို့ ဘာလို့ ဝေးနေတာလဲ မသိဘူး... ကိုယ့်မှာ ရွှေသော့ငယ်ငယ်က ပုံရှိတာ ခုမှ သတိရတယ်။ ရှာလိုက်ဦးမယ်'

ပြောပြီး သူ့အခန်းထဲ သူဝင်သွားပြီး မွှေနှောက်နေလိုက်တာ တော်တော်နဲ့ ထွက်မလာတော့ဘူး။ ကျွန်တော်တို့နှစ်ယောက်မှာတော့ မပြီးသေးတဲ့ ရွှေသော့ပုံပြင်ကို ကြားနာဖို့နဲ့ ရွှေသော့ငယ်ငယ်ကပုံ ဆိုတာကို ကြည့်ဖို့ တလင့်လင့်နဲ့ မျှော်ကြရတော့တာပေါ့။ တော်တော်ကြီးကို ကြာမှ ကိုသိမ်စိတ်ပျက်လက်ပျက်နဲ့ ပြန်ထွက်လာတယ်။





'မတွေ့ဘူး၊ တလောက အမေလာတုန်းက ပြန်သိမ်းသွားတယ် ထင်တယ်။ အမေကလည်း ရွှေသော့ကို ခုထိ တမ်းတနေတုန်း'

'အင်းလေ...သူက နှိုတိုက် မွေးခဲ့ရတာကိုး'

ညီညီက ဝင်ပြီး ဆရာကြီးလေသံနဲ့ မှတ်ချက်ချတယ်။

'အမေက ခုနေ ရွှေသော့အကြောင်းကြားရရင် ပြေးတွေ့မလား မသိဘူး...'

ကိုသိမ်က သူ့အမေကို သတိတရဟန်နဲ့ ပြောတယ်။

ကျွန်တော်လည်း ကိုယ်ချင်းစာ နားလည်ပါတယ်။ ဒါပေမယ့် သူ့အမေပါ ပါလာလို့ကတော့ ကြိုးတွေက ပိုမြဲကုန်တော့မှာပဲလို့ စိုးရိမ်နေမိတယ်။ တစ်ခုတော့ ရှိတာပေါ့။ ကိုသိမ်အမေကလည်း နယ်မြို့လေးတစ်မြို့မှာ သွားနေနေတာ၊ တော်ရုံနဲ့ ကိုသိမ်ဆီ လာမလည်တတ်ပါဘူး။ ရွှေသော့ဆိုတဲ့နာမည်ကြားလိုက်ရင်တော့ မပြောတတ်ဘူးပေါ့...။

'ခေတ်ပုံ မတွေ့လည်း ထားပါ...ဆက်ပါဦး...'

'အေး...ဆက်တာပေါ့။ ဘယ်ရောက်သွားပြီလဲ...'

'ရွှေသော့က သူ့မျက်လုံးတွေ ပေးချင်တယ်လို့ ပြောတာ...'

'အင်း...သူက အဲလို ပြောနေကျပဲ။ ဒါပေမယ့် တစ်မနက်မှာတော့ အစောကြီး ကိုယ့်ကို မနက်စာစားဖို့ ပြင်ပေးရင်းနဲ့ ပြောတယ်။ တကယ်လို့များ သူသေသွားခဲ့ရင် ကိုယ်လိုနေတဲ့ မျက်ကြည်လွှာကို သူ့ဆီက ယူလိုက်ပါတဲ့'

'သူက လှူထားလို့လား...'

'အင်း...အဲဒါကိုယ်လည်း မသိဘူး၊ ခု ညီညီမေးသလိုပဲ မေးမိတယ်။ ခါတိုင်းလည်း ပြောနေကျဆိုတော့ ဒါမျိုးက လှူထားမှရတာ၊ နင်က လှူ



www.burmeseclassic.com

www.burmeseclassic.com



ထားလို့လား...ဆိုတော့ 'အင်း'တဲ့။ သူ့ကို ဘယ်သူက ဒီလိုလုပ်လို့ ရတယ်လို့ ပြောလိုက်လို့ သူလုပ်လိုက်တာလဲ မသိဘူး။ ဒါပေမယ့် နောက်မှ သိလိုက်ရတာ တစ်ခုက သူ အဲဒီအလှူကို သူ့ဆယ့်သုံးနှစ်ခြောက်လပြည့်တဲ့ မွေးနေ့မှာ သွားလှူလိုက်တာ...တဲ့...'

'ပြီးတော့ကော...'

'သူ အဲလို ပြောပြီး နောက်နေ့မှာ သူ့အဖေနဲ့ သူနဲ့ ခရီးထွက်ဖို့ လုပ်ကြတယ်။ သားအဖနှစ်ယောက်က ဆုံခဲတော့ အပန်းဖြေ ထွက်ကြတာလေ၊ မသွားခင် သူက မှာသွားသေးတာ...သူဆက်ဆက်ပြန်လာမယ်တဲ့။ သူ့ တစ်ခုခုဖြစ်ရင် မျက်ကြည်လွှာယူဖို့ မမေ့ဖို့လည်း မှာသေးတယ်...'

'နိမိတ်စကားထင်တယ်...'

'ဟုတ်တယ်၊ ဒါနဲ့ ကိုယ်က နင်မရှိမှတော့ ငါဘာမှလည်း မမြင်ချင်ပါဘူးလို့ ပြောလိုက်တယ်၊ ဒါကို သူက ရယ်ရယ်မောမောပဲ ငါသေသွားလည်း ပြန်လာမှာပေါ့တဲ့'

'သူ့ဟာက သေချာအကွက်ရိုက်သွားသလိုကြီး'

'ဟုတ်တယ်။ သူတို့သားအဖခရီးထွက်ပြီး ပျော်လိုက်ကြသေးတယ်။ ပြီး ပြန်လာတဲ့အပြန်ခရီးမှာပဲ သူတို့သားအဖ အက်ဆီးဒင့်ဖြစ်ပြီး ဆုံး တာ...'

စကားက ဆုံးသွားပါပြီ။ ဒါပေမယ့် ညီညီက ဆက်မေးတယ်။

'ဒါနဲ့ပဲ ရွှေသော့ဆီက မျက်ကြည်လွှာနဲ့ ကိုသိခ် မျက်စိမြင်ခဲ့ရတယ်ဆိုပါတော့...'

'ဟုတ်တယ်...ခုလို ကိုယ်ပညာတွေ ဆက်သင်ပြီး ဒီလိုနေနိုင်တာ ရွှေသော့ရဲ့ ကျေးဇူးတွေပဲပေါ့...'

သူတို့စကားဝိုင်းက ခဏတိတ်သွားသလိုပဲ။ အယောက်စီတိုင်းက





အတွေးကိုယ်စီနဲ့ ငြိမ်သက်သွားကြတယ်။ ကျွန်တော့်ရင်ထဲမှာကတော့ အတွေးထက် အမေးတွေ ပိုများနေလေရဲ့။ ဘယ်တော့မှ မေးဖြစ်မယ်မှန်း မသေချာတဲ့၊ မေးသင့်မေးထိုက်ရဲ့လား ဝေခွဲရခက်နေတဲ့ မေးခွန်းတွေနဲ့ မောပန်းခြင်းကြီးစွာ နုပန်းလုံးလို့ပေါ့...။

ရင်ထဲမှာ သေချာနေတာ တစ်ခုတော့ ရှိတယ်...။

ဘာတွေ ဘယ်လိုပဲဖြစ်ဖြစ်ဖြစ်ခဲ့၊ သေချာတာကတော့ အရင်က ရွှေသော့ရဲ့ ကံကြမ္မာနဲ့ ခုရွှေသော့ရဲ့ ကံကြမ္မာ ဘယ်လိုမှ မတူနိုင်ဘူးဆိုတာပါပဲ။

ကျွန်တော်တို့နေတဲ့ တိုက်ခန်းတွေရဲ့ ဟိုမှာဘက်... အနောက်တောင်ထောင့်ဆီမှာ ဆေးရောင်စုံတိမ်တိုက်တွေ ပြေးလွှားဆော့ကစားနေကြတယ်။ အရောင်တွေနဲ့ လှည့်စားရတာ လွယ်ကူပါသလား။ တဖြည်းဖြည်း ပြောင်းလဲ ပျက်ပြယ်သွားတဲ့ အရောင်တွေ၊ တစ်စစ ပြောင်းလဲ ဖြစ်တည်လာတဲ့ အရောင်တွေ၊ အချိန်အတော်ကြာ တည်မြဲနေတတ်တဲ့ အရောင်တွေ...။ သေချာတာကတော့ အဲဒီအရောင်တွေကို ကျွန်တော်တို့ ကိုင်တွယ်ဆုပ်ကိုင်ထားလို့ မရဘူးဆိုတာပါပဲ...။

ကျွန်တော်တို့ရဲ့ ကံကြမ္မာကရော...အရောင်တွေနဲ့ တည်ဆောက်ထားတာနဲ့ မတူနေဘူးလား။ မနက်ဖြန် ဘာအရောင်လဲ ဆိုတာ ဘယ်သူမှ မှ မသိနိုင်တာပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



(၉)

နောက်တစ်ပတ်လောက်ကျတော့ ကျွန်တော် စာထိုင်လုပ်နေတဲ့ central library ထဲကို ရွှေသော့တစ်ယောက် တချွင်ချွင်နဲ့ ရောက်လာပြန်ပါတယ်။ 'နှစ်ယောက်တွဲမထိုင်ရ'ဆိုတဲ့ စာတန်းကို သေသေချာချာ ဖတ်ပြီး ခုံတစ်ခုံဆွဲလို့ ကျွန်တော့်နား လာထိုင်တယ်။ ပြီး...

'သိန်...နေကောင်းလား...'တဲ့။

မသိတဲ့သူကတော့ ကျွန်တော့်နာမည်ကို သိန်လို့ ထင်မှာပဲ။ ရောက်မဆိုက် နှုတ်ဆက်ပုံကိုလည်း ကြည့်ဦးလေ...။

'ကောင်းပါတယ်'

'ကျွန်မက ရှင့်ကို အကြွေးဆပ်မလို့'

ကျွန်တော် မျက်မှောင်ကြုတ်လိုက်မိတယ်။

'ဘာအကြွေးလဲ...'





'အရင်တစ်ခေါက်က ရေပဲ သောက်သွားရတဲ့ အကြွေးလေ...'

ကျွန်တော် ရုတ်တရက် ပျော်သွားတယ်။ သူနဲ့အတူ အပြင်ထွက်ခွင့်ရတော့မှာကိုး။ ဒါပေမယ့် ကိုသိန်ကို ဖုန်းဆက်ခေါ်ရမယ့် တာဝန်နဲ့ ကတိကို သတိရလိုက်တဲ့အချိန်မှာ ကျွန်တော် မပျော်နိုင်တော့ဘူး။

'ခု လိုက်စားရမှာလား'

'အင်းလေ ရှင်ဆာရင်ပေါ့'

'ဆာပါတယ်... ခုပဲ ပြန်ထွက်တော့မလို့၊ ဒါနဲ့ ကျွန်တော် ဒီမှာမှန်းခင်ဗျားက ဘယ်လိုသိ...'

'သိတာပေါ့...ရွှေသော့ပဲဟာ...'

ဘာမှလည်း မဆိုင်ပါဘူး။ ဒါပေမယ့် သူက ဆိုင်သလို ပြောတာမို့ ကျွန်တော်လည်း ဆိုင်သလို နေပေးလိုက်တယ်။ စဖြစ်အောင်တော့ စလိုက်သေးတယ်။

'နင်က အနံ့ခံကောင်းလို့လား...'

'ဒါပေါ့...'

ရုတ်တရက်မို့ သူက ခပ်တည်တည်နဲ့ ခေါင်းလေး မော့ပြီး ထောက်ခံသေးတယ်။

'အေးလေ...အမျိုးကောင်းလို့ နေမှာပေါ့...'

ကျွန်တော့်နောက်ဆက်တွဲစကားကို ကြားတော့မှ သူ သဘောတွေပေါက်သွားပြီး ကျွန်တော့်ကို ထုဖို့ ရွယ်ပါတော့တယ်။ ဒီတစ်ခါ လက်ထဲမှာပါသွားတာက ကျွန်တော့်ရဲ့ electronic dictionary...။ ထုခံရလို့ကတော့ ကျွန်တော်ကော dictionary ကော မချောင်ပါဘူး...။

'မလုပ်နဲ့...ဒါက တန်ဖိုးကြီးတယ်'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ကျွန်တော့် electronic dictionary ကို ပြန်လှလိုက်တော့ ရွှေသော့က မဲ့တယ်။

'ဒါမျှား...ဘယ်နှလုံး ယူမလဲ...'တဲ့။

ရွှေသော့ကြည့်ရတာ တော်တော်လေးကို ပြည့်စုံကြွယ်ဝပုံရပါတယ်။ ရုပ်ရည်ကအစ အနေအထိုင် အပြောအဆိုအလယ် အသုံးအဆောင်ပစ္စည်း အဆုံးပေါ့။ အရင်က အမိမဲ့၊ အဖေဝေး၊ သူများ မိသားစုရင်ခွင်မှာ ကြီးခဲ့ရတဲ့ ကောင်မလေးဘဝနဲ့ စာရင်...ဒီဘဝက အရမ်းကို အဆင်ပြေမှာပါ။ ဒါ...အရင်က သူမ ပြုခဲ့တဲ့ ဒါနကြောင့် ထင်ပါရဲ့။

'ရှင်...ဘာစားမလဲ...'

'ကျွေးတာ စားမယ်လေ...'

'ကျွန်မ ဘယာကြော် ဝယ်ကျွေးရင်ကော...'

'ကောင်းတာပဲ...'

ကျွန်တော် ရွဲ့တာ မဟုတ်ပါဘူး။ တကယ်ပါ။ ရွှေသော့တိုက်ရင် ရေတောင် အရသာ ရှိသေးတယ်လို့ ထင်တဲ့ ကောင်ပဲ...။

'တကယ်ပြောတာဆိုရင်တော့ ရှင်က ခင်စရာကောင်းပါတယ်'

ဘာကြောင့်ပဲချချ...အဲဒီမှတ်ချက်ကတော့ ကျွန်တော့်အတွက် တန်ဖိုးရှိတာ အမှန်ပဲ။ ကျွန်တော် (လောလောဆယ်) ရွှေသော့နဲ့ တရင်းတနှီး ခင်ခွင့်ရရင်တောင် ကျေနပ်မှာ အမှန်ပါပဲ။ ကိုသိန်းအကြောင်း မပါဘဲနဲ့လေ...။

ရွှေသော့က ကျွန်တော့်ကို Fuji Coffee House ကို ခေါ်သွားပါတယ်။ နေရာက အရမ်းကို သီးသန့်ဆန်တဲ့ နေရာပါ။ ကျွန်တော် တစ်ခါမှ မရောက်ဖူးပေမယ့် ရွှေသော့ကြည့်ရတာတော့ အဲဒီနေရာနဲ့ use to ဖြစ်နေတဲ့ ပုံပဲ။ ကားဝင်တာ၊ ကား parking ယူတာကအစ driver ကို သူကပဲ တိတိကျကျ ညွှန်ကြားတယ်။ အထဲ ဝင်သွားတော့လည်း သူမက စားပွဲတစ်လုံးဆီ တန်းသွားတယ်။ သူ့အိမ်သူ့ယာကို ပြန်လာတဲ့ လူတစ်ယောက်လိုပဲ သူမကို ကြည့်ရတာ သက်သောင့်သက်သာ ရှိလွန်းလှပါတယ်။

'ရော့...menu ရှင်မှာချင်တာမှာ။ ကျွန်မကတော့ corn soup နဲ့ vegetable salad ပဲ မှာမယ်'

ကျွန်တော်ကတော့ menu ကို ဖတ်ပြီး ကျွန်တော် စားနေကျအရာကိုပဲ မှာလိုက်ပါတယ်။ ကျွန်တော့်အတွက် အရေးကြီးတာက အစားမဟုတ်ဘူးလေ...။

'ဒါနဲ့ ရွှေသော့...'

'ဘာလဲ...'

'ရွှေသော့က ဘာတက်နေတာလဲ...'

'ဒီကျောင်းမှာလား'

'ဗြင်းလေ...'

'ဘာတက်နေတယ်ထင်လဲ...'

သူကပဲ မေးခွန်းပြန်ထုတ်နေပါသေးတယ်။

'Diploma တစ်ခုခုတော့ ထင်တာပဲ...'

'ရုပ်က master ရုပ်သော်လည်းကောင်း၊ Ph.D ရုပ်သော်လည်းကောင်း မပေါက်ဘူးလို့ ဆိုလိုချင်လိုက်တာလား...'

'အာ...မဟုတ်ပါဘူး...'

'ဘာပဲပြောပြော...ရှင်တော်ပါတယ်...'

'ဗျာ...'







www.burmeseclassic.com

www.burmeseclassic.com



'တော်တယ်လို့ diploma တက်နေတာ အမှန်ပဲလေ...'

'ဘာ diploma လဲ...'

'ဘာ diploma လို့ ထင်လဲ...'

စိတ်ညစ်ရတဲ့အထဲမှာ အဲဒါတွေ ပါတာပေါ့။ ကျွန်တော်က ဒီကျောင်းထဲမှာ HRD က diploma တန်း ဘယ်နှခုလောက် လာဖွင့်ထားပြီး ဘာတွေပါ...ဆိုတာ စာရင်းကောက်ထားတဲ့ ကောင်မှ မဟုတ်တာ၊ ဘယ်သိနိုင်ပါ့မလဲ...'

'မထင်တတ်ဘူး...'

'တောင်ငူဘက်မှာတက်တာ...'

'တောင်ငူဘက်မှာက အစုံရှိတာပဲ။ Global တော DBL တို့၊ Apply Psychology တို့၊ DML တို့ အစုံပဲ...မထင်တတ်ဘူး'

'ကျွန်မ Global တက်နေတာ...'

'ဩော်...အခန်းကရော...'

'ဘာလုပ်မလို့လဲ...'

သူမက ကျွန်တော့်ကို မသင်္ကာသလို ကြည့်ပြီး ပြန်မေးတယ်။ အမှန်က ဒီမေးခွန်းက တစ်ချက်ခုတ် နှစ်ချက်ပြတ်တဲ့မေးခွန်းပါ။ ကျွန်တော်သိချင်တာရော၊ ကိုသိခ်မေးရင် ဖြေနိုင်ဖို့ကော၊ ရာခိုင်နှုန်းနဲ့တွက်ရင်တော့ ကျွန်တော်သိချင်တာက ပိုများတယ်။

'သိထားရအောင်ပါ...'

'သိတော့ ဘာလုပ်မလို့လဲ...လာလည်မှာလား'

'လာလည်လို့ ရလို့လား...အင်း...ကျွန်တော်က တစ်မနက်လုံး မအားတတ်ဘူး...ခင်ဗျားတက်တာက ဘယ်အချိန်လဲ...'





'မနက်စောစော...'

'လွဲတာပဲ...'

'စိတ်မကောင်းပါဘူး'

သူမက, ရွှဲ့တဲ့တဲ့ လေသံလေးနဲ့ ပြောပါတယ်။ ကျွန်တော်က တကယ်စိတ်မကောင်းတာပါ။ သူတို့လို လှ္ပာဖျားလေးနဲ့ မဟုတ်ပါဘူး။ လောလောဆယ် ပိုစိတ်မကောင်းစရာကောင်းတာက အနီးအနားမှာ ကိုသိခ်ကို အကြောင်းကြားစရာ ဖုန်းမရှိတာပဲ။ ဒီကောင်မလေးကလည်း ကြည့်တော့သာ တကယ့်ကို smart ကျကျ အဆင့်မြင့်မြင့်ချမ်းချမ်းသာသာ ပုံပေါက်တာ၊ လက်ထဲမှာတော့ လက်ကိုင်ဖုန်း မပါရှာဘူး။

'ရှင်...ဘာကြီးနေပြန်တာတုံး...'

ရောက်လာတဲ့ စားစရာကို ကျွန်တော့်ရှေ့ ရွှေ့ပေးရင်း ကျွန်တော့်ကို မသင်္ကာသလို မေးပြန်ပါတယ်။

'ခင်ဗျားကလည်း အလကားနေ လူကို မသင်္ကာနေတာပဲ...'

'ဘာလို့ ငြိမ်သွားလဲ...'

'စဉ်းစားနေတာ'

'ဘာစဉ်းစားနေတာလဲ'

'ခင်ဗျားလေး အလုပ်မှ မဟုတ်တာ...'

ဒီလိုပြောလို့ ငြိမ်ခံသွားမယ် မထင်ပါနဲ့။ မယ်မင်းကြီးမလေး ပြန်ပြောပုံကို ကြည့်ပါဦး။

'ကျွန်မနဲ့ မဆိုင်ရင် ကျွန်မရှေ့မှာ မစဉ်းစားနဲ့...'တဲ့။

ကျွန်တော်ကတော့ ဖုန်းမရှိတော့တာ သေချာသွားတဲ့အတွက် စိတ်ထဲကနေ ကိုသိခ်ကို ရေစက်ချလိုက်မိတယ်။ ဒီတစ်ခါတော့ လွဲပြန်ပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အမှန်က စောစောက စာကြည့်တိုက်ကအထွက် ရှေ့ဘက်မှာ သွားဆက်ရမှာ။ ဒါပေမယ့် မရွှေချောရဲ့ ရွှေရောင်ကားကြီးက ခပ်တည်တည်နဲ့ စာကြည့်တိုက်ဝန်းထဲထိ ဝင်ရပ်နေတော့ ကားပေါ်ပဲ အရင်တက်ခဲ့ရတယ်။

သူမကတော့ corn soup ကို မွှေရင်း ကျွန်တော့်ကို မေးတယ်။

'ခု စဉ်းစားနေတဲ့ထဲ သိခ်အကြောင်းကော ပါလား...'

'အင်း...ပါတယ်...'

'ခု...ရွှေသော့နဲ့ တွေ့နေပြီဆိုပြီး ကိုသိခ်ရေ လာပါလို့လှမ်းအကြောင်းကြားမလို့လား...'

မြတ်စွာဘုရား...။ ကျွန်တော် ယောက်ျားရင့်မကြီးသာ မဟုတ်ရင် ယောင်ယမ်းပြီး ဘုရားကို အကျယ်ကြီး တမိမှာပဲ။ အကြားအမြင်ရပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေကောင် ဒီကောင်မလေးလောက် မှန်နိုင်ပါ့မလား တွေးမိတယ်။ ကျွန်တော် မျက်လုံးပြူး ကြည့်နေတုန်း သူမက ဆက်ပြောတယ်။

'အပြင်မှာ ရပ်ထားတဲ့ ကားရယ်၊ ဒရိုင်ဘာရယ်ကို ကျော်ဝင်လာနိုင်မယ်ထင်ရင် ရော့...'

လက်ကိုင်အိတ်သေးသေးလေးထဲက ဖုန်းတစ်လုံး ထုတ်ပေးပါတယ်။ ကျွန်တော်ဖြင့် ခုထိ ဘာပြန်ပြောရမှန်းကို မသိသေးတာ။ အလကားနေရင်း ရွှေသော့ကိုလည်း ကျောချမ်းချင်သလို ဖြစ်လာမိတယ်။ သူမကို ကြည့်ရတာ ပကတိပါပဲ။ ကျွန်တော်ကပဲ သူ့အကဲခတ်နိုင်လောက်အောင် လှုပ်ခတ်သွားခဲ့မိလို့များလား...။ ဒါဆိုလည်း ကျွန်တော့်ရင်ထဲက လှုပ်ခတ်မှုအားလုံးကို မပြောရပဲနဲ့ သိလိုက်ပါတော့လား...။

ကျွန်တော်က တွေးကောင်းတုန်း သူမက ဆက်ပြောတယ်။

'တခြားနည်း စဉ်းစားပါလား ဩဇာရယ်၊ ကျွန်မလည်း သိခ်နဲ့ ခဏပဲ





ဖြစ်ဖြစ် တွေ့ချင်ပါသေးတယ်'တဲ့။

တစ်လုတ်စားဖူး သူ့ကျေးဇူးတဲ့...။

သူကျွေးတာကို စားနေတာ သေချာပေမယ့် သူ့ကို တခြားနည်းနဲ့ပဲ ကျေးဇူးဆပ်ချင်နေမိတာ၊ ကျွန်တော် မလွန်ဘူး ထင်ပါရဲ့...။



www.burmeseclassic.com

www.burmeseclassic.com



(၈)

ထုံးစံအတိုင်း ဖြစ်ကြောင်းရယ်ကုန်စင်ကို ပြန်ပြောပြလိုက်တော့ ညီညီက မကျေမနပ်နဲ့ ပြောမဆုံးဘူး။

'မင်းကလည်းကွာ...ဒီကားနဲ့ ဒရိုင်ဘာကို ကျော်နိုင်တဲ့ သတ္တိလောက်တော့ ကိုသိန်မှာ ရှိမှာပါ...'

ကိုသိန်က မလှုပ်ပါဘူး။ ညီညီကပဲ ထပ်ပြောတယ်။

'မကျော်နိုင်လည်း မရောက်ခင်က လှမ်းကြည့်ရုံလောက်ဆို ရပါတယ်'

ကိုသိန်က နည်းနည်းပြုံးတယ်။ ပြုံးတယ်ဆိုရုံလေး၊ ညီညီကပဲ ဆက်ပြောတယ်။

'မကြည့်ရလည်း သူ့ဖုန်းနံပါတ်လောက်တော့ တောင်းခဲ့သင့်တာပေါ့...'

ဒါလည်း ကိုသိန်က မထောက်ခံပါဘူး။ ညီညီပဲ သူ့စကားသူ ပြန်ဖြေတယ်။





'အင်းလေ... လူချင်းတွေ့ရမှ ဖြစ်မှာ၊ ဖုန်းပြောလို့ ရုပ်မြင်ရတာမှ မဟုတ်တာ...'

ကိုသိန်တော့ မသိဘူး။ ကျွန်တော်က အတော်နားကြားပြင်းကတ်နေပြီ...။

ဒါကြောင့် မျက်မှောင်ကို အစွမ်းကုန်ကြုတ်ပြီး ညီညီ့ကို ကြည့်လိုက်မိတယ်။ ဒီတော့မှ ညီညီက သွားဖြဲလေးနဲ့ ရယ်တယ်...။

'ငါ...ကိုသိန်...ကိုယ်စား ပြောပေးနေတာ...'

ကိုသိန်က ကျွန်တော့်ကို မေးတယ်...။

'သူ့ security က အဲလောက်တောင် မာတာ သေချာလား'

'ဒါတော့ မသိဘူးကိုသိန်...အဲဒီ ဒရိုင်ဘာက ဗလတော့ ခပ်ကောင်းကောင်းပဲ...'

'မင်းနဲ့ကျ အဆင်ပြေလား'

'ပြေပါတယ်။ သူတို့ကြည့်ရတာ ရွှေသော့မိတတွေ မှာထားတဲ့ ကိုသိန်လွဲရင် ကားပေါ် ဘယ်သူခေါ်တင်တင် ဘယ်သူနဲ့တွေ့တွေ့ ခွင့်ပြုမယ့်ပုံပဲ...'

ကျွန်တော်ကတော့ စိတ်ထဲမှာ ရှိတဲ့အတိုင်း ပြောလိုက်မိတာပါ။ ကိုသိန် စိတ်မကောင်းဖြစ်သွားပုံ ရတယ်။

'တကယ်တော့ ရွှေသော့က ငါ့ရဲ့ ကျေးဇူးရှင်ပါ။ သူ့ဘဝနဲ့ ရင်းပြီးတော့ကို ငါ့ဘဝကို တည်ဆောက်ပေးသွားခဲ့တာ၊ သူဟာ တကယ်ပဲ ရွှေသော့ရင် ငါလည်း တွေ့ချင်သလို သူလည်း တွေ့ချင်မှာပဲ၊ တွေ့လည်း တွေ့ချင်ပါတယ်။ ခက်တာက ဒီဘဝဟာ ရွှေသော့အတွက် ဘယ်လို စာမျက်နှာသစ်တွေ ပြဋ္ဌာန်းထားမှန်းမှ မသိတာပဲ...'



www.burmeseclassic.com

www.burmeseclassic.com



ကိုသိန်းရဲ့ ဆွေးဆွေးမြည့်မြည့် လေသံတွေကြားမှာ ကျွန်တော်ကော ညီညီပါ မှော့ချင်သွားရတယ်။ အဲဒီ ပြဒါးချက်အသစ်ရဲ့ စာမျက်နှာတွေထဲမှာ ကျွန်တော်ဟာ တစ်စိတ်တစ်ဒေသတော့ ပါနေလောက်တယ်လို့ ဖျတ်ခနဲ တွေးမိတာက တစ်ကဏ္ဍပေါ့။ မသေချာတာက ဇာတ်ရဲဇာတ်ပို့လား၊ မင်းသားလား။ မင်းသားဆိုခဲ့ရင်တောင် ဇာတ်သိမ်းထိ ဇာတ်ညွှန်းထဲပါမယ့် မင်းသားလား…စောစောစီးစီး ဝေးသွားရမယ့် မင်းသားလား ဆိုတာပါပဲ…။

'ဒီလို လုပ်ပါလား ကိုသိန်း…'

အလိုက်ကန်းဆိုး မသိတဲ့ ပညာရှိ ညီညီက ဝင်ပြောပြန်ပါတယ်။ ဒီတစ်ခါတော့ ကိုသိန်းက ညီညီ့စကားကို အဖက်လုပ်ရှာပါတယ်။

'ဘယ်လိုလဲ…ညီညီ…'

'ကိုသိန်းက တစ်နေရာကနေ စောင့်နေပြီး ဩဇာက ရွှေသော့ကို ခေါ်လာတာမျိုး…'

'ရမလားကွ…ငါမှ သူ့မပိုင်တာ…'

ကျွန်တော်က အဲဒီလို ငြင်းတော့ ကိုသိန်းက ထောက်ခံပါတယ်။

'အင်းလေ…အဲလိုတော့ ဘယ်ရမလဲ ညီညီရဲ့'

'မဟုတ်ဘူးလေ ကိုသိန်းရဲ့၊ ခုလိုပဲ ဩဇာကို ရွှေသော့က လာခေါ်ပြီး တစ်နေရာရာ သွားတော့မယ်ဆိုရင် ဘယ်သွားမယ်ဆိုတာ ကြိုဖုန်းဆက်ထားလိုက်၊ အဲဒီကနေ ကိုသိန်းက ကြိုစောင့်နေလိုက်…'

ကိုသိန်းက ရယ်တယ်။

'ဆိုးတော့ မဆိုးပါဘူး။ ဒါပေမယ့် ပြောခဲ့ဖူးသလိုပဲ ဩဇာအကြောင်းကြားမှာနဲ့ ငါထွက်လာမှာနဲ့တောင် အဆင်ပြေဖို့ မလွယ်ရတဲ့ထဲ ကြိုစော





နေရမယ်ဆိုတာကြီးက မဖြစ်နိုင်လောက်ပါဘူး…'

'ဒါဆို…ကိုသိန်းတို့ ရုံးနားက တစ်နေရာရာ ဆိုရင်ကော…'

'ဘယ်လိုမှ မဖြစ်နိုင်ဘူး'

ဒါက ကျွန်တော် ဝင်ငြင်းလိုက်တာပါ။ ကိုသိန်းကကော၊ ညီညီကရော ကျွန်တော့်ကို စူးစမ်းငွေ့တွေ ပါတဲ့ အကြည့်နဲ့ ကြည့်တယ်။ ကျွန်တော်ရှင်းပြရတော့မှာပေါ့…။

'ဒီလိုလေ…'

'ဘယ်လိုလဲ ရှင်းစမ်းပါဦး'

ညီညီက ခပ်ထေ့ထေ့လေသံနဲ့ ပြောတယ်…။

'ကိုသိန်းနဲ့ ပတ်သက်လာရင် အားလုံး တားမြစ်ထားမှတော့ ကိုသိန်းရုံးကိုလည်း သိနေမှာပဲ၊ ဒီတော့ အဲဒီ ဧရိယာတစ်ဝိုက်ကိုလည်း ရှောင်မှာပဲ. သွားလို့ ရမှာ မဟုတ်ဘူးလို့ ကျွန်တော် တွေးမိလို့ပါ…'

ကိုသိန်းက ခေါင်းတစ်ချက်ညိတ်ပြီး ထောက်ခံတယ်။

'ထားလိုက်ပါကွာ၊ မီးစင်ကြည့်ကတာပေါ့။ ကိုယ်တို့ တွေ့ခွင့်ကြုံလာရင် တွေ့ရမှာပဲ…မကြုံတော့လည်း မကြုံလို့ပဲလို့ ထားလိုက်ပါ။ သိန်း ဘဝမှာက ဒါမျိုးတွေက သိပ်မဆန်းတော့ပါဘူး…'

ဒီလိုကျတော့လည်း ကိုသိန်းကို ကျွန်တော် သနားသွားပြန်တယ် 'သံယောဇဉ်'ဆိုတာက မီးငွေ့ငွေ့လေးနဲ့ တူတယ်။ အခန့်မသင့်ရင် ပူပြီး ထတောက်ချင် တောက်နေနိုင်သေးတဲ့ အရာမျိုးလေ။ ဒီထဲမှာမှ ကိုသိန်းဘဝက ချစ်တဲ့သူတွေနဲ့ ကွေကွင်းခဲ့ရသေးတယ်ဆိုတော့ ခု ကျွန်တော် ခံစားနေရတာနဲ့စာရင် ပိုပြီး သနားစရာကောင်းနေပြန်ပါတယ်။

ညီညီက စောစောက ဝင်ရှုပ်ခဲ့တာ သူမဟုတ်သလိုနဲ့ သူ့ computer



www.burmeseclassic.com

www.burmeseclassic.com



screen ပေါ် ဆင်လက်စ design ပေါ် အာရုံရောက်သွားပြန်တယ်။ ကျွန်တော်ကလည်း ဘာဆက်ပြောရမှန်း မသိ။ ကိုသိန်းကိုပဲ ဖြေသိမ့်ပေးရမလား၊ ကိုယ့်ကိုယ်ကိုပဲ ဖြေသိမ့်ရမလား ဇဝေဇဝါဖြစ်နေဆဲ...။ ကိုသိန်းကတော့ တစ်စုံတစ်ခုကို သတိရသွားသလို 'ခဏ' ဆိုပြီး သူ့အခန်းဘက် ပြန်ကူးသွားတယ်။

ကိုသိန်း ထွက်သွားတော့မှ ညီညီက ကျွန်တော့်ဘက် ပြန်လှည့်လာတယ်။

'ဩဇာ...'

'ဘာလဲ...'

'မင်း ကြည့်ရတာ တစ်ခုခု မှားနေသလိုပဲ...'

'မှားတယ်...ဟုတ်လား'

'ဟုတ်တယ်...'

'တစ်ခုက လို့လားကွာ'

အမှန်က ကျွန်တော်တစ်ခုမက မှားနေတာပါ။ ဒါပေမယ့် စကားကို ပေါ့သွားအောင် လုပ်လိုက်သလိုမျိုးနဲ့ ညီညီ့ကို ပြန်မေးလိုက်တယ်။ ညီညီက ရယ်တယ်။

'တစ်ခုက မက ကတော့ မင်းမှပဲ သိမှာပေါ့ကွာ...'

'မင်းက ဘာတွေ လာပြောနေပြန်တာလဲ ညီညီ...'

'တည့်တည့်ပြောရရင်တော့ မင်း ရွှေသော့ကို ရင်ထဲထည့်လိုက်မိပြီလား...'

မြတ်စွာဘုရား၊ ခုတလော ကျွန်တော် အကြားအမြင်ပညာရှင်တွေနဲ့ ချည်း တွေ့နေသလား မှတ်ရတယ်။ ကျွန်တော် ရင်ချင်းမှာ ဘာပြန်ဖြေ





ရမှန်း မသိဘူး။ ကြောင်အနေမိတယ်။ သူတို့ကပဲ လှပ်လွန်း တော်လွန်းတာလား၊ ကျွန်တော်ကပဲ သူများ အကဲခတ်နိုင်လောက်အောင် အထိန်းအချုပ်မဲ့နေလို့လား စဉ်းစားမရဘူး...။

'မင်း...ဘာလို့ အဲလို မေးရတာလဲ...'

'မင်းကြည့်ရတာ ဟန်မှ မဟန်ပဲ...'

'မဟန်လောက်အောင် ငါက ဘာဖြစ်နေလို့လဲ...'

'တခြားသူ့အတွက်တော့ မဖြစ်ပါဘူး။ ငါ့အတွက်ကတော့ ဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ခါတိုင်း တက်တက်ကြွကြွနဲ့ သူများကို ခဲရာခဲဆစ်တောင် ကူညီတတ်တဲ့သူက ခုကျ နှောင့်နှေးနေတာက တစ်မျိုး၊ ဆန့်ကျင်ဘက်တွေ တွေးတာက တစ်မျိုး၊ မဖြစ်နိုင်တဲ့ ရှုထောင့်ကချည်း ပတ်မြင်နေတာက တစ်ဖုံနဲ့...'

သူ့စွဲချက်တွေက များသလောက် မှန်သင့်သလောက်လည်း မှန်နေပြန်တော့ မခက်ဘူးလား၊ ကျွန်တော် ဝန်ခံချင်လို့ မဟုတ်ပေမယ့် ဘာပြောရမလဲ စဉ်းစားရင်း တဒင်္ဂလောက် ငြိမ်သက်သွားမိတယ်။ သေချာတာကတော့ ဒီအချိန်မှာ ကျွန်တော် ဝန်မခံချင်သေးဘူး။ ဒီလိုဖြစ်သွားတာ တကယ်ဟုတ်မဟုတ်...ကျွန်တော့်ကိုယ်ကျွန်တော်လည်း စစ်ကြောကြည့်ရဦးမယ်။ ပြီးတော့...ကိုသိန်း မျက်နှာကလည်း ရှိသေးတယ်။

'အဲလိုတော့ မဟုတ်ပါဘူး ညီညီရာ...'

'ဟုတ်လောက်နီးနီးလား...'

'အာ...အဲလိုလည်း မဟုတ်ရပါဘူး'

'သေချာလား...'

'သေချာလား...'



www.burmeseclassic.com

www.burmeseclassic.com



ဒီမေးခွန်းကိုတော့ ကျွန်တော် သံယောင်လိုက်မိတယ်။ ဟုတ်တယ်လေ။ သေချာတယ်လို့ ဖြေလို့ မဖြစ်သလို မသေချာဘူးလို့လည်း ဖြေလို့မှ မရတာ။ ဒါပေမယ့် အလိုက်ကန်းဆိုး မသိတဲ့ ညီညီက ထပ်မေးတယ်။

'ဟုတ်တယ်...သေချာလားလို့ မေးတာ...'

'မသိဘူး...'

ရှေးလူကြီးတွေ ပြောခဲ့တဲ့ 'ဘူးတစ်လုံးဆောင် အိုတောင် မဆင်းရဲဘူး' ဆိုတဲ့ စကားပုံကို ယူပြီး သုံးလိုက်ရတယ်။ ခုချိန်မှာ ဒါဟာ 'ဥပဒ်လွတ်၍ ရှိုးသားသော မုသာဝါဒ'လေ။ ညီညီကတော့ ခေါင်းညိတ်တယ်။

'မဆိုးပါဘူး၊ ဒီလောက် သိရရင် ကျေနပ်ပါတယ်'တဲ့။

ကျေနပ်ပါမှပဲ၊ မကျေနပ်လို့လည်း မရတော့ဘူး။ ကိုသိန်းအခန်းဘက်က တံခါးပိတ်သံ ကြားလိုက်ရပြီလေ...။ စက္ကန့်ပိုင်းအတွင်း ကိုသိန်းက ရောက်လာတော့မှာ...။

ကိုသိန်းပြန်ဝင်လာတော့ လက်ထဲမှာ ကျွန်တော်တို့ သောက်ဖို့ Coke သုံးဘူး ပါလာတယ်။ တစ်ဘူးစီ ဝေငှပေးလိုက်ရင်း...

'တစ်ခု သတိရလို့ သွားယူတာ...'

ဆိုပြီး အင်္ကျီအိတ်ထဲက တစ်စုံတစ်ခုကို နှိုက်ထုတ်လိုက်တယ်။ လက်ထဲ ပါလာတာက ရွှေဟောင်းကြေးဝါသော့နဲ့ တူသော ရွှေရောင်သော့ကလေးတစ်ချောင်း။ အဲဒီသော့ကလေးပေါ်မှာ ကျောက်အနီအဖြူလေးတွေ တစ်ရောင်ခြား စီထားသေးတယ်။

'လှလိုက်တာ...'

ညီညီက ဖျတ်ခနဲ လှမ်းယူကြည့်တယ်။

'ဟုတ်တယ်။ အဲဒါ ရွှေသော့ဟာပဲ၊ ရွှေသော့ ကျန်ခဲ့တာကို မေမေက





သိမ်းထားခဲ့တာ။ အဲဒါလေး သူ့ကို ပြပေးလိုက်ပါ။ သူဘာပြောမလဲ ကိုယ်သိချင်တယ်...'

ညီညီက ခုထိ အသံမထွက်သေးတဲ့ ကျွန်တော့်ကို သော့ကလေး လှမ်းပေးတယ်။ သော့မှ တကယ့်သော့ပါ။ လော့ကက်လည်း မဟုတ်ဘူး။ ဘာ ရည်ရွယ်ချက်နဲ့ လုပ်ထားမှန်းလည်း မသိဘူး။ ကျွန်တော် သိစရာမလိုတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့...။

ကျွန်တော် သော့ကလေးကို လှမ်းယူလိုက်တယ်။

ပြီးတော့ ဘယ်သူမှ မသိအောင်လည်း စိတ်ကူးယဉ်လိုက်သေးတယ်။

ဒီသော့ကလေးဟာ ကျွန်တော့်အတွက် ရေးသားထားတဲ့ စာမျက်နှာတွေကို ဖွင့်ပေးမယ့် သော့ကလေးသာဆို ဘယ်လောက် ကောင်းလိုက်မလဲလို့...။



www.burmeseclassic.com

www.burmeseclassic.com



(ည)

ဒီတစ်ခါတော့ အတန်းကို မဖျက်စဖူး ဖျက်ပြီး တောင်ငူဆောင် Canteen က ဦးချစ်ဆိုင်မှာ ထိုင်ရင်း မနက်ပိုင်း Global တွေ ဆင်းတာကို မသိမသာ ထိုင်စောင့်နေမိတာက ကျွန်တော်ဖြစ်သွားတယ်။ ထုံးစံအတိုင်း အဲဒီအချိန်ကျ တခြား Apply Psychology တို့၊ DBL တို့လို Diploma တန်းတွေလည်း ဆင်းတော့ လူတွေကို အများကြီးပဲ။ ဒီလောက်များတဲ့ လူတွေထဲမှာ ရွှေသော့ကို ရှာရတာ ခက်တယ်လို့ ထင်ရင်မှားမှာပေါ့။ တောင်ငူဆောင်ရှေ့မှာ ရပ်ထားတဲ့ သူ့ကားရွှေရောင်ကြီးက ဘယ်လိုမှ ပြေးမလွတ်တဲ့ ပစ်မှတ်ပဲလေ။ အဲဒီကို ကြည့်နေရုံပဲပေါ့။ ဒါပေမယ့် ကားပေါ်က ဒရိုင်ဘာက ကျွန်တော့်ကို တစ်ချက်တစ်ချက် လှမ်းကြည့်နေပုံက တစ်မျိုးပဲ။ သူနဲ့ကျွန်တော် ဆုံနေတာ နှစ်ခါတောင် ရှိပြီ။ သိနေပြီလို့ ပြောရင်လည်း ရတဲ့သူတွေကို နှုတ်မဆက်ဘဲ ကြည့်နေပုံက တစ်မျိုးကြီး...။





ဟော...တွေ့ပါပြီ။ ကားနားကို တရွေ့ရွေ့ လှမ်းလာနေတဲ့ ရွှေသော့ဆိုတဲ့ကောင်မလေး။ တော်ရုံအသားအရေနဲ့ ဘယ်လိုမှ မလိုက်ဖက်နိုင်တဲ့ ငုဝါရောင်တောက်တောက်ကို အညိုရောင် စကဒ်နဲ့ တွဲဝတ်ထားတယ်။ ကျွန်တော် ခပ်သွက်သွက်ပဲ လှမ်းထွက်သွားလိုက်တယ်။

'ရွှေသော့...'

'အယ်...ဩဇာ...'

'သိခ်နေကောင်းတယ်သိလား...'

ကျွန်တော့်နှုတ်ဆက်ပုံက ကလေးတွေ ကလဲ့စားချေသလိုများ ဖြစ်နေလား မသိဘူး။ ဒါပေမယ့် ရွှေသော့က မျက်စောင်းလေးထိုးပြီး ချစ်စဖွယ် ပြုံးတယ်။

'ဒီတစ်ခါ ဩဇာက လာတွေ့တာဖြစ်တဲ့အတွက် ဩဇာကျွေးရမယ့် အလှည့်၊ ကျွန်မ breakfast မစားရသေးဘူး'

'လာလေ...တစ်ခါတည်း ဝင်စား၊ ကျွန်တော် ဦးချစ်မှာ ထိုင်နေတာ...'

ရွှေသော့က နှာခေါင်းလေး ရှုံ့တယ်။

'အကုန်အကျတွေ များနေဦးမယ်...တဲ့။

'အာ...ကျွန်တော်က အဲလိုပြောတာ မဟုတ်ပါဘူး၊ တွေ့တဲ့နေရာ ခေါ်မိတာပါ။ ရွှေသော့က ဘယ်မှာ စားချင်တာလဲ...'

'ရွှေသော့လား...'

'အင်းလေ...'

'လေကောင်းလေသန့် ရတဲ့ ကမ်းပါးဘေးက ဆိုင်မျိုးမှာ... စားချင်တာ...'

'အင်းလျားလား...သွားလေ'



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ဘူး၊ ပုသိမ်က ဆိုင်တစ်ဆိုင်ကို ပြောတာ...'

'အာ...'

သူ့ဘာသာသူပြောပြီး သူ့ဘာသာသူ သဘောတကျ ရယ်နေသေးတယ်။

'ကဲပါ...ခုတော့ အင်းလျားပဲ သွားရအောင်...'

ကျွန်တော်က ပြောတော့ သူ မငြင်းပါဘူး။ 'ကောင်းတာပဲ... လာလေ...' ဆိုပြီး ကားပေါ်တက်သွားလို့ လိုက်တက်ခဲ့ရတယ်။ ခုနက ကျွန်တော့်ကို လှမ်းလှမ်းပြီး ချိုကြည့်ကြည့်နေတတ်တဲ့ ဒရိုင်ဘာကြီးက ခုတော့လည်း ဘာမှ မဖြစ်သလိုနဲ့...။

အင်းလျားရောက်တော့ ကျွန်တော်တို့ 'ရှမ်းအိုးစည်'မှာ ထိုင်ဖြစ်ကြတယ်။

ရွှေသော့ကြည့်ရတာ ရှမ်းစာကို ကြိုက်ပုံပဲ။ ရှမ်းခေါက်ဆွဲ၊ တိုဟူးကြော်၊ ကော်ဖီတွေမှာတယ်။ ကျွန်တော့်ကိုလည်း လှမ်းမေးလိုက်သေးတယ်။

'ဘာမှ မစားဘူးလား၊ ကျွန်မစားတာ များလို့လား'

'မဟုတ်ဘူး၊ ကျွန်တော်က ဦးချစ်ကို အစောကြီးတည်းက ရောက်နေတာ၊ လက်ဖက်ရည်နဲ့ မုန့်စားထားလို့ ခု တိုဟူးကြော်စားမယ်လေ...'

'စားစား...ဒါနဲ့ ရှင်က ကိစ္စရှိလို့ လာစောင့်နေတာလား'

ဘယ်လိုဖြေရမှန်းတောင် မသိဘူး၊ ကိစ္စကတော့ ရှိတာပေါ့။ ကိုသိန်းကိစ္စရော ကျွန်တော်တွေ့ချင်တဲ့ကိစ္စရော...။

'ဆိုပါတော့...'

'ဘာကိစ္စလဲ...'





'သော့ကိစ္စ...'

ကျွန်တော်က အိတ်ထဲက အဖိုးတန်ကျောက်စီ ရွှေဟောင်း ရွှေသော့လေးကို ရည်ရွယ်ပြီး ပြောတာပါ။ သူက သူ့ကို နောက်တယ်ထင်ပြီး မျက်စောင်းထိုးတယ်။ ဒီနေ့သူ ကျွန်တော့်ကို မျက်စောင်းထိုးတာ နှစ်ခါရှိပါပြီ။ ဒါပေမယ့် သူ မျက်စောင်းထိုးတာက သူများတွေနဲ့ မတူပဲ ချစ်စရာကောင်းနေတော့ ကျွန်တော်ပဲ ဒုက္ခရောက်ရတော့တာပေါ့။

'နောက်တာ မဟုတ်ပါဘူး၊ တကယ်ပြောတာပါ...'

'ဘာ ..တကယ်ပြောတာလဲ...'

'သော့ကိစ္စ...ဆိုတာ'

ရွှေသော့မျက်မှောင်လေး ကြုတ်သွားတယ်။

'ဘာ...သော့ကိစ္စလဲ...'

'ဒီသော့လေ...'

ကျွန်တော့်ရှပ်အင်္ကျီအိတ်ထဲက ကျောက်စီရွှေဟောင်းရွှေသော့လေးကို ထုတ်ပြလိုက်တယ်။

'ဟင်...'

ရွှေသော့ တအံ့တဩ ငြိမ်သက်သွားပုံက ဖော်မပြတတ်အောင်ပဲ။ ကျွန်တော့် လက်ဖဝါးပေါ်က သော့ကလေးကို ကောက်မယူကြည့်ပဲ သေချာ စူးစူးလေး ကြည့်နေတယ်။

'ဒါ...ဒါ ဘယ်က ရလဲ'

'ကိုသိန်းပေးခိုင်းလိုက်တာ...'

'သိန်း...ဟုတ်လား'

'ဟုတ်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'သိန်ကရော ဘယ်က ရတာလဲ'

သူမေးပုံက တစ်မျိုးပဲ။ ကိုသိန်ပေးတုန်းက ပြောလိုက်တာလောက် မရှင်းလင်းသလိုပဲ...။

'သူဘယ်က ရလဲတော့ မသိဘူး၊ ဒီသော့ကလေးက ရွှေသော့ဟာ... တဲ့၊ ရွှေသော့ကျန်ခဲ့တာကို သူမေမေက သိမ်းထားခဲ့တာ...တဲ့'

'သိမ်းထားခဲ့တာ...'

ရွှေသော့ သံယောင်လိုက်တယ်။ ခုထိ အဲဒီသော့ကလေးကို လှမ်းလည်း မယူ၊ ကိုင်လည်း မကြည့်ပါဘူး...။

'မဟုတ်လို့လား...'

'ဘာကိုလဲ'

'ဒီသော့က ရွှေသော့ဟာဆိုတာ...'

ရွှေသော့ သက်ပြင်းတစ်ချက်ကို လေးလေးပင်ပင် ချပစ်လိုက်တာကို ကျွန်တော် တွေ့ရတယ်။ ပြီးမှ...

'ရွှေသော့ဟာလို့ ပြောရင် ရမှာလားမသိဘူး'

'ဘယ်လို...'

'ကျွန်မ အဲဒါလေးကို ဖေဖေနဲ့ ခရီးထွက်ရင်း ထူးထူးဆန်းဆန်း ကောက်ရခဲ့တာ...'

'ကောက်ရတာ...ဟုတ်လား...'

'ဟုတ်တယ်၊ အဲဒီသော့ ကောက်ရပြီး နောက်တစ်နေ့ပဲ ရွှေသော့တို့ ပြန်လာကြတာ...'

အစက ဒီကောင်မလေးက သူ့ကိုယ်သူ 'ကိုယ်'လို့ ပြောလိုက် 'ကျွန်မ' လို့ ပြောလိုက်နဲ့၊ ခုကျ 'ရွှေသော့'လို့ပါ ပြောလာပြီ။ သူ့ 'မနောဖြူ'ဆိုတဲ့





နာမည်လေးက သနားစရာ။

'ပြန်လာတယ်ဆိုတော့...'

'ဟုတ်တယ်၊ အဲဒီအပြန်မှာပဲ ရွှေသော့နဲ့ဖေဖေ အက်ဆီးဒင့် ဖြစ်တာ...'

ကျွန်တော်က စကားအဆုံးမှာ ငြိမ်သက်သွားတဲ့ ရွှေသော့ကို ကြည့်ရင်း တွေးဖြစ်အောင် တွေးလိုက်သေးတယ်။ တော်ရုံကုသိုလ်နဲ့တော့ ရွှေသော့ဟာ ချက်ချင်းလူအဖြစ် ပြန်ဝင်စားမှာ မဟုတ်ဘူးလို့၊ ဒါကြောင့် ရွှေသော့က ဒီကျောက်စီသော့ကလေးကို ရန်သူလို စူးစူးလေး ကြည့်နေခဲ့တာကိုး။ လက်ဖျားနဲ့တောင် ထိမကြည့်ဘူး...။

ဒါကို ကိုသိန်မေမေက ဘယ်က ဘယ်လို ကောက်သိမ်းခဲ့တယ် မသိနိုင်ဘူး။ သူတို့ကတော့ ရွှေသော့နဲ့ ပတ်သက်တယ်ဆိုပြီး တယုတယ သိမ်းထားကြမှာပေါ့။ တကယ်တော့လည်း ဒီသော့ကလေးမှာ အပြစ်ရှိချင်မှ ရှိရှာမှာပါ။ အခြေအနေအကြောင်းတရားတွေ အကုန်တိုက်ဆိုင်သွားခဲ့ တော့ တရားခံက ဒီသော့ကလေးလို ဖြစ်နေရတော့တာပေါ့။

'ဒါဆို...ကျွန်တော်က ဒီသော့လေးကို ဘယ်လိုလုပ်ရမလဲ...ကိုသိန် ဆီ ပြန်ယူသွားရမှာလား'

'ယူသွားလိုက်ပါ'

'ရွှေသော့က ဘာလို့ မယူတာလဲလို့ မေးရင် ဘယ်လို ပြောပြရ မလဲ...'

'ဒီသော့က ကျွန်မနဲ့ မဆိုင်ဘူးလို့ပဲ ပြောပြလိုက်ပါ'

'ကောင်းပါပြီ'

ကျွန်တော် သော့ကလေးကို အိတ်ထဲ ပြန်ထည့်ထားလိုက်တယ်။ တကယ်တော့ ခုချိန်မှာ ဒီသော့က ကျွန်တော့်အတွက် ဇာတ်ရံသက်သက်

www.burmeseclassic.com



ပဲ။ သူ့အခန်းကဏ္ဍ မပါရလို့လည်း ဘာမှ မဖြစ်ဘူး။ ခုချိန်မှာ ကျွန်တော့်အတွက် အရေးကြီးတာက လူသော့ကလေးပဲလေ။

'ရွှေသော့...'

'ဘာ(ငဲ)...'

'ဒီနေ့ ကျွန်တော် အတန်းဖျက်လာတာ သိလား'

'အင်း...ရှင့်ပါမောက္ခက မေးရင် ညီမလေးကို ကူပြီး လူမမာ စောင့်ပေးနေလို့ လို့ ပြောလိုက်ပေါ့...'

ရွှေသော့က သူ့လုပ်ရပ်ကို သတိတရပြန်ပြောတယ်။ သူလုပ်တာနဲ့ ကျွန်တော့်လိုရင်းတောင် ဘယ်ရောက်သွားမှန်း မသိဘူး။

'ကျွန်တော်က အတန်းဖျက်လေ့ရှိတာ မဟုတ်ဘူး...'

'အပြင်ကပဲ ချောင်းတတ်တာမဟုတ်လား...'

ကျွန်တော်နဲ့ ပထမဆုံး ကျောင်းမှာ ပြန်တွေ့တဲ့နေ့က အကြောင်းကို ပြန်ပြောတာပါ။ သူမှတ်မိနေတာပဲ...။

'အဲဒီတုန်းက အဖော်ရိုင်းထားတဲ့ကိစ္စတွေ ရှိလို့...'

'ခုလည်း ကိုသိန်းခိုင်းထားတဲ့ ကိစ္စ ရှိတယ် မဟုတ်လား'

ဒီတစ်ခါပဲ သူ့ဆီက 'ကိုသိန်း'ဆိုတဲ့ စကားလုံးကို ကြားဖူးတယ်။

'ကိုသိန်း ခိုင်းလို့ရယ် မဟုတ်ပါဘူး၊ ကျွန်တော်ကိုက လာလည်ချင်လို့ပါ'

'ဒါဆို ဩဇာက ကျွန်မညှော်သည်ပေါ့။ ကျွန်မက ပြန်ကျွေးရမှာပေါ့... ဒီလိုလား'

'ဟာ...အဲလို မဟုတ်ပါဘူး'

ဒီကောင်မလေး ကြည့်ရတာ ကျွန်တော့်စကားတွေကို လိုက်ပြီး ဖျက်





ထုတ်နေသလိုပဲ။ နောက်တန်းခံစစ်ဘောလုံးသမား ကျနေတာပဲလို့ တွေးမိတယ်။ အတွေးနဲ့အတူ ပြုံးမိတာပေါ့။

'ဘာပြုံးတာလဲ...'

'သြော်...ကျွန်တော် အတန်းဖျက်ပြီး ဘောလုံးပွဲကြည့်မိတဲ့အကြောင်း တွေးမိလို့...'

'ဘောလုံးပွဲ ဟုတ်လား၊ ပရီမီးယားလိဂ်လား၊ F.A Cup လား၊ Series A လား၊ စပိန်ပွဲတွေလား...'

ဗုဒ္ဓေါ...။ သူက ကျွန်တော့်ထက် သာနေပါလား။ ကျွန်တော်ကမှ ပါးစပ်ထဲ တွေ့ရာပြောမိတာ၊ ဘောလုံးပွဲကို ကြည့်လေ့သိပ်ရှိတဲ့ကောင်မှ မဟုတ်တာ...။

'တစ်ခုမှ မဟုတ်ဘူး၊ အဝေးကွင်းမှာ ကန်တာ မဟုတ်ဘူး'

'အိမ်ကွင်းမှာလား...'

'ဆိုပါတော့...'

'ဘာနဲ့ ဘာလဲ...'

'နောက်တန်း ခံစစ်သမားကောင်းတဲ့ ပွဲလေး...

သူမ ကျွန်တော့်ကို နားမလည်သလို မျက်မှောင်ကြုတ် ကြည့်ပါ တယ်။ ကျွန်တော်လည်း ရှင်းပြမနေတော့ဘူး။ ပွဲက ဆက်ကန်လို့မှ မရတော့တာ၊ အဝါကဒ်ပြခံနေရရင် မကောင်းဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



# (၄)

ရွှေသော့က သော့ကလေးက သူ့ဟာ မဟုတ်ဘူးလို့ ပြောပြီး မယူလိုက်ဘူးလို့ ပြောတဲ့အခါ ကိုသိန်းက သော့ကို ရွှေသော့လိုပဲ တရွှေတစ်ကောင်လို ကြည့်တယ်။ ကျွန်တော့်ဆီကလည်း ပြန်မယူဘူး။ စားပွဲပေါ်မှာ ချပေးလိုက်တော့လည်း ထိတောင် မထိဘူး။ ညီညီကတော့ ကျွန်တော့်ကို သံသယ သိပ်မကင်းချင်တဲ့ အကြည့်နဲ့ ကြည့်တယ်။ မတတ်နိုင်ဘူး။ ဒါဟာ ကျွန်တော့်လုပ်ကြံမှု၊ မရိုးသားမှု တစ်ခုမှ မပါတာကို ရိုးရိုးသားသားကြီး ပြောရဲတယ်။

'ဒီသော့ကို ဘယ်က ရတာလဲ...ကိုသိန်း...'

ညီညီက ကျောက်စီသော့ကလေးကို ကောက်ကိုင်ပြီး မေးတယ်။

'Accident ဖြစ်ပြီး သူ့ body ပေါ်က ရတာလို့ အမေပြောတာပဲ...'

သူ့အမေ မမှားလောက်ပါဘူး။ ဒါ... ရွှေယော့ကောက်ရခဲ့တာပဲ။





ရွှေသော့ကိုယ်ပေါ်က ရတာတောင် ဖြစ်နိုင်တယ်။ ဒါပေမယ့် ရွှေသော့က သူနဲ့ မဆိုင်ဘူးလို့ပဲ ငြင်းခိုင်းလိုက်တာလေ...။

'သူမသိအောင် တစ်ယောက်ယောက်က သူ့အိတ်ထဲ ထည့်လိုက်တာ နေမှာပေါ့...'

ညီညီ့စကားက သူတကယ်တွေးမိတာလား၊ ကျွန်တော့်ကို ရိတာလား တောင် မခွဲတတ်တော့ပါဘူး။ ကိုသိန်းကတော့ ခေါင်းခါတယ်။

'မဖြစ်နိုင်ဘူး...'

'ဘာမဖြစ်နိုင်တာလဲ...ကိုသိန်း...'

ကျွန်တော်က ကျွန်တော့်ကို မယုံသလိုကြီး ဖြစ်နေတဲ့ စကားတစ်ခွန်း အတွက် ပြန်မေးမိတယ်။

'ဆိုလိုတာက နှစ်ခုလုံးပါ။ ညီညီပြောတာလည်း မဖြစ်နိုင်ဘူး။ ဩဇာ ပြောတာလည်း မဖြစ်နိုင်ဘူး...'

'ဒါဆို ဒါက ရွှေသော့ဟာ မဟုတ်ဘူးဆိုတာ မဖြစ်နိုင်ဘူးပေါ့...'

'ဟုတ်တယ်...ဒါပေမယ့်...အဲဒီဟုတ်တယ်က ဩဇာကို မယုံလို့ ပြော တာ မဟုတ်ဘူး။ ဒီသော့လေးဟာ ရွှေသော့နဲ့ ပတ်သက်နေတာ သေချာချာကြီး ကိုယ်ယုံထားလို့ ပြောတာ...'

'ဘယ်လိုမျိုး ယုံထားတာလဲ...'

'ဒါက ပြောရခက်တယ်...'

ပြောရခက်တယ် ဆိုပြီး ကိုသိန်းငြိမ်သွားပေမယ့် ကိုသိန်းကို ကြည့် တာတော့ စကားလုံး ရှာနေပုံပဲ...။ ဒါကြောင့် ကျွန်တော်ကော ညီညီ သူ့ဆီက ထွက်လာမယ့် စကားလုံးတွေကို စောင့်နေလိုက်တယ်။ ကျွန်တော် တို့ စကားပြောနေကြတာက ကျွန်တော်တို့ နေတဲ့ ရပ်ကွက်ထဲက လက



www.burmeseclassic.com

www.burmeseclassic.com



တော်ရည်ဆိုင်ကြီးမှာပါ။ ညက နက်နေပြီမို့ လူတောင်ရှင်းစ ပြုနေပြီ။ ဒါပေမယ့် ဒီဆိုင်က တော်တော်ကြီးကို ညနက်တဲ့ထိ ဖွင့်ပါတယ်။ တစ်ခါတလေ ဘောလုံးပွဲတွေတောင် Live ပြတဲ့တွက် မိုးလင်းပေါက်လောက်ထိ ဝါပဲ။ ကျွန်တော်တောင် ညီညီနဲ့အတူ ဘောလုံးပွဲ လာကြည့်ဖူးသေးတယ်။ ဘောလုံးပွဲအကြောင်း တွေးမိပြန်တော့ နောက်တန်း ခံစစ်ကောင်းတဲ့ ကျွန်တော့်ရဲ့ ဘောလုံးအသင်းလေးကို သွားသတိရတယ်။ ဒီအချိန်ဆို ကျွန်တော့်ဘောလုံးအသင်းလေး အိပ်နေလောက်ပြီလားလို့လည်း တွေးမိတယ်။

တွေးပြီးမှ စိတ်ထဲမှာလည်း ယောင်ယမ်းပြီး ဘုရားတမိတယ်။ ဒီလို စက္ကန့်တိုင်းနီးပါး သတိရနေတတ်ပြီး ဘာလုပ်နေမှာပါလိမ့်လို့ အမြဲ တွေးနေမိတတ်တဲ့သူဟာ ကျွန်တော့်ရဲ့ဘဝအတွက် ဘယ်လိုလူမျိုး ဖြစ်နိုင်လောက်မယ် ထင်သလဲ…။ ကြည့်ရတာ ကျွန်တော်ကိုယ့်ကိုယ်ကို စစ်တမ်းမထုတ်ရသေးခင်မှာပဲ အဖြေက ထွက်လာခဲ့ပြီ ထင်တယ်။

ကျွန်တော် အတွေးတွေနဲ့ မွန်းကျပ်နေမိတုန်းမှာပဲ ကိုသိန်းဆီက အသံကြားရတယ်။

'ရွှေသော့ဆုံးပြီးကတည်းက ဒီသော့ကလေးကို သိမ်းမထားပါနဲ့လို့ ရွှေသော့က မေမေ့ကို အိပ်မက်လာပေးတတ်တယ်တဲ့…'

'ဟုတ်လား…အံ့ဩစရာပဲ…'

ညီညီ့စကားလုံးက တစ်မျိုးပဲ။ ခက်တာက မျက်နှာပေးကြည့်တော့လည်း ဒီကောင့်မျက်ခွက်က အတည်စား…။ ဒါဟာ ဖြစ်နိုင်တာပဲ။ ရွှေသော့က ဒီသော့ကလေးကို အယူသီးနေပြီလေ။…။

'ကိုသိန်းကော မမက်ဘူးလား…'





'မမက်ဘူး၊ ဒီသော့ကို ကိုယ်က မျက်စိပြန်မြင်ပြီး တော်တော်ကြာမှ တွေ့ဖူးတာလေ…'

'ဪ…'

'ဒါပေမယ့် တွေ့တဲ့အချိန်မှာတည်းက ဒီသော့ကို မြင်ရင် ခံစားချက် တစ်မျိုးရတတ်လို့ ထုတ်ကို မကြည့်မိတာ…'

'ဘယ်လိုခံစားချက်မျိုးလဲ'

'မပြောပြတတ်ဘူး၊ ကြောက်တာလည်း မဟုတ်ဘူး၊ မသတီတာ လည်း မဟုတ်ဘူး၊ ဘယ်လိုမှန်း မသိဘူး၊ အဲဒီကြားထဲက ခံစားမှုမျိုးလို့ ထင်တာပဲ…'

'ဒါဆို ကိုသိန်းက ဒီသော့လေးကို ရွှေသော့ဆီ ဘာရည်ရွယ်ချက်နဲ့ ပြန်ပေးခိုင်းတာလဲ'

ဟုတ်တယ်လေ၊ သူလို ယောက်ျားရင့်မကြီးတောင် ဒီလို Super-statious ဖြစ်တဲ့ ခံစားမှုတွေ ရနေတဲ့ ပစ္စည်းကို ရွှေသော့ကို ဘာကိစ္စ ပြန်ပေးခိုင်းရတာတဲ့လဲ…။ ကျွန်တော် မစဉ်းစားတတ်ဘူး…။

'အကြောင်းက နှစ်ချက်ရှိတယ်…'

'တစ်ချက်က…'

'တစ်ချက်က အဲဒီကောင်မလေးဟာ ရွှေသော့ဝင်စားတာ ဟုတ် မဟုတ် သေချာအောင် comfirm လုပ်ချင်တာ၊ နောက်တစ်ချက်က … ဒီ သော့ဟာ တခြားသူတွေကို ကိုယ်ခံစားရသလို ခံစားမှု မပေးနိုင်တာ သေချာ ပေမယ့် ရွှေသော့ကိုကော အဲလို ခံစားမှုမျိုး ပေးနိုင်လား သိချင်လို့ ခုဟာက ရွှေသော့က သူဟာမဟုတ်ဘူးလို့ပဲ ငြင်းတော့ စဉ်းစားစရာပဲ…'

ကျွန်တော် ဘာပြောရမှန်း မသိတော့ဘူး။ ရွှေသော့ ပြောခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအရာတွေကို ပြန်ပြောပြလိုက်တာက အားလုံး အဆင်ပြေ ရှင်းလင်းသွားလိမ့်မယ်လို့ ထင်တာပဲ။ ရွှေသော့က မပြောနဲ့လို့ မမှာလိုက်ပေမယ့် ပြောဖို့လည်း မမှာလိုက်ဘူး။ ပြောလိုက်လို့လည်း အကျိုးတော့ မယုတ်လောက်ပါဘူး။ အကျိုးရှိဖို့ပဲ များတယ်လို့ ကျွန်တော်တွက်တယ်။ ဒါကြောင့် ကျွန်တော် စကားစလိုက်တယ်။

'ရွှေသော့ကတော့ ပြောတယ်'

'ဘာလဲ…ဘာလဲ'

ညီညီက စိတ်ဝင်တစားနဲ့မေးတယ်။ ကိုသိန်ကတော့ သူ့ထုံးစံအတိုင်း တည်ငြိမ်စွာပဲ လှမ်းကြည့်တယ်။

'အဲဒီသော့ကလေးက သူနဲ့ သူ့အဖေခရီးသွားရင်းကောက်ရတာတဲ့'

ကိုသိန်ရဲ့ မျက်ဝန်းတွေတောက်ပလာသလိုပဲ။

'အဲဒီသော့လေး ကောက်ရပြီး ပြန်လာတဲ့နေ့မှာပဲ သူတို့ ခေခငိနညအဖြစ်ခဲ့တာလို့ ဆိုတယ်…'

'ဒါကြောင့် ရွှေသော့က ဒါသူ့ပစ္စည်းမဟုတ်ဘူးလို့ ငြင်းတာဖြစ်မယ် ထင်တယ်'

ကိုသိန်က မှတ်ချက်ချတယ်။ ညီညီကတော့ စောစောကပြောရင်ပြီးရော…လို့ ရေရွတ်ပါတယ်။

'သူက သူ့ပစ္စည်းမဟုတ်ဘူးလို့ပဲ ပြောလိုက်ပါ…လို့ မှာလိုက်လို့ ခုဟာက ခုလိုမှ မရှင်းရင် မရတော့ဘူးဆိုတာသိရလို့ ပြောပြတာ…'

'သူ့ကြည့်ရတာ ဒီပစ္စည်းကို သံသယရှိနေလို့ နေမှာပေါ့'

ညီညီက ဝင်ပြီး ခုလိုမှတ်ချက်ချတယ်။

'ဟုတ်မှာပေါ့…ဒီသော့ရပြီး သူတို့ accident ဖြစ်ခဲ့ရတာကိုး…'





ကျွန်တော်ကလည်း ပြီးပြီးရော ထောက်ခံပေးလိုက်တယ်။ ဘယ်လိုမှ မှတ်ချက်ပြန်မလာတော့တာက ကိုသိန်ပါ။ ကိုသိန်ကြည့်ရတာ တစ်ခုခုကို တွေးနေပုံပဲ။ အတော်ကြာမှ သတိဝင်လာသလို ပြောတယ်။

'ငြိမ်းသေတာလည်း ဒါကြောင့် ထင်တယ်…တဲ့…။

'အာ…မဆိုင်တာ…'

'ဘာဆိုင်လို့လဲ'

ကျွန်တော်ရော ညီညီရော တစ်ပြိုင်နက်တည်း ငြင်းပစ်လိုက်တယ်။ သူ့ရဲ့ အယူအဆကို လက်မခံချင်တာထက် မဟုတ်တဲ့ အစွဲအလမ်းတွေ ခေါင်းထဲစွဲသွားမှာစိုးတာက ပိုလိမ့်မယ်ထင်ပါတယ်။ အယူသီးတယ်ဆိုတာကလည်း တော်ရုံပဲ ကောင်းတာလေ…။

'မဟုတ်ဘူးလေ…ဒီသော့ကို သိမ်းမထားနဲ့လို့ ရွှေသော့က လာပြီး သတိပေးလျက်နဲ့ သိမ်းထားမိတယ်လေ၊ ဒီသော့က ဥပါဒ်တစ်ခုခု ဖြစ်စေလားမှ မသိတာ…'

'မဆိုင်တာ ကိုသိန်ရာ…ဒီသော့ကြောင့် ရွှေသော့ဒုက္ခဖြစ်ခဲ့တယ် ထားဦး… နောက်ဖြစ်ချင်းဖြစ် သိမ်းထားမိတဲ့ ကိုသိန်နဲ့ ကိုသိန်အမေပဲ ဖြစ်ရတော့မှာလေ၊ မငြိမ်းက ဘာဆိုင်လို့တုံး…'

ညီညီက ချက်ကျကျ ဝင်ပြောတယ်။ ကျွန်တော်လည်း ထောက်ခံလိုက်တယ်။

'ဟုတ်သားပဲ ကိုသိန်ရာ ညီညီပြောတာ အဓိပ္ပာယ် ရှိပါတယ်…'

'အဓိပ္ပာယ်တော့ ရှိပါတယ်။ ကိုယ်ကလည်း ကိုယ်တွေးမိတာကို ပြောတာပါ။ ဥပါဒါန်ကြောင့် ဥပါဒ်ရောက် မခံပါဘူး၊ ဒါတော့ စိတ်ချပါ…'

ကိုသိန်က ကျွန်တော်တို့ ဘာကို စိုးရိမ်တယ်ဆိုတာကို သိသလိုမျိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com



တတိတွေ ပြန်ပေးနေသေးတယ်။ ဒီတော့မှ ကျွန်တော်တို့လည်း ဘာမှ မဟုတ်သလို ရယ်ချလိုက်ရတယ်။

'ကိုသိမ်ကို ကျွန်တော်ယုံပါတယ်'

'ကဲ...ယုံရင်လည်း ပြန်ကြရအောင်...'

ကျွန်တော်တို့ စားပွဲထိုးကို ခေါ်ပြီး ပိုက်ဆံရှင်းတယ်။ ဆိုင်ကတော့ ဘောလုံးပွဲရှိလို့ ထင်တယ်။ လူ ပြန်များလာသလိုပဲ။ ညီညီကတောင် စားပွဲထိုးလေးကို ဘာပွဲလဲလို့ လှမ်းမေးနေသေးတယ်။

ကျွန်တော်တို့ ထွက်လာခဲ့ကြတော့ ည... ဆယ့်တစ်နာရီလေးဆယ် ကျော်နေပြီ။ ကောင်းကင်မှာတော့ ကြယ်တွေက စုံလို့...။ ခုနစ်စဉ်ကြယ်ကလည်း ခုနစ်ထွေကကြိုးနဲ့ ကော့ပျံနေအောင် ကနေလေရဲ့။

ခဏနေကျတော့ နောက်က ခေါ်သံကြားရတယ်။ လက်ဖက်ရည် ဆိုင်က လှမ်းခေါ်တာ။

'သော့...သော့ ...သော့ကျန်ခဲ့တယ်...' တဲ့။

ဒီတော့မှ သတိရတယ်။ ကျောက်စီသော့ကလေး စားပွဲပေါ်မှာ ကျန်ခဲ့တာကိုး။ ကျွန်တော်တို့ ပြန်လှည့်လာတော့ စားပွဲထိုးလေးတစ်ယောက် လိုက်လာတယ်။ ခပ်လှမ်းလှမ်းရောက်တော့ 'ပစ်လိုက်မယ်အစ်ကို' ဆိုပြီး လှမ်းပစ်ပေးပြီး လှည့်ပြေးပါလေရော။ သူပစ်မယ်ဆိုတော့ သုံးယောက် လုံး လှမ်းဖမ်းကြတာပဲ။ ဒါပေမယ့် သော့ကလေးက မြောက်တက်သွားပြီး ပြန် ကျတော့ ဘယ်ကျသွားမှန်း မသိဘူး။ လမ်းဘေး လိမ့်ဆင်းသွားသလိုနဲ့ ချွင်သံကြားရပြီးမှ ဘယ်နားမှ ရှာမရတော့ဘူး။ ကျွန်တော်တို့ ညတစ်နာရီ ထိုးခါနီးအထိ သုံးယောက်သား ကုန်းကုန်းကွကွနဲ့ ဓာတ်မီးထိုး ရှာကြတာ တောင် မတွေ့ဘူး...။





'နှမြောစရာကွာ'

ရွှေနဲ့လုပ်ထားပြီး ကျောက်စီထားတာမို့ ညီညီက နှမြောတသသလို ပြောတယ်။ ကိုသိမ်ကတော့ အေးအေးဆေးဆေးပဲ...။

'တစ်မျိုးတော့ ကောင်းတာပဲ...'တဲ့။

သူ့စကားအဓိပ္ပာယ်ကို ကျွန်တော်ကော ညီညီပါ သေသေချာချာကို နားလည်လိုက်တယ်။ အင်း...တစ်မျိုးမက ကောင်းလာရင်တော့ အကောင်း ဆုံးပဲပေါ့လို့လည်း ကျွန်တော်က ထပ်တွေးလိုက်မိပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



(၅)

နောက်နေ့တွေမှာ ကျွန်တော် ရွှေသော့ကို မျှော်လည်း မျှော်၊ ရှာ လည်း ရှာပေမယ့် မတွေ့ပါဘူး။ သူ့အတန်း ပြီးတဲ့အချိန် သွားစောင့်ဖို့ ဆိုတာက ကျွန်တော့်အတန်းက ဘယ်လိုမှ ဖျက်လို့ မရတာမို့၊ အဆင်မပြေ ပါဘူး။ ဒါကြောင့် ‘စန်းမောင်’ကို ရှာရတယ်။ ‘စန်းမောင်’ဆိုတာက အဲဒီ တောင်ငူဆောင်တစ်ဝိုက်မှာ အမြဲ ရှိတတ်သူပါ။ ဟိုးအစဉ်အဆက် အစ်ကို အစ်မတွေကလည်း စန်းမောင်ကို သိကြတယ်။ ‘ငါးကျပ်လောက်’ ဆိုတဲ့ ခေတ်ကတည်းက ကျောင်းသူကျောင်းသားတွေရဲ့ ကရုဏာနဲ့ နေလိုက် တာ... ခု ‘ငါးရာ’ခေတ်တောင် ရောက်လာပြီဖြစ်သလို မငယ်တော့တဲ့ စန်းမောင်ကလည်း ပညာပါ စုံလာပါပြီ...။

‘စန်းမောင်...ဟိုဘက်ဝိုင်းက အကျီအဖြူနဲ့တွေ့လား’

‘တွေ့တယ်’





‘ရော့...ဒီစာလေး သွားပေး ပေး’

‘ပေး...ငါးရာ...’

ဟိုဘက်က ကျေနပ်လို့ကတော့ ဟိုဘက်ကပါ ‘ငါးရာ...’၊ ဒါမိုးတင် မကပါဘူး။ တစ်ခါတလေ လာထိုင်တတ်တဲ့ အနုပညာရှင်တွေကို လက် မှတ် ထိုးခိုင်းချင်တဲ့သူရှိရင်လည်း စန်းမောင်က ငါးရာနဲ့ ကူညီတာပါပဲ။ ဖုန်းနံပါတ်တောင်းခိုင်းလည်း ငါးရာ၊ နာမည်မေးခိုင်းလည်း ငါးရာ၊ စန်း မောင် တော်တော် အဆင်ပြေပါတယ်။ ကျောင်းပိတ်ရင်တော့ တွက်ခြေ မကိုက်ဘူးပေါ့...။

အဲဒါနဲ့ ကျွန်တော်လည်း ငွေငါးရာကိုင်ပြီး စန်းမောင်ကို ရှာရတော့ တယ်။

‘စန်းမောင်...လာဦး’

သူလာပါတယ်။ သူ့မျက်ဝန်းတွေက ကျွန်တော့်ကို ဘာခိုင်းမှာပါလိမ့် ဆိုတဲ့ စူးစမ်းမှုမျိုးနဲ့။ ဘုရားသခင်က လူတစ်ယောက်ကို ကံကြမ္မာ တစ်မျိုး ပေးထားသလို ထူးခြားမှုတစ်ခုလည်း ထည့်ပေးလိုက်တတ်ပါတယ်။ ခု လည်း စန်းမောင်ကို ကြည့်လေ၊ သူ့ကို လူတွေက စိတ်မနှံ့ဘူး ပြောရင် ပြောမယ်၊ ဂေါက်တာတာပါ ပြောရင်ပြောမယ်။ ဒါပေမယ့် စန်းမောင် ဒုက္ခရောက်မနေဘူး။

‘ဒီနားမှာ ရပ်နေကျ ရွှေရောင်ဖျော့ဖျော့လေးနဲ့ကား မြင်ဖူးလား’

‘အင်း...’

‘ဒီနေ့ရော တွေ့သေးလား’

‘တွေ့တယ်၊ အဲဒီအစ်မကြီးက ချောတယ်’

ကျွန်တော့်စကားလုံးတွေကို နားထောင်ပြီး အတွေ့အကြုံ များနေပြီ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တဲ့ စန်းမောင်က လိုအပ်တဲ့ စကားပါ ထည့်ပြောတယ်။ ကဲ… ဘယ်သူက စန်းမောင်ကို ဦးနှောက်မကောင်းဘူး ပြောမလဲ…။

'ကားလာရင် အဲဒီအစ်မကြီးကို တစ်ခု ပြောပေး…'

'အင်း…ဘာလဲ…'

'ဩဇာက တွေ့ချင်နေတယ်လို့…'

ခေါင်းကို ဆတ်ခနဲ ညိတ်ပြီး လက်ကို ဖြန့်တယ်။

give & take ပဲ ပြောမလား၊ ရှော့ ပတ္တမြား၊ ရှော့ နဂါးပဲ ပြောမလား၊ သေချာတာကတော့ ဒီစကားလုံးတွေကို စန်းမောင် မသိလောက်ဘူး။ ဒါပေမယ့် အဲဒါထက် ပြည့်ဝအောင် သူနားလည်တယ်၊ ကျွန်တော် ငါးရာတန်တစ်ရွက် ထုတ်ပေးလိုက်တယ်။

ပြီးတာနဲ့ ကျွန်တော့်ဆီမှာသူ အာရုံမရှိတော့ပါဘူး။ Canteen ထဲကို စိုင်းစိုင်းခမ်းလှိုင်ဆိုတဲ့ အဆိုတော်ကောင်လေး သူ့သူငယ်ချင်းတွေနဲ့ ဝင်လာတာကို တွေ့လိုက်ရလို့ပါပဲ။ ကျွန်တော့်ဆီကနေ သူ စိုင်းစိုင်းဆီ ထွက်သွားပါပြီ။ စိုင်းစိုင်းဆီကို auto စာအုပ်တွေ ပို့ပေးရုံနဲ့တင် သူ အဆင်ပြေနိုင်ပြီလေ…။

ကျွန်တော်လည်း သူ့ကို စိတ်ချလက်ချပဲ ထားခဲ့လိုက်တော့တယ်။

နောက်နှစ်ရက်လောက်နေတော့ ကျွန်တော်အတန်းပြီးချိန်မှာ cash အရှေ့မှာ ထိုးရပ်ထားတဲ့ ရွှေရောင်ကားလေးကို တွေ့လိုက်ရတယ်။ ကားနားမှာ မရွှေသော့က မရှိပါဘူး။ cash ထဲမှာ ပတ်ရှာတော့မှ ငွေသွင်းနေတာ တွေ့ရတယ်။ ပြီးနေပါပြီ။

'ဩော်…ဩဇာ…အတန်းပြီးပြီလား…'

ဒီတစ်ခါပဲ ကျွန်တော့်နာမည်ကို ခေါ်ပြီး နှုတ်ဆက်သေးတယ်။





'အင်း…'

သူပြန်သိမ်းလိုက်တဲ့ ပိုက်ဆံအိတ်ထဲမှာ သူ့ ပတ်(စ်)ပို့ ပုံကလေး တစ်ပုံ ထည့်ထားတာတွေ့ရတယ်။ ကာလာနဲ့ပဲ…။ အဲဒီမှာတင် ကျွန်တော် အတွေးတစ်ခု ရသွားတယ်။ ဒါပေမယ့် ပြန်ချင့်ချိန်ရမယ့် အတွေးဖြစ်နေလို့ ခဏသိမ်းထားလိုက်ရတယ်။

'စန်းမောင်နဲ့ မှာခဲ့တယ် မဟုတ်လား…'

'အင်း…သူလာပြောလား…'

'ပြောတယ်…မနေ့ကတည်းက ပြောတာ၊ မနေ့က အိမ်ကို မပြောခဲ့ရတာနဲ့၊ ဒီနေ့မှ လာရတာ…'

'စန်းမောင်ကို မုန့်ဖိုးပေးလိုက်သေးလား'

'ပေးလိုက်ပါတယ်'

ကျွန်တော် သဘောကျလို့ ပြုံးမိတယ်။ သူ့ကုသိုလ်ကံကို မုဒိတာ ပွားမိတာမျိုးပါ…။

'ကဲ…ပြောပါဦး…သိခ်ဘာဖြစ်လို့လဲ…'

မေးပုံကိုက ရင်ဘတ်ကို ပေါင်တစ်ရာရှိတဲ့ တူနဲ့ ထုလိုက်သလိုပဲ…။

'ဘာမှမဖြစ်ဘူး…'

'ဒါဆို…ဩဇာကရော ဘာဖြစ်တာလဲ…'

ကျွန်တော့်လေသံက ဂျစ်ကန်ကန်ထွက်သွားတာမို့ ရွှေသော့က ပြုံးပြီး ပြန်မေးပါတယ်။

'ဩဇာလား…ဩဇာက ရွှေသော့ကို တွေ့ချင်တယ်လို့ မှာခဲ့တာလေ၊ အဲဒီထဲမှာ သိခ်ဆိုတာ တစ်လုံးမှမှ မပါတာ…'

'ဟုတ်ပါတယ်၊ ဒါပေမယ့် ဩဇာနဲ့ တွေ့တိုင်း သိခ်အကြောင်း သိခ်



www.burmeseclassic.com

www.burmeseclassic.com



ကီစွတွေ ပါတတ်တာပဲလေ...'

'ဒါဆို ကျွန်တော်က ရွှေသော့ကို မိတ်ဆွေတစ်ယောက်၊ သူငယ်ချင်းတစ်ယောက်လို သတိတရ မတွေ့ရတော့ဘူးလား...'

'တွေ့ရပါတယ်...'

အမှန်တကယ် ပြောချင်တာကတော့ မိတ်ဆွေသူငယ်ချင်း ဆိုတဲ့ စကားလုံး မဟုတ်ဘူးပေါ့...။ ဒါဆိုရင်တော သူမအဖြေက ပြောင်းသွားနိုင်လား။ ကျွန်တော် မသိပါဘူး...။

'ရွှေသော့ မနက်စာ စားပြီးပြီလား...'

'Lunch လား...'

'ဆိုပါတော့...'

'မစားရသေးဘူး၊ ကျွေးမလို့လား...'

'ကျွေးပါတယ်...'

'ကျွေးချင်ရင် စားမယ်...'

'ဘယ်မှာ စားမလဲ...'

'ဝိဇ္ဇာကင်တင်းက ကိုပုထမင်းဆိုင်မှာ...'

ကြိုကြိုဖန်ဖန်ပါပဲ။ သူဘယ်လိုသိလဲ မသိဘူး။ ကျွန်တော်ဆို Science က ဖြစ်တဲ့အတွက် Science Canteen က လွဲရင် တခြားရောက်ခဲတယ်။ ဒါကြောင့် အဲဒီလိုဆိုင်တွေ သေချာမသိဘူး။ သူခေါ်သွားတဲ့အတိုင်းပဲ လိုက်သွားလိုက်တယ်။

အမှန်ဆို ဝိဇ္ဇာကင်တင်းနဲ့ cash က နီးနီးလေးပါ။ ဒါပေမယ့် ကျွန်တော်တို့ လမ်းလျှောက်သွားခွင့် မရပါဘူး။ ကားက ကျွန်တော်တို့ကို Eco ဘက်နားက အပေါက်ကနေဝင်ပြီး Philosophy department အစွန်းနားထိ





ထိုးရပ်ပေးပါတယ်။ ရွှေသော့အတွက်ကတော့ ရိုးနေလောက်ပေမယ့် ကျွန်တော့်အတွက်ကတော့ ကသိကအောက်နဲ့...။

'နီးနီးလေးကို ဘာလို့ လမ်းမလျှောက်တာလဲ'

'ကားထားခဲ့ပြီး ထွက်သွားရင် သိန်ဆီ ထွက်သွားတယ် ထင်နေဦးမယ်'

'သူက...ကျွန်တော်နဲ့ ကိုသိန် ပတ်သက်တာ သိလို့လား'

'သိရင် သိမှာပေါ့'

ကျွန်တော် ဆက်မမေးမိတော့ဘူး။

ကိုပုဆိုင်မှာ ရွှေသော့က ကြက်သား၊ ပဲ၊ အာလူးဟင်းကို မှာစားတယ်။ ရွှေသော့က ဒီဟင်းကြိုက်လို့ ဒီမှာ လာစားနေကျဆိုပဲ။ ကျွန်တော်လည်း ရွှေသော့လိုပဲ လိုက်စားကြည့်လိုက်တယ်။ မဆိုးပါဘူး။ လာပြန်စားလောက်တဲ့ လက်ရာမျိုးပါ။

'ကျွန်တော် ပြောစရာ ရှိသေးတယ်'

'ပြောလေ...'

အမှန်က ရုပ်ရှင်ထဲမှာသာဆို ဒီစကားက ရည်းစားစကားရဲ့ Intro ပေါ့၊ အလကားပါ။ ကျွန်တော်ကတော့ ကလီရှေးထဲ ထည့်ထားတာမို့ တခြားစကားပဲ ပြောလိုက်တော့တယ်။

'ဟို...ဟိုနေ့က သော့ကလေး...'

'အင်း...ပြောပါဦး၊ သိန်က ဘာပြောလဲ...'

'ရွှေသော့ဟာ မဟုတ်ဘူးလို့ ပြောတော့ သူမယုံဘူး...'

'အင်း...'

'ကျွန်တော် မနေနိုင်လို့ ကောက်ရတာကို ပြောပြလိုက်တယ်...



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းတာပေါ့...'

'ဒါပေမယ့်...'

'ဒါပေမယ့်...ဘာဖြစ်လဲ...သိခ်က မယုံဘူးလား'

'ယုံပါတယ်...အဲဒီညက လက်ဖက်ရည်ဆိုင်က အပြန်မှာပဲ အဲဒီသော့ကလေး ပျောက်သွားတယ်'

ရွှေသော့ပုံစံက တအံ့တသြလေး ဖြစ်သွားတယ်။ ပြီးမှ...

'ကောင်းတာပဲ...'တဲ့။

'အင်း...ကိုသိခ်ကလည်း အဲလိုပြောတယ်...'

'ဟုတ်တယ်၊ ဘာမှန်းမသိဘဲ အယူသီးနေမယ့်အစား မရှိတော့တာက ကောင်းတာပေါ့...'

'ဟုတ်ပါတယ်...'

နောက် ကျွန်တော်က ထမင်းစားရင်း သူ့အိတ်ထဲက ဓာတ်ပုံကိစ္စကို စဉ်းစားနေမိတယ်။ ကျွန်တော် တွေးမိတာကကျွန်တော်တို့အကြောင်းကြောင်းနဲ့ ညံ့ဖျင်းစွာ မတွေးမိခဲ့တဲ့ အချက်ပါ။ ရွှေသော့ကို မြင်ဖူးဖို့အရေး Security အထပ်ထပ်ကြားက လျှို့ဝှက်သည်းဖို ဝတ္ထုဆန်ဆန် တွေ့ပေးနေမယ့်အစား၊ အဲဒါကို ခဏထားလို့ ရွှေသော့ဓာတ်ပုံကို ယူသွားပြီး ကိုသိခ်ကို ပြလိုက်ရင် အရင်ရွှေသော့နဲ့ ခု ရွှေသော့ တူမတူဆိုတဲ့ အဖြေတစ်ခုတော့ ထွက်လာမှာပဲ။ ခက်တာက ကျွန်တော် ဓာတ်ပုံကို တောင်းရကောင်းနိုး၊ မတောင်းရကောင်းနိုး ဖြစ်နေတယ်။ ဘာလို့လဲဆိုတော့ ယုံပြီး ပေးလိုက်ရင် ကောင်းရဲ့။ မယုံလို့ ငြင်းရင် ကျွန်တော်က မိအေး နှစ်ခါနာမှာလေ၊ ဓာတ်ပုံက ကျွန်တော့်အတွက်လည်း မဟုတ်ဘဲနဲ့...။

'ငြိမ်သွားပါလား၊ ဘာတွေ ကြံနေပြန်ပြီလဲ...'





ထုံးစံအတိုင်း သူမဆီက ကန့်လန့်ဆန်တဲ့မေးခွန်း ထွက်လာပြန်ပါတယ်။

'ဆင်ကြံလေ...ဆင်ကြံ၊ ဆင်ကြံ...ကြံနေတာ...'

'သေးပါတယ်ကွာ၊ ဒိုင်နိုဆောလောက် ကြံကြည့်ပါလား...'

'သူတို့က မျိုးတုံးကုန်ပြီ...'

'ဩော်...ရှင်ကြီးကြီးမားမား အကြံတွေက မျိုးတုံးကုန်ပြီလား...'

ကဲ...ကြည့်။ ကျွန်တော် ဘာပြန်ပြောရမှန်း မသိဘူး။ ယောကျ်ားလေးချင်းဆိုရင်လည်း ထဆဲလိုက်ရုံပဲ။ ခုဟာက မိန်းကလေးဖြစ်နေတယ်၊ မိန်းကလေးမှ တကယ့်ကို လှတပတလေး ဖြစ်ပြီး ကျွန်တော်ကလည်း ချစ်နေသေးတဲ့ မိန်းကလေးဖြစ်နေတယ်။ ကျွန်တော်ကိုယ်၌က ဓာတ်ပြောင်းလဲပြီး အလိုလို အလျှော့ပေးချင်နေတာလည်း ပါမှာပေါ့။ ဘာမှ ပြန်မပြောဘဲ ရယ်မိတော့ သူမကပါ လိုက်ရယ်တယ်။

ပြီးမှ ကျွန်တော့်ကို သေချာကြည့်ပြီး 'ပြောစရာရှိတယ်' တဲ့။ လာပြန်ပြီ...ဒီကလီရှေးကြီး။ ကျွန်တော် ရင်မခုန်လောက်ပါဘူး ထင်တာ၊ ဒါပေမယ့် မျှော်လင့်ချက်တွေကတော့ ရှန်းကြွလာချင်သလိုပဲ...။

'ပြောလေ...'

'ဒီနေ့ ငွေသွင်းရင်း တစ်ခု သတိရလို့...'

'ဘာလဲ...'

'သိခ်ကို...ကျွန်မ ဓာတ်ပုံထည့်ပေးလိုက်ရင် ကောင်းမလားလို့...'

ကျွန်တော် မျက်လုံးပြူးသွားရတယ်။ ဒါကတော့ သူမ အကြားအမြင်ရနေတာ မဟုတ်လောက်ဘူး။ ကျွန်တော်နဲ့ အကြံတူနေတာမျိုးပဲ ဖြစ်မှာ၊ တိုက်ဆိုင်ပုံကလည်း ကြည့်ပါဦး။ ကျွန်တော်ကလည်း ဒီအတွေးကို သူ



www.burmeseclassic.com

www.burmeseclassic.com



ငွေသွင်းနေရင်း မြင်လိုက်လို့ တွေးမိတာ။ သူကလည်း ဒါကို ငွေသွင်းရင်း တွေးမိတာတဲ့။ ရင်ထဲမှာတော့ ဘာမှန်းမသိပဲ... ကျေနပ်သလိုလိုဖြစ်သွားမိတယ်။ ရွှေသော့ကိုတော့ မပြောပြတော့ပါဘူး။

'ကောင်းသားပဲ...ဒါမှ ကိုသိန်းလည်း ရွှေသော့နှစ်ယောက် ရုပ်ပါ တူမတူ သိနိုင်မှာ၊ လူချင်းက နောက်မှ တွေ့ကြတာပေါ့...'

'အင်း...ဟုတ်တယ်။ လူချင်းက နောက်မှ တွေ့တာပေါ့။ ကဲ...ဒါ... ကျွန်မရဲ့ ဂေါ်ဇီလာ ဒိုင်နိုဆောအကြံလေ...မကောင်းဘူးလား'

သူမ ပြုံးစိစိလေးနဲ့ မေးဆတ်ပြီး မေးပါတယ်။ ကျွန်တော်က နဂိုတည်းက လိုက်လျောထောက်ခံချင်နေတဲ့ကောင်ဆိုတော့ 'ကောင်းတာပေါ့... သိပ်ကောင်းတာပေါ့'လို့ ပြောလိုက်တယ်။

ကျွန်တော့်ဆင်နဲ့ သူ့ဒိုင်နိုဆော အရွယ်တူနေတာကတော့ ဘယ်ကောင်ရဲ့ မျိုးရိုးဗီဇက နိမ့်ကျပြီး ဘယ်ကောင်ရဲ့ မျိုးရိုးဗီဇက ကောင်းလို့လဲ ဆိုတာကိုတော့ ဆက်မတွေးတော့ပါဘူး။ လောလောဆယ် ကျွန်တော်က ဆင်လောက်ရှိတဲ့ ဒိုင်နိုဆောကိုပဲ ကျေနပ်နေချင်တာကိုး။ လောကကြီးက တစ်ခါတလေတော့ အံ့ဩစရာအကောင်းသား။

ရွှေသော့ကမ်းပေးတဲ့ ကာလာပတ်(စ်)ပို့လေးကို လှမ်းယူပြီး ကျွန်တော့် နှလုံးသားနဲ့ တည့်တည့်က အိတ်ကပ်ထဲမှာ ထည့်ထားလိုက်တယ်။ ဓာတ်ပုံထဲက ရွှေသော့တစ်ယောက်တော့ ကျွန်တော့်ရင်ခုန်သံနဲ့ နားငြီးနေမလား မသိဘူး။





(၃)

ရွှေသော့ပုံကို တကယ်တမ်းအရင်ကြည့်ရတာက ညီညီပါ။

'တော်တော်လှတယ်...' တဲ့။ အဲဒီလိုမှတ်ချက်ချပါတယ်။

ပြီး အကြံအစည် မသေးလှတဲ့ ညီညီက ဆက်ပြောတယ်။

'ဒီညနေတော့ ငါတို့ အပြင်ထွက်စားကြရမယ်ထင်တယ်...'တဲ့။ သူဘာကို ဆိုလိုလဲဆိုတာ သိတဲ့အတွက် ကျွန်တော်ရယ်နေလိုက်တယ်။ ဓာတ်ပုံလေး တစ်ပုံကို ဗန်းပြပြီး ညှာစားတာမျိုးတော့ မဟုတ်ဘူးပေါ့။ ဒါပေမယ့် လာဘ်ပေးလာဘ်ယူ ဆိုတာ ဒီလို အကန့်တွေမှာတော့ ရှိသင့်တယ်။ ရှေ့ပတ္တမြား ရှေ့ နဂါးပေါ့...။

ညနေ ကိုသိန်း ပြန်လာတော့ ညီညီက အရင် လှမ်းနှုတ်ဆက်တယ်။

'ကိုသိန်း...ပြန်လာပြီလား...စောသလိုပဲ...'

'အေး...စောတော့ မစောပါဘူး၊ ဒီနေ့ ရုံးဖယ်ရီက ကိုယ့်ကို အရင်



www.burmeseclassic.com

www.burmeseclassic.com



ခုသွားလို့...'

'ညနေစာ ဘယ်မှာ စားရမှာလဲ ကိုသိန်း...'

ကိုသိန်းက ညီညီရဲ့ အဆက်အစပ် သိပ်မရှိတဲ့ စကားကို နားမလည်ပါဘူး။ ကျွန်တော့်ကို အဖြေရှာသလို လှမ်းကြည့်တာမို့ ဖြည့်စွက်ပေးလိုက်တယ်။

'ကိုသိန်းများ ကျွန်တော်တို့ကို ညစာအပြင်မှာ ကျွေးမလားလို့...'

'ဘာဖြစ်ကြပြန်ပြီလဲ...ဘိုင်ပြတ်ပြန်ပြီလား...'

'အာ...မပြတ်ပါဘူး...ထောတောင်နေသေးတယ်၊ ဒီနေ့ပဲ design ခတွေ ရလာတာလေ...'

ညီညီ့စကားကြောင့် ကိုသိန်းက...

'ဒါဆိုလည်း ညီညီပဲ ကျွေးပေါ့...'

'အစက ကျွေးမလို့ပဲ ကိုသိန်း...၊ ခုတော့ ကိုသိန်းကျွေးတာက ပိုကောင်းမလားလို့'

'ဘာဖြစ်လို့လဲ...ဘာဆိုင်လို့လဲ...'

ကိုသိန်း မျက်မှောင်ကြုတ်စဉ်းစားရင်း ဇဝေဇဝါ မေးတယ်။ သူများ မထိုးထားတဲ့ ထီလက်မှတ်က ယောင်မှားပြီး ထပေါက်နေလားတွေ ဘာတွေ တွေးရင် တွေးနေမှာပေါ့။ ကျွန်တော်ပဲ ဝင်ဖြေပေးလိုက်တော့တယ်...။

'ဒီနေ့ ရွှေသော့က ကျွန်တော့်ကို ခတ်ပုံတစ်ပုံပေးလိုက်တယ်...'

'ခတ်ပုံ...ဘာပုံလဲ...'

'ရွှေသော့ပုံလေ...'

'ဟာ...ဟုတ်လား...ပြပါဦး...'

ကိုသိန်း အားတက်သရော အိမ်ထဲဝင်လာတယ်။ ညီညီက ရယ်ရင်း





'ဒီလို ဘယ်ရမလဲ ကိုသိန်းရာ...ညစာကျွေးမှပြမှာလေ..'

ကိုသိန်းက ခုမှ သဘောပေါက်သွားသလို ရယ်တယ်။

'ဪ...ဒါကြောင့်လား၊ ဒါနဲ့နေပါဦး...ဒီကိစ္စထဲမှာ မင်းတို့ကကော မသိချင်လို့လား'

'ဘာကိုလဲ...'

'အရင် ရွှေသော့နဲ့ ခု ရွှေသော့ တူမတူ...'

'သိချင်တာပေါ့...'

'သိချင်ရင် အဆုံးအဖြတ်ပေးရမယ့် ငါ့ကို မင်းတို့က Supply လုပ်ရမှာလေ၊ မှားနေပြီ'

ကျွန်တော်ကော ညီညီပါ ကြောင်အသွားရတယ်။ ဟုတ်တာပဲ။ ကျွန်တော်တို့ သိချင်တာကို သူက ပြောပြမှာ...။ သူ့ဘာသာသူက သိပြီး မပြောလည်း ရတာပဲ။ ညာလိုက်လည်း ရတာပါ...။

ညီညီက စိတ်ပျက်လက်ပျက်ရေရွတ်တယ်။

'နက္ခတ်တွေ မကောင်းဘူး၊ တရားလိုဘဝကနေ တရားခံ ဖြစ်ရတယ်လို့...'

ကိုသိန်းက ရယ်ပါတယ်။

'အလကားနောက်တာပါ ညီရာ... ကိုယ့်ညီတွေ စားချင်တယ် ဆိုလို့ကတော့ ကျွေးပြီးသားပဲ...ကဲ...ပြောပြော...ဘယ်လမ်းဘေးဆိုင်မှာ စားမလဲ...'

'အာ...ကိုသိန်းကတော့ လုပ်ပြီ...'

'ရော်...ဘာလုပ်လို့လဲ...ဆိုင်တိုင်းက လမ်းရဲ့ဘေးမှာပဲ ရှိတာပဲ၊ ဘယ်ဆိုင်က လမ်းလယ်ကောင်မှာ ဆောက်ထားတာ တွေ့ဖူးလို့လဲ...'



www.burmeseclassic.com

www.burmeseclassic.com



ညီညီက စစ်ကူတောင်းတာလား...ဒီတိုင်းကြည့်နေတော့မှာလားလို့ မေးတာလား မသိနိုင်တဲ့ အကြည့်မျိုးနဲ့ ကျွန်တော့်ကို ကြည့်ပါတယ်။ ကိုသိခ်ကို ကြည့်ရတာ နည်းနည်းတောင် မြူးသွားသလိုပဲ။ ရွှေသော့ပုံ တွေ့ရတော့မှာမို့ ထင်ပါရဲ့။

'ထားလိုက်ပါညီညီရာ...ငါတို့ကလည်း ကိုသိခ်ကျွေးလို့ကတော့ ဘယ်လမ်းဘေးက ဟိုတယ်ဖြစ်ဖြစ် စားပြီးသားပဲ...'

ကိုသိခ် တဟားဟား ရယ်ပါတယ်။ ပြီး... မာတ်ပုံစကားတောင် ဆက်မပြောတော့ဘဲ

'ကဲ...ရေချိုးဦးမယ်၊ ခဏနားမယ်၊ မင်းတို့ အဆင်သင့်လုပ်ထား...' ဆိုပြီး ထွက်သွားတော့တယ်။ ညီညီကတော့ ဇဝေဇဝါမျက်နှာနဲ့ ကျွန်တော့်ကို ကြည့်တယ်...။

'ဘာကြည့်တာလဲ...'

'စဉ်းစားနေတာ...'

'ဘာစဉ်းစားစရာ ရှိလဲ...

'ရှိတာပေါ့...သူပြောသွားတာ ကြည့်ပါလား'

'ဘာကိုလဲ...'

'ရွှေသော့ပုံကြည့်ပြီး တူမတူ သိချင်တာက ငါတို့ မဟုတ်ဘူးလားတဲ့...'

'မဟုတ်လို့လား...'

'သူကကော မသိချင်ဘူးလား...'

'သိချင်တာတော့ သိချင်မှာပေါ့။ ဒါပေမယ့် ဟိုက မင်းလို မဟုတ်ဘူး ရာဇဝင်ကြွေရှိတယ်...'





'အောင်မှာ ...ရာဇဝင်ကြွေရှိတယ်တဲ့။ ငါကလည်း ရှိတာပဲ၊ မရှိနိုင်တာက မင်း...'

'ဘာကို ဆိုလိုတာလဲ...'

'ငါက ရွှေသော့ဘာဖြစ်ဖြစ် စိတ်မဝင်စားဘူး'

ဒါလည်း မှန်တာပဲ။ ညီညီ စိတ်ဝင်စားတာက ရွှေသော့နဲ့ ကိုသိခ်တို့ရဲ့ Background Story ကို။ လူကို မဟုတ်...။ လူကို စိတ်ဝင်စားနေမိတာက ကျွန်တော်လေ...။

'ငါ့အတွက်ကတော့ မတူလေ ကောင်းလေ...'

'ငါသိပါတယ်...'

ညီညီက မချိုမချဉ် မှတ်ချက်ကို ချတယ်...။ ပြီးမှ...

'ဒါပေမယ့်...'

'ဒါပေမယ့်...ဘာဖြစ်လဲ...'

'ကိုသိခ်က ငါတို့ကို မတူပဲ တူတယ်ပြောရင်ကော...တူလျက်နဲ့ မတူဘူး ပြောရင်ကော ငါတို့ သိနိုင်မှာလား...'

'ဒါက စကားလုံးက ညာလို့ရတယ်။ မျက်နှာက ညာလို့ မရဘူး...ပုံကိုမြင်တဲ့အခါမှာ ဖြစ်သွားမယ့် face expression ကို မလွှတ်တမ်း ကြည့်ဖို့တော့ လိုတယ်...'

'ဟုတ်တယ်...မင်းကောငါကော ကြည့်မယ်...ပြီး အဖြေညှိကြတာပေါ့...'

'အိုကေ...'

ကျွန်တော်တို့ လက်ဝါးရိုက်လိုက်ကြတယ်။

တကယ်တော့ ကျွန်တော့်ရွှေသော့နဲ့ ကိုသိခ်ရဲ့ ရွှေသော့ မတူတာက



www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံးပေါ့။ တူတော့ရော ဘာဖြစ်မလဲ၊ ကျွန်တော် တွေးကြည့်တယ်။ ဘာမှ မပြောနိုင်ဘူး။ ကျွန်တော်တို့က ရှေ့ဖြစ်ဟောဆရာတွေမှ မဟုတ်တာ။ မတူရင်ကော ကိုသိခ်ခံစားချက်က ဘယ်လို ဖြစ်လာနိုင်လဲ။ မသိနိုင်ဘူး။ အရင်က 'ငြိမ်း'ကို ချစ်သူလို ချစ်ခဲ့ပြီး 'ရွှေသော့'ကို ဖွားဖက်တော် မောင်နှမလို ချစ်ခဲ့တယ်ဆိုရင် ခု ခံစားချက် ပြောင်းသွားနိုင်မလား၊ မသိနိုင်ဘူး။ မဖြစ်နိုင်ဘူးဆိုတာ ဘာမှ မရှိပါဘူး။ အရာရာတိုင်းဟာ ဖြစ်နိုင်နေတာ ချည်းပါပဲ။

'ဟော့ ပြီးပြီလား...'

ကိုသိခ် တက်တက်ကြွကြွနဲ့ ပြန်ရောက်လာတယ်။ T-Shirt အဖြူရောင်၊ ဂျင်းဘောင်းဘီအပြာနုရောင်တို့ကို ဝတ်ဆင်ထားတဲ့ ကိုသိခ်ပုံက ဒီနေ့မှ ပိုပြီး နုပျို လူငယ်ဆန်နေသလိုပဲ။

'အဆင်သင့်ပဲ ကိုသိခ်...'

'ကဲကဲ ပြော...ဘယ်လမ်းဘေး ဆိုင်သွားမလဲ...'

'ဆူးလေဘုရားလမ်းဘေးက Trader ဆိုရင်ကော ကိုသိခ်...'

ကိုသိခ် ဟက်ဟက်ပက်ပက် ထရယ်တယ်။ ပြီး 'အဲဒီလမ်းဘေးဆိုင်က သိပ်မကောင်းပါဘူး၊ တခြားဟာ စဉ်းစားပါတဲ့...'။

'ကမ္ဘာအေးဘုရားလမ်းဘေးက Sedona ဆိုရင်ကော'

'ဒါလည်း ညံ့သေးတာပဲ...'

'ကောင်းတာလေး ပြောပြပါဦးကိုသိခ်ရယ်'

'ကဲ...ကဲ...မပြောဘူး၊ လက်တွေ့ပြမယ်...'

ကားတစ်စီးကို လှမ်းတား၊ နေရာပြောပြီး ခေါ်သွားပါတယ်။ ကျွန်တော်တို့တောင် တစ်ခါမှ မရောက်ဖူးတဲ့နေရာပဲ။ ဆိုင်နာမည်ကလည်း ကြည့်





ပါဦး...။ 'သံသရာ...'တဲ့။ ကျွန်တော် ပခုံးတစ်ချက် တွန့်ပြလိုက်တော့ ညီညီက ကျိတ်ရယ်တယ်။

အဲဒီနေ့က ကိုသိခ်ကပဲ စားစရာတွေကို ကျွန်တော့်အကြိုက်၊ ညီညီအကြိုက်၊ သူ့အကြိုက် အားလုံးပါအောင် မှာပြီး မှာပေးသွားတယ်။

'ဒီနေ့ကတော့ မင်္ဂလာရှိတဲ့နေ့ပဲ...ကဲ...ရွှေသော့ပုံ ပြပါဦး...'

ကျွန်တော် မင်္ဂလာရှိနေချိန်မှာ အမြန်ထုတ်ပေးလိုက်တယ်။ ကိုသိခ်မျက်နှာကို မလွှတ်တမ်း ကြည့်ဖို့လည်း သတိရရင်းပေါ့...။

'ဟင်...'

ကိုသိခ် တအံ့တဩ ဖြစ်သွားပုံကတင် အဖြေတစ်ဝက်ရလိုက်ပါပြီ...။

'ဘယ်လိုလဲ...ကိုသိခ်...'

ညီညီက သေချာအောင် ထပ်မေးတယ်။

'တူတယ်ညီညီ...ရွှေသော့မှ ရွှေသော့ပဲ အကုန်တူတယ်...'

ပြီး...သက်ပြင်းမွမွလေးတစ်ချက်ကို ကျွန်တော်တို့ မသိအောင် ခိုးချပြီး ဓာတ်ပုံကို ကျွန်တော့်ဆီ ပြန်ကမ်းပေးတယ်။ ကျွန်တော်လည်း ဘုမသိဘမသိထဲကပဲ အခွင့်ကောင်းယူပြီး အမြန်ကောက် သိမ်းထားလိုက်တယ်။

'ဒါဆို ရွှေသော့ဟာ ကိုသိခ်ရဲ့ ရွှေသော့ဆိုတာ cent ›ercent သေချာသွားပြီပေါ့...'

'အစကတည်းကလည်း သေချာပါတယ်။ ခုတော့ ပို ်င်လုံသွားတာပေါ့...'

'ဒါဆို ကိုသိခ် ကျွေးရကျိုးနပ်တာပေါ့...'

ကိုသိခ်ကို တမင်ပဲ ဒီစကားပြောလိုက်တာပါ။ ကိုသိခ်က ခေါင်းခါတယ်။ ကျွန်တော်က အံ့ဩသွားမိရင်း...



www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့လဲ…ဘာမှားနေလို့လဲ…"

'မမှားပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒီနေ့ ဩဇာနဲ့ ညီညီ့ကို ကိုယ်တ ရွှေသော့ပုံ မပြလည်း ကျွေးဖို့ အစီအစဉ်ရှိနေလို့ပဲ။ ပြန်ရောက်ရောက်ချင်း ညီညီက ကိုယ့်ထက်ဦးအောင် ပြောလိုက်လို့ ကိုယ်ဘာမှ မပြောတော့တာ…'

ကျွန်တော်နဲ့ညီညီ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြပါတယ်။ ဘယ်သူ့မျက်နှာမှာမှ အဖြေမရှိတာ သေချာတော့မှ အကြည့်လွှဲလိုက်ကြရတယ်။ တစ်ဆက်တည်း ဦးနှောက်ကို အလုပ်ပေးပြီး တွေးမိတာက ဒီနေ့ ကိုသိန်း ရွှေသော့ကိုများ အပြင်မှာ တိုင်တိုက်ဆိုင်ဆိုင် တွေ့လာမိလို့လားလို့…။

'ဒီနေ့ ကိုယ့်ရုံးမှာ စာတစ်ခု ကျလာတယ်…'

ကျွန်တော်တို့ အဖြေရှာမရတဲ့အတူတူ ကိုသိန်းကိုပဲ ကြည့်ပြီး နားထောင်ရတော့တယ်။

'ဘာတဲ့လဲ…အစ်ကို…'

'ရုံးက ငါ့ကို နိုင်ငံခြားမှာ Workshop တစ်ခု သွားတက်ဖို့ ရွေးလိုက်တယ်လေ…'

'ဟာ…ဟုတ်လား ဘယ်လောက်ကြာမှာလဲ…'

'နှစ်ပတ်ပါပဲ၊ ဒါပေမယ့် အရမ်းပညာရမယ့် Workshop မို့ လူတိုင်းသွားချင်နေတာ…အဲဒါ ကိုယ်ရွေးခံရတာနဲ့ ညီတို့ကို ပြောပြရင်း ထမင်းကျွေးမယ် စိတ်ကူးထားတာ၊ ခု ရွှေသော့ပုံလေးပါ တွေ့လိုက်ရတော့ ပိုပြီးပြည့်စုံသွားတာပေါ့…'

ကျွန်တော်တို့ ကိုသိန်းအတွက် ဝမ်းသာသွားပါတယ်။





'ရွှေသော့သာ သိရင် ဝမ်းသာမှာပဲ…'

ကိုသိန်းက အဲဒီစကားကိုပါ ထပ်ဆင့်ပြောလိုက်သေးတယ်။ ကျွန်တော်တို့ ငြိမ်ပြီး ထမင်း ငုံ့စားနေမိတယ်။ ကိုသိန်းက ဆက်ပြောတယ်။

'မင်းတို့ သိလား…အဲဒီ ကျောက်စီသော့ကလေး ပျောက်သွားတဲ့နေ့က စပြီး ငါကံကောင်းတော့တာပဲ…'

'လာပြန်ပြီ…'

ညီညီက ကိုသိန်းကို ရယ်ကျဲကျဲကြည့်ရင်း ပြောလိုက်တယ်။ ကိုသိန်းကတော့ မမှုပါဘူး။

'တကယ်ကွ။ အရင်က ငါဘယ်လောက်ကြိုးစားကြိုးစား ဘာမှဖြစ်မလာသလို ပျော်စရာလည်း မကောင်းခဲ့ဘူး၊ စိတ်ညစ်စရာချည်းပဲ။ ဒီနေ့ကိစ္စကတော့ သိပ်ပျော်စရာ မဟုတ်ဘဲနဲ့ ပျော်နေမိတာကိုက ငါ့အတွက်အထူးအဆန်းလိုပဲ…'

'သိပ်ပျော်စရာ မဟုတ်ဘဲနဲ့ ပျော်နေမိတာ…' တဲ့။ ဒါဆို ရွှေသော့ပုံကို တွေ့ရတာ ဘာမှ သိပ်ကြီး မခံစားရဘူးလို့ ဆိုလိုချင်တာလား…။ ကျွန်တော်တို့ကတော့ အဲဒီလို ဖြစ်စေချင်မိတာ အမှန်ပဲ…။

အဲဒီညက ကျွန်တော်တို့ သော့ကျပျောက်ခဲ့တဲ့ လမ်းလေးကလည်း ဖြတ်ပြန်လာခဲ့သေးတယ်။ ဘာမှ မထူးပါဘူး။ လမိုက်နေလျက်က လင်းနေတာ တစ်ခုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



(ခ)

ရွှေသော့ကို ပြန်ပြောပြတော့ ရွှေသော့ပုံကလည်း တစ်ချက်ကလေး လှုပ်ခတ်အံ့ဩသွားတာက လွဲရင် ဘာမှ ထူးထူးခြားခြား မဖြစ်ဘူး။ ဒါကြောင့် ကျွန်တော်ကပဲ မေးလိုက်တယ်။

'ရွှေသော့ ရင်ထဲမှာ ဘယ်လို ခံစားရလဲ...'

ရွှေသော့က ကျွန်တော့်ကို လှည့်ကြည့်တယ်။

'ဘာလဲ...ဘာကို မေးတာလဲ...'

'ခုကိစ္စကို မေးတာလေ...'

'ဘာလဲ...သိန်နိုင်ငံခြား သွားရမှာလား...ဝမ်းသာပါတယ်...'

'ထားပါ...အဲဒါက နောက်တစ်ခု...'

'ဘာလဲ...ဓာတ်ပုံကိစ္စလား...'

'အင်းလေ...'





ရွှေသော့က ပြုံးတယ်။

'ဘာလဲ...ဘာလို့ ဘယ်လို ခံစားရမှာလဲ။ နဂိုတည်းက တူနိုင်တယ်ဆိုတာ တွေးမိပြီးသား၊ ခုတူတယ်ဆိုတော့ သေချာတယ်ပေါ့။ ဒါပဲ ကျွန်မအတွက်က ဒါက သိပ်မထူးဆန်းတော့ဘူး...'

'ဘာက ဆန်းလဲ...'

'ငယ်ငယ်က အရင်တုန်းက image တွေ လိုမ့်ဝင်လာတဲ့အရွယ်လောက်တုန်းကလောက် ဘယ်ဟာကမှ မထူးဆန်းတော့ဘူး၊ ခု အသက်လည်း နှစ်ဆယ်တောင် ပြည့်တော့မှာ...တော်တော်ကြီးကို ဝေးကွာပါးလျားသွားပြီ...ခုချိန်မှာ သိန်ကို အပြင်မှာ ပြန်တွေ့ချင်တဲ့ ဆန္ဒတစ်ခုပဲ ရှိတော့တယ်၊ ဒါတောင်မှ သိပ်ပြီး အရင်ကလောက် မပြင်းထန်တော့သလိုပဲ...'

ကျွန်တော် ရွှေသော့ရဲ့ မျက်နှာလေးကို ငေးကြည့်နေမိတယ်။ ဒါကတော့ ကိုသိန်မျက်နှာကို မလွတ်တမ်း ကြည့်တုန်းကလို expressionဖမ်းဖို့ မဟုတ်ပါဘူး။ တကယ့်ကို သတိလက်လွတ် ငေးမိသွားတာပါ။

'သိန်က ဘယ်တော့ သွားရမှာလဲ...'

'ရှေ့တစ်ပတ်လောက်လို့ ပြောတာပဲ...'

'ဒါဆို မဝေးတော့ဘူးပဲ...ကျွန်မ သူ့အတွက် တစ်ခုခု ဝယ်ပေးလိုက်ဦးမယ်...သူသွားတဲ့အခါ အသုံးဝင်မယ့် ပစ္စည်းမျိုးပေါ့။ ဩဇာ စဉ်းစားပေးပါဦး...'

စဉ်းစားပေးပါဦးတဲ့။ ကိုသိန်ကို ပေးဖို့ကို စဉ်းစားခိုင်းတာဖြစ်တဲ့အပြင် စဉ်းစားခိုင်းတာကလည်း ရွှေသော့ဖြစ်နေတော့ ကူညီသင့်တာပေါ့။ ကျွန်တော့်ရဲ့ jelousy တွေကို ဖယ်လိုက်ရင် ဒါဟာ ကျွန်တော့်ကို အားကိုးတာလို့ သတ်မှတ်ချင်ရင်လည်း သတ်မှတ်နိုင်တာပဲ...။



www.burmeseclassic.com

www.burmeseclassic.com



ခက်တာက ကျွန်တော် မတွေးတတ်ဘူး။ ဒီလို Trip တစ်ခုကို သွားမယ့်လူတစ်ယောက်ကို ဘာလက်ဆောင်ပေးသင့်တယ်ဆိုတာ ကျွန်တော် လေ့လာမထားဘူး။ တချို့တွေက နိုင်ငံခြားသွားမယ့်သူဆို ဘာမှာရမလဲ လောက်သာ စဉ်းစားတတ်ကြတာလေ၊ ကိုယ်က ပေးဖို့ဆိုပြီး စဉ်းစားတတ်တာကတော့ နည်းမယ် ထင်တယ်။ ကျွန်တော်တို့ကိုပဲ ကြည့်လေ၊ အမှန်က ကျွန်တော်နဲ့ ညီညီက ကိုသိခ်ရဲ့ အောင်မြင်မှုကို ဂုဏ်ပြုတဲ့အနေနဲ့သာ one table ပေးသင့်တာ။ ခုတော့ ကိုသိခ်က ကျွန်တော်တို့ကို ပြန်ပေးသွားတယ်။ ဒါဟာ မှားနေသလိုပဲ။ တကယ်မှန်တဲ့ ရွှေသော့ကို ကျတော့ ကျွန်တော် ဘယ်လိုကူညီစဉ်းစားပေးရမှန်း မသိဘူး။

'ဟင်…ဘာလုပ်နေတာလဲ…စဉ်းစားနေတာလား'

'အင်း…စဉ်းစားနေတာ…'

'ကြာလိုက်တာ…ဘာရလဲ…'

'ဘာမှ မရသေးဘူး'

ရွှေသော့က ကျွန်တော့်ကို မျက်စောင်းထိုးပြန်ပါတယ်။ သူမျက်စောင်းထိုးတာက တကယ့်ကို ချစ်စရာ ကောင်းတာပါ။ နောက် တစ်ခေါက်လောက် များ ထပ်ထိုးရင် ကျွန်တော် ဘာလုပ်မိမယ် မဆိုနိုင်ဘူး။

'သူ…ဘာတွေ ဝယ်ခြမ်းရမယ်လို့ ပြောတာ ကြားလဲ…'

'အဝတ်အစား'

'အဝတ်အစားကတော့ မပေးချင်ပါဘူး၊ သူ့ဟာသူ သတိရမှာပဲ…'

'နောက် တသမျှသစ အတွက် ယူသွားရမယ့် ပစ္စည်းတွေ ဥပမာ…File တို့ ဘောလ်ပင်တို့လို Stationary တွေ…'

'notebook ပါလား'





'ပါမှာပေါ့…'

'မဟုတ်ဘူး…ကျွန်မပြောတဲ့ notebook က Laptop ကိုပြောတာ…'

'မပြောတတ်ဘူး…ပေးမလို့လား'

ကျွန်တော်က တမင်ရယ်ပြီး မေးလိုက်တော့ သူက ခေါင်းခါတယ်။

'အဲဒီလောက်တော့ မတတ်နိုင်ဘူး၊ ဒါပေမယ့် pocket computer လိုမျိုး သုံးနိုင်တဲ့ PDA တော့ ရှိတယ်…အဲဒါ…သူ အသုံးဝင်မှာပါ…'

'ဘာလဲ PDA'

'Personal Digital Assistant'

'နာမည်နဲ့တင် စိတ်ဝင်စားစရာကောင်းနေပြီ…'

'တကယ်လည်း စိတ်ဝင်စားစရာ ကောင်းပါတယ်။ data တွေကို ထည့်သိမ်းထားလို့ ရတယ်၊ မအားရင် stick နဲ့ ရေးမှတ်လည်း ရတယ်။ နောက် massage လည်း ပို့လို့ရတယ်။ phone လည်း ပြောလို့ရတယ်…'

'အဲဒါ ပေးမလို့လား…'

'အင်း…ကျွန်မကို ကျွန်မအဒေါ် နိုင်ငံခြားက ပို့ထားတာ ရှိတယ်…'

'အိမ်က မေးရင်ကော…'

'ပျောက်သွားပြီပေါ့'

ပြောပြီး ရယ်နေပါတယ်။

'ကျွန်တော်ကျောင်းပိတ်လို့ မြို့ပြန်မယ်ဆိုရင်ကော ဘာ လက်ဆောင် ပေးမှာလဲ…'

ကျွန်တော် တကယ့်ကို ကလေးဆန်ဆန်မေးလိုက်တာပါ။ ရွှေသော့က မျက်လုံးလေး ဝိုင်းသွားတယ်။

'ဟင်…သြဇာက နယ်ကလား'



www.burmeseclassic.com

www.burmeseclassic.com



'အင်းလေ…ညီညီရောပဲ။ ဒီမှာ ငှားနေကြတာ…'

'ဩော်…ကျွန်မက ရန်ကုန်ကပဲ ထင်နေတာ…'

'တောသားပါ…'

ကျွန်တော့်စကားကြောင့် ရွှေသော့က ရယ်တယ်…

'တော်သေးတာပေါ့…တောသားမို့…မြို့သားဆို ဒုက္ခ'…တဲ့။

ဘာကို ရည်ရွယ်ပြီး ပြောမှန်းတော့ ကျွန်တော်လည်း မသိဘူး။ ဒါပေမယ့် အဲဒါက ကျွန်တော့်လိုရင်း မဟုတ်ဘူး။ ကျွန်တော့်လိုရင်းက တခြားလေ…။

'အင်းလေ…အဲဒီတောသားကို တောပြန်ရင် ဘာလက်ဆောင်ပေးမှာလဲ…လို့ မေးတာ…'

'တောမှာ မရှိတာ ပေးမှာပေါ့…'

'တောမှာ မရှိတာ ဟုတ်လား'

'အင်း…စဉ်းစား…တောမှာ မရှိတာ ပေးမယ်…'

'ရွှေသော့…'

'အာ…'

ကျွန်တော် တကယ်မရည်ရွယ်ပါဘူး။ ပါးစပ်က လွတ်ခနဲ ထွက်သွားတာပါ။ တကယ်ဆို ရည်းစားစကားကို 'ပြောစရာရှိလို့' ဆိုတဲ့ ကလီရှေနဲ့ မစတောင်မှ ဒီထက် ခမ်းနားစွာ ပြောသင့်တာပေါ့။ ခုတော့…။ ရွှေသော့က ကျွန်တော့်ကို မကြည့်တော့ပဲ တစ်ဖက်လှည့်သွားတယ်။

ခဏနေတော့မှ ဘာမှ မဖြစ်သလိုနဲ့ သူ့ handchain က သော့ကလေးတစ်ချောင်းကို ဖြုတ်ပေးတယ်။

'ရော့'





'ဟင့်အင်း…'

'ရွှေသော့…ဆို…'

'အဲဒါမျိုးက တောမှာလည်း ရှိတယ် မရှိတာက…'

'ပျောက်သွားတဲ့ ကျောက်စိ ရွှေသော့ မျိုးလား…'

'ဟင့်အင်း…မနောဖြူတဲ့ ရွှေသော့မျိုး…'

ဟုတ်တယ်လေ…။ ထူးမှ မထူးတော့တာ…။ ရှေ့တိုးပြီးမှတော့ ရှေ့ဆက်တိုးတာပဲ ကောင်းတယ်လေ…။ နောက်ဆုတ်ဖို့မှ မဟုတ်တာ…။

ရွှေသော့က မျက်စောင်းထိုးပါတယ်။

ကျွန်တော် ပြောခဲ့ပြီးပြီလေ… နောက်တစ်ခါ မျက်စောင်းထိုးရင် ကျွန်တော် ဘာလုပ်မိမယ်မဆိုနိုင်ဘူးဆိုတာ…။ ဟုတ်တယ်။ ကျွန်တော် ရွှေသော့ရဲ့ သော့ကလေးကိုင်ထားတဲ့ လက်ကို အုပ်မိုးဆုပ်ကိုင်လိုက်ပြီး 'ရွှေသော့ကို ချစ်တယ်…'လို့ ပြောလိုက်မိတယ်။ ဒီစကားကတော့ ဘယ်လိုမှ ရှောင်လွှဲလို့ မရတဲ့ စကားဖြစ်နေတဲ့အပြင် ကိုယ်ထိလက်ရောက်လည်း ဖြစ်နေတော့ ရွှေသော့ တော်တော်လေး အနေရ အထိုင်ရခက်သွားပုံပါပဲ…။

စိတ်ထဲမှာတောင် သနားသွားတယ်။ ဒါပေမယ့် ကြေးစားလူသတ်သမားတို့ရဲ့ ထုံးစံအတိုင်းပေါ့။ မသိခင်ကတော့ ကိစ္စမရှိဘူး၊ သိပြီးပြီ ဆိုရင်တော့ အသေသတ်ရမယ့်တာဝန်က ရှိနေပြီ။ မသေမရှင်ထားခဲ့လို့ရရတာမှ မဟုတ်တာ…။

'ရွှေသော့…'

'အင်း…'

'ကြားလိုက်လား'

ရွှေသော့က မဖြေပါဘူး။ ကြားတယ်လို့ ဖြေမိရင် အဖြေကောင်းခံ



www.burmeseclassic.com

www.burmeseclassic.com



ရမှာလေ၊ မကြားဘူးလို့ ငြင်းမိရင် ထပ်ပြောတာ ခံရဦးမယ်။ ဒီတော့ ပညာရှိမလေးက အဖြေမပေးဘဲ ငြိမ်နေတယ်။

'ဘယ်လိုသဘောရလဲ...'

'ဘာကိုလဲ...'

'ကျွန်တော်ပြောတဲ့စကားကို...'

'ဘယ်လိုမှ သဘောမရပါဘူး'

'ဒါဆို ကျွန်တော်ညံ့တာပဲ...သဘောတစ်ခုခုရအောင် မပြောတတ်သေးဘူး...'

ကျွန်တော့်စကားကြောင့် ရွှေသော့မျက်လုံးပြူးသွားတယ်။ ခုထိမလွှတ်ရသေးတဲ့ သူ့လက်ကိုလည်း မသိမသာ ရုန်းရာကနေ သိသိသာသာ ရုန်းထွက်သွားတယ်။

'ကျွန်မ ပြန်တော့မယ်...'

'နေပါဦး...ကိစ္စကမှ မပြီးသေးတာ...'

'ဘာကိစ္စလဲ သိန်ကို PDA ပေးဖို့လား၊ နောက်နေ့မှ ပေးမယ်...'

သူမက စကားကို တစ်ခါတည်း လမ်းကြောင်း ပြောင်းပေးလိုက်တယ်။ ရှန်တိန်လုပ်စားရင် အတော်ထူးချွန်မှာ...။

'ဒါဆို ကျွန်တော်နဲ့ နောက်နေ့ တွေ့ရဦးမှာပေါ့...'

သူမ မျက်စောင်းထိုးပြန်ပါတယ်။ နည်းနည်းလေး ဝေသွားတာမို့ ရွှေသော့ ကံကောင်းသွားတယ်။ ကားပေါ်တက်တော့မယ့်ဆဲဆဲ ကျွန်တော် လှမ်းပြောလိုက်သေးတယ်။

'အဲဒီနေ့ကျ ကျွန်တော့်အတွက် ရှာပြန်လက်ဆောင်ပါ ယူလာခဲ့နော်...'

ဘာသံမှ မကြားရတော့ပါဘူး။ ရွှေရောင်ကားပေါ်ကို ရွှေသော့ ရောက်





သွားခဲ့ပါပြီ...။ ဘာမှန်းမသိဘဲနဲ့တောင် ဘုကြည့်ကြည့်နေတဲ့ ဒရိုင်ဘာကြီးရဲ့ အကြည့်ကတော့ ကျောချမ်းစရာပါပဲ။ ဒီအကြည့်တွေ ငြိမ်သက်သွားမယ့် တစ်နေ့နေ့ဆိုတာကတော့ ရောက်လာရဦးမှာပေါ့လို့ ကျွန်တော် ကျိတ်ပြီး မှတ်ချက်ချလိုက်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



(၈)

နောက်ရက်တွေမှာ ရွှေသော့တစ်ယောက် ပျောက်ချက်သားကောင်း တော့တာပါပဲ။ ကျွန်တော့်ဆီ ရောက်မလာသလို ကျွန်တော် အတန်းဖျက် ပြီး သွားစောင့်တော့လည်း သူကော ကားကော အရိပ်အရောင်တောင် မတွေ့ရပါဘူး။ ကျွန်တော် စန်းမောင်ကို ရှာရပြန်ပါတယ်။ တစ်ခါ တစ်ခါကျ ဒီ တောင်ငူကင်တင်းထဲမှာတင် စန်းမောင်က ပျောက်နေတတ်ပါတယ်။ တခြားသူတွေနဲ့ရောပြီး ထိုင်တတ်တာကိုး…။

'စန်းမောင်…လာပါဦးကွ…'

သူ ကောင်မလေးတစ်သိုက်နဲ့ ရယ်မောနောက်ပြောင်နေရာက ကျွန်တော့် ဆီထလာတယ်။

'ဘာလဲ အစ်ကို…'

'ဟိုရွှေရောင်ကား တွေ့လား'





'ဒီနေ့ မတွေ့ဘူး'

'မနေ့ကကော…'

'မတွေ့ဘူး ထင်တာပဲ…'

'အစ်မချောချောကော…'

'မတွေ့ဘူး…'

'ကြည့်ထားပေး…တွေ့ရင် ပြောနော်…'

'ဘယ်မှာ ပြောရမလဲ…'

'ငါလာမယ်လေ…ရော့…'

ကျွန်တော် ရက်ရက်ရောရောနဲ့ကို တစ်ထောင်ထုတ်ပေးလိုက်တယ်။ စန်းမောင်ကတော့ ဟီးဟီးဟီးဟီးနဲ့ ခုန်ပြီး ပျော်သွားလေရဲ့။

'ငါစိတ်ချမယ်နော်…'

'စိတ်ချ…'

စိတ်ချ…ဆိုတဲ့ စန်းမောင်ရဲ့စကားနဲ့တင် ကျွန်တော် အတန်းဘက် ပြန်လာရပါတော့တယ်။ အတန်းထဲရောက်တော့ nuclear man လို့ နာမည် ပေးခံထားရတဲ့ ကိုသန်းလှိုင်က လှမ်းခေါ်ပါတယ်။ သူ့ကို nuclear man လို့ ခေါ်လို့ တစ်မျိုးတော့ မထင်ကြပါနဲ့၊ သူက nuclear အရမ်းတော်လို့ ပေးထားတာပါ။ ဘာမေးမေး အကုန်သိနေတတ်နေတော့တာပါပဲ။

'ဩဇာ…'

'ပြော…ကိုသန်းလှိုင်'

'ဘယ်သွားနေတာလဲ…မင်းကို ပါမောက္ခရှာနေတယ်…'

'မနောက်ပါနဲ့ဗျာ…စိတ်ညစ်ရတဲ့ထဲ…'

'တကယ်ပါ…'



www.burmeseclassic.com

www.burmeseclassic.com



'ဘာကိစ္စတဲ့လဲ...'

'ဒါတော့ ဘယ်သိမှာလဲ...'

'ဟုတ်ရဲ့လားဗျာ

ကိုသန်းလှိုင်က သူ့နောက်နှစ်ခုံကျော်က ကိုစောလွင်ကို လှမ်း ပြောပါတယ်။

'ဟေ့လူ...ဒီမှာ ကူဦး...'

ကိုစောလွင်က ခေါင်းညိတ်ပြတယ်...။

'ဟုတ်တယ်...တွေ့တာနဲ့ လွှတ်လိုက်ပါ...'တဲ့...'

'ဟုတ်တယ်...ဟုတ်တယ်...ဩဇာ...သွားလိုက်ဦး'

ကိုစောလွင်ဘေးက မခင်သန္တာထွန်းက ပါဝင်ပြောတာမို့ ကျွန်တော် ယုံလိုက်ရပါတော့တယ်။ ဒါပေမယ့် ခက်တာက ကျွန်တော်က မနက် ပါမောက္ခ အချိန်ကို တက်မထားဘူး။ ဘာလို့ မတက်တာလဲ မေးရင် ဖြေရ ခက်နေဦးမှာမို့ ကပျာကယာနဲ့ အဖြေကောင်းကောင်း ပေးနိုင်ဖို့ အရင် စဉ်းစားရသေးတယ်...။

အရေးထဲ ကိုသိန်းလှိုင်က မေးနေသေးတယ်။

'မင်း...မနက်က ဘာလို့ အတန်းမတက်တာလဲ...တဲ့။

'တောင်ငူဘက် ကိစ္စရှိလို့ သွားနေတာနဲ့'

'ဩော်...ခု တောင်ငူက ပြန်လာတာလား...'

'အင်း...'

'ကားနဲ့လား...ရထားနဲ့လား...'

ကျွန်တော် စိတ်ညစ်သွားတယ်။ တောင်ငူဆောင်က ပြန်လာတာကို ကားနဲ့လား၊ ရထားနဲ့လားတဲ့။ nuclear man နဲ့တော့ ဒုက္ခပဲ...။ တောင်ငူ





မြို့က ပြန်လာတယ်ထင်နေပုံရတယ်။ ကျွန်တော်လည်း ခပ်တည်တည်နဲ့ပြန် ဖြေလိုက်တယ်။

'ခြေကျင်ပဲ'

ကိုသန်းလှိုင် မျက်လုံးပြူးသွားချိန်မှာ နောက်က ရယ်သံတွေ ထွက် လာတာမို့ ကိုသန်းလှိုင် သဘောပေါက်သွားတယ်။ ကျွန်တော့်ကို တိုးတိုး လေး ဆဲတယ်။ 'ခွေးကောင် ဩဇာသီး'တဲ့။ ကြည့်...။ ကျွန်တော့်ကို ရွှေသော့ကို ပိုသတိရအောင် လုပ်နေသလိုပဲ...။ ကျွန်တော် nuclear man အပေါ် စိတ်မပြောင်းမီခင် ရုံးခန်းဘက် ထွက်လာလိုက်တယ်။

အတော်လေးကို ဆိုးတယ်လို့ နာမည်ကြီးနေတဲ့ ကျွန်တော်တို့ ပါမောက္ခက ကျွန်တော့်ကို ချက်ချင်းပေးဝင်တယ်...။

'လာ...ဝင်...'တဲ့။

Briefing ပေးရင် ကြာတတ်လွန်းလို့ သူ့ရုံးခန်းထဲ ဝင်သမျှ လူက ကြမ်းပြင်ပေါ် ပြားပြားဝပ် ထိုင်ချပြီး အရင်ကန်တော့လိုက်မှ အဆင်ပြေ တတ်တယ်လို့ ကြားထားတော့ ကျွန်တော်လည်း ထိုင်စရာ နေရာရှာရ တယ်။ မတွေ့ပါဘူး။ ဆရာကြီး ရုံးခန်းထဲမှာ ခြေချစရာနေရာတောင် မနည်း ရှာယူရတယ်။

'ဒီမှာ မင်းကို ပစ္စည်းတစ်ခု လာပေးထားလို့...'

'ဗျာ...'

'မင်းနာမည်...ဩဇာနော်'

'ဟုတ်ကဲ့...'

'မင်းညီမ ထင်တယ်...လာပေးသွားတာ'

'ဟုတ်ကဲ့...'



www.burmeseclassic.com

www.burmeseclassic.com



ရွှေသော့ပေါ့…။ ကျွန်တော်က ဟိုဘက်မှာ သွားရှာနေတုန်း သူက ဒီဘက်မှာ လာပေးသွားတာ။

'ဒါနဲ့ မင်းအမေ နေကောင်းပြီလား…'

'ဗျာ…ဪ…ဟုတ်ကဲ့…ကောင်းပြီ'

'အေးအေး…စာလိုက်နိုင်ရဲ့လား…'

'လိုက်နိုင်ပါတယ်…'

'အေး…အမေ နေမကောင်းတဲ့ကြားက ကြိုးစားပြီး အတန်းတက်တာ ကောင်းတယ်ကွာ၊ ဒါနဲ့ ဒီနေ့ ဘာလို့ မတက်တာလဲ'

'အမေကို Check up သွားလုပ်နေရလို့…'

ဆရာကြီး မျက်မှောင်ကြုတ်သွားတယ်။ ကျွန်တော်လည်း မှားပြီ ဆိုတာ သိလိုက်တယ်။ ကျွန်တော်က အမေ့ကို Check up သွားလုပ်ရင် ညီမက ဘာလို့ ဒီမှာ ပစ္စည်းလာထားစရာကိစ္စ ရှိသလဲပေါ့။

'မင်းတို့ မောင်နှမက တစ်အိမ်တည်း မနေဘူးလား'

'ဟုတ်ကဲ့…ညီမလေးက ဆေးကျောင်းနဲ့ နီးတဲ့ အဆောင်မှာ နေပါတယ်…'

'ဪ…'

မျက်စိထဲ ပြေးဝင်လာတဲ့ မြောက်ဥက္ကလာပထဲက ဆေး တက္ကသိုလ် (၂)ကို အရေးပေါ် ဆွဲသုံးလိုက်တာပါ။ ကျွန်တော်ကတော့ အကြိမ်ကြိမ် ဝစီကံနဲ့ ဆရာကြီးကို ညာနေမိတဲ့တွက် စိတ်ထဲက မရေမတွက်နိုင်အောင် ဦးချနေလိုက်မိတယ်။

'ရော့…'

ဆရာကြီးက သူ့စားပွဲပေါ် တင်ထားတဲ့ အိတ်ကလေးတစ်လုံးကို လှမ်း





ပေးပါတယ်။

'ကျေးဇူးတင်ပါတယ်ဆရာကြီး…ခွင့်ပြုပါဦး'

'အေးအေး…'

တစ်ဆက်တည်း ခွင့်ပြုချက် တောင်းပြီး ခွင့်ပြုချက်ရတုန်း အမြန်ပြန် ထွက်လာခဲ့လိုက်ရတယ်။ အပြင်ပြန်ရောက်တော့မှ အိတ်ကိုဖွင့်ကြည့်ရတယ်။ ဘူးလေးတစ်ခုနဲ့ သပ်သပ်ရပ်ရပ် ထုပ်ပြီး အပေါ်မှာ စာရေးထားတာက သိန်း…တဲ့။ ဒါ…ကိုသိန်းအတွက် PDA ဆိုတာနေမှာပေါ့…။ နောက်တစ်ဘူးက သေးသေးလေး…။ စက္ကူနီနီနဲ့ သေချာထုပ်ထားတယ် (ကျွန်တော်ကတော့ PDA မလိုချင်ပါဘူး။ PHA ဆို ဟုတ်တုတ်တုတ်။ Personal Human Assistant လေ…။)

ဘူးအနီလေးပေါ်မှာတော့ 'ဩဇာ'လို့ ရေးထားတယ်…။

ကျွန်တော် ကပျာကယာပဲ ဖောက်လိုက်မိတယ်။ အထဲမှာ သော့လေးတစ်ချောင်း။ ပလက်တီနမ်နဲ့ လုပ်ထားတယ်ထင်တာပဲ။ စာလေးတစ်ကြောင်း ရေးထားတဲ့ ကဒ်ပြားဖြူဖြူလေးတစ်ခုကို ငွေရောင်ခြည် ကြိုးတစ်မျှင်နဲ့ တွဲပြီး သော့မှာ ချိတ်ထားတယ်။ ရေးထားတဲ့ စာလေးက ရှင်းရှင်းလေး…။

ဩဇာ…

ဒီသော့လေးက စိတ်ထားကောင်းပြီး ပနော်ဖြူရှာပါတယ်။

ရွှေသော့…

တဲ့…။

ကျွန်တော် ဘာတွေဖြစ်ပြီး ဘယ်လိုခံစားပစ်လိုက်ရမှန်းတောင် မသိ



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး။ ရွှေသော့က ကျွန်တော့်ကို ဘာလို့ အတွေ့မခံဘဲ ရှောင်နေတာလဲ...။ ကျွန်တော့်ကို ရှက်လို့လား...။ အဖြေပေးရမှာ ကြောက်လို့လား...။ တခြား ဘာအကြောင်းများ ရှိသေးလဲ...။ ကျွန်တော် မတွေးတတ်တော့ဘူး ဖြစ်နေတယ်။

အိမ်ရောက်တော့ ခရီးသွားဖို့ နှစ်ရက်ပဲ လိုတော့တဲ့ ကိုသိန်းကို ရွှေသော့ ပေးခိုင်းတဲ့ PDA လေး ပေးလိုက်တယ်။

'ရော့...ကိုသိန်း'

'ဘာလဲ...'

'ရွှေသော့ ပေးခိုင်းတာ...'

'ရွှေသော့...ဟုတ်လား...ဘာလဲ...'

'ကိုသိန်းနိုင်ငံခြားသွားရင် သုံးဖို့တဲ့ PDA ...'

ကိုသိန်းက ကျွန်တော့်စကားကို မယုံကြည်နိုင်သလိုမျိုး အထုပ်ကို အရင်ဖောက်တယ်။ အထဲက PDA လေး ထွက်လာတော့မှ ကျွန်တော့်ကို ကြည့်တယ်။

'မင်း...ဘာပြောလိုက်လို့လဲ...'

'Workshop သွားရမယ်လို့...'

'ဒါပဲလား'

'ဒါပဲ...'

အမှန်က ဒါတင်မကပါဘူး။ ဒါပေမယ့် သူတို့ကို အားလုံးဝန်ခံလို့ကလည်း ဖြစ်မှ မဖြစ်တာ'

'ဘာပြောသွားသေးလဲ...'

'ဘာမှ မပြောဘူး...အဲ...ကျွန်တော်နဲ့လည်း မတွေ့ဘူး...'





'မတွေ့ပဲ ဘယ်လိုပေးလဲ...'

'ဌာနမှာ ကျွန်တော့်နာမည်နဲ့ ပေးသွားခဲ့တာ...'

'ဪ...'

ကိုသိန်းကတော့ PDA တစ်လုံးနဲ့ အလုပ်ရှုပ်သွားပါတော့တယ်။

အလုပ်ရှုပ်စရာမရှိဘဲ ရှင်းနေတဲ့ ညီညီကသာ ကျွန်တော့်ကို မေးခွန်းရှုပ်ရှုပ်တွေ စမေးပါတော့တယ်။

'ဩဇာ...'

'ဘာလဲ...'

'အရင်က ကောင်မလေးက မင်းဆီလာနေကျ...မင်းနဲ့တွေ့ပြီး ကိုသိန်းအကြောင်း ပြောနေကျ...ခုကျမှ ဘာလို့ မင်းဆီ မလာပဲ တောင်ငူဆောင်ကနေ တကူးတက ဌာနမှာ လာအပ်သွားရတာလဲ...'

အမှန်က အဲဒါ မင်းအလုပ်လားလို့ ဘုတောလိုက်ရမှာပါ။ ဒါပေမယ့် အဲလိုပြောလိုက်ရင် ရလာမယ့် အကျိုးဆက်က ပိုဆိုးနိုင်တာကို ကျွန်တော်တွက်မိတယ်။

'ဒီနေ့ ငါက အတန်းမတက်ဘဲ တောင်ငူဆောင်သွားနေတာ...အဲဒီမှာလွဲတာ...'

'မင်းက တောင်ငူဆောင်ကို အတန်းဖျက်ပြီးတောင် သွားတယ်ဆိုတော့ အကြောင်းရှိမှာပေါ့'

'ရှိတာပေါ့။ ကိုသိန်းသွားဖို့က နှစ်ရက်ပဲ လိုတော့တာ...'

ကျွန်တော့်စကားကို ညီညီက ပြုံးပါတယ်။ မယုံပါဘူးလို့ ပြောချင်ပုံပါပဲ...။

'ကောင်မလေးက မင်းဆီ မလာတာ ကြာပြီလား...'



www.burmeseclassic.com

www.burmeseclassic.com



'မကြာသေးပါဘူး...တစ်ပတ်လောက်ပဲ ရှိဦးမယ်...'

'ဘာလို့ မလာတာလဲ...'

'မအားလို့ နေမှာပေါ့...'

'မင်းကို ရှောင်နေတာတော့ မဟုတ်လောက်ပါဘူးနော့...'

ပြောပြီး ရယ်နေသေးတယ်။ ကျွန်တော်ကတော့ တတ်နိုင်တဲ့နည်းနဲ့ ညီညီ့ကို အသံတိတ် ဆဲရေးပစ်လိုက်တယ်။ အလကားကောင်။ စကားအစ်နေတာ။ ဒါပေမယ့် သူ့စကားက ဘာလို့ တည့်တည့်မှန်နေမှန်းကိုမသိဘူး။ မဖော်ချနပ်ချင်စရာ...။

'ဘာကိစ္စ ရှောင်ရမှာလဲ...'

'အကြွေးမပေးချင်လို့လေ...'

ညီညီ့ကို ကျွန်တော် အရှုံးပေးရပါတော့မယ်။ မဟုတ်ရင် ကျွန်တော် မှားကုန်မှာ စိုးရတယ်။ ဒါကြောင့် 'မဟုတ်ပါဘူး'ဆိုပြီး စကားစကို အတင်းဖြတ်၊ ရေချိုးခန်းထဲ ဝင်ပြီး ရေကို အချိန်ဆွဲချိုးနေလိုက်ရတယ်။ ဒါတောင် အပြင်က 'အအေးမိအောင် မချိုးနဲ့နော်...' လို့ လှမ်းအော်နေသေးတယ်...။

ဟုတ်ပါရဲ့။ အအေးမိလို့တော့ မဖြစ်ပါဘူး။

ကျွန်တော် မနက်ဖြန် စန်းမောင်ဆီ သွားရဦးမှာ...။





(တ)

နောက်နေ့ကျ ကျွန်တော်ဖျားပါတယ်။ ညီညီကတော့ ပွစိပွစိ ရေရွတ်ရင်းက ပြုစုရရှာပါတယ်။

'အဖျားက ဘာအဖျားမှန်းမသိဘူး။ ကျကိုမကျနိုင်ဘူး'

ဟုတ်ပါရဲ့၊ အဖျားက ဆေးသောက်တာလည်း မကျဘူး။ ဒါနဲ့ ဆေးခန်း ပြေးရရော...။

ဆရာဝန်က ဆေးတွေ ပေးလိုက်ပေမယ့် မသက်သာပြန်ပါဘူး။ ကိုသိန်းက ကျွန်တော့်ကို စိတ်မချလက်မချနဲ့ပဲ ခရီးထွက်သွားရှာလေရဲ့။

သုံးရက်မြောက်တဲ့နေ့မှာ အဖျားက တစ်ရာ့နှစ်လောက်ထိ ပြန်ကျလာပြီ။

'တော်သေးတာပေါ့။ ငါက မင်းကို ဒီတောင်မှ ကျော်နိုင်ပါ့မလားလို့ ပူနေတာ...'



www.burmeseclassic.com

www.burmeseclassic.com



'ချီးတဲ့မှပဲ...'

'ရော်...တကယ်၊ မင်းက အဖျားတက်ရင် ၁၀၅-၁၀၆ နီးပါးထိ တက်တာ...ဧခဲက မပြတ်ရဘူး၊ ငါကတော့ သွားပြီထင်တာ'

'ဒီလောက်နဲ့ သေရမလား'

'မင်းကို ပြောတာမဟုတ်ပါဘူး၊ ငါ့ကိုယ်ငါ ခဲသေပြီထင်တာကို ပြောတာ...'

ဟုတ်ပါရဲ့။ ကျွန်တော်နေမကောင်းတာ ကိုသိန်လည်း ခရီးသွားခါနီး မနေရပါဘူး၊ ညီညီကတော့ အပင်ပန်းဆုံးပါပဲ။

'အရေးထဲ ယောင်သေးတယ်။ ကယောင်ကတမ်းနဲ့ ဘာတွေ ပြောမှန်း မသိဘူး'

'ရုပ်ရှင်ရိုက်နေတာ မဟုတ်ဘူး ညီညီ...ငါကလည်း မင်းသား မဟုတ်ဘူး၊ ဖျားတိုင်း ကယောင်ကတမ်းပြောတတ်တဲ့ထဲမှာ ဩဇာမပါဘူး...'

'မင်းက မင်းဟာမင်း သိလို့လား'

'သိတာပေါ့...'

'လျှောက်ပြောမနေနဲ့၊ မင်း ကယောင်ကတမ်းက ရုပ်ရှင်တွေထဲကလို တစ်နံ့တစ်လျား မဟုတ်ဘူး၊ ယုတ္တိယုတ္တာကျကျပဲ ယောင်တာပါ...'

'ဘာတဲ့လဲ...'

'သော့...တဲ့။ မသိရင် ဘဏ္ဍာစိုး သော့ပျောက်နေသလိုပဲ...'

'တကယ်လား'

'တကယ်ပေါ့...ညာစရာလား'

ညီညီ့မျက်နှာကို ကြည့်တော့လည်း တကယ့်ကို အတည်ပေါက်ပါပဲ...။





'ကိုသိန်း ကြားသေးလား'

'ကြားတာပေါ့'

'ဘာပြောသေးလဲ...'

'ဘာပြောအားမှာလဲ...မင်းက အသည်းအသန်ဖြစ်နေတဲ့ဟာကို...'

'ကျေးဇူးတင်ပါတယ်ကွာ...'

ဒီစကားကိုတော့ ကျွန်တော့်ရင်ထဲက လှိုက်လှိုက်လှဲလှဲပြောမိတာပါ။ ဒါကို ညီညီက ရယ်ပြုံးတုံ့ပြန်တယ်...။

'ကျေးဇူးက ငါက တင်ရမှာ...'

'ဘာလို့လဲ၊ ငါ့ကို ရိနေတာလား'

'မရိပါဘူး...တကယ်ပြောတာပါ...'

'ဘာကိစ္စကျေးဇူးတင်ရမှာလဲ ပြော...'

'မင်းအတွက် ရေခဲဝယ်ထားတာ ကုန်ရင် ဒီနားက ရှိသမျှ အိမ်တွေ ပတ်တောင်းရတယ်'

'ဟင်...ဟုတ်လား...အားနာစရာ...'

'အေး...အဲဒီလိုတောင်းရင်း တွေ့ရှိခဲ့တာပါပဲ။ ရေခဲတောင် ပုံပြင် မဟုတ်ဘူး၊ ရေခဲတောင်းပုံပြင်...ဟဲဟဲ...'

ကြည့်ရတာ ညီညီတစ်ယောက် ရေခဲတောင်းရင်း တောင်းစရာ လူပါ တွေ့ခဲ့ပုံရတယ်။

'ရေခဲ တောင်းရင်း တစ်ခါတည်း တောင်းခဲ့ရောပေါ့...'

'ချက်ချင်းကြီး တောင်းလို့ ဘယ်ရမလဲ...ဩဇာ...အချိန်ယူရဦးမယ်၊ တော်ကြာ မင်းသော့ကလေးလို ပျောက်ချင်းမလှ ပျောက်သွားမှ ဒုက္ခရောက်နေဦးမယ်...'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မသက်မသာ ပြုံးပြလိုက်မိတယ်။

'မင်း...ကောင်မလေးကို ရည်းစားစကားပြောလိုက်တယ် မဟုတ်လား'

'အင်း...မရည်ရွယ်ဘဲနဲ့...'

'မရည်ရွယ်ဘဲ ရည်ရွယ်ချက်ရှိရှိနဲ့ ပြောလိုက်မိတာမျိုးလား'

ကျွန်တော် မသက်မသာ ရယ်နေရုံကလွဲလို့ ဘာမှ ပြန်မပြောနိုင်ဘူး။

ကိုသိန်း ရင်ထဲ ဘယ်လိုနေတယ်ဆိုတာကို သိချင်နေတာနဲ့ကို ကျွန်တော် ဇောချွေးတွေ ပြန်ပြီး အဖျားကျချင်သလိုတောင် ဖြစ်သွားရတယ်။ ကျောင်းကိုလည်း တစ်ဖက်က ပူရသေးတယ်။ ကျွန်တော်တို့ department မှာက ကျောင်းပျက်လို့ မရဘူး။ ကျောင်းပျက်ရင် ခွင့်စာတင်ရတယ်။ ခွင့်မတင်ရင် ဒဏ်ကြေးတပ်တယ်။ ခုလောက်ဆို ကျွန်တော် ခွင့်မတင်လို့ ကျွန်တော့်ကို ဒဏ်ကြေးအတွက် အတန်းထဲမှာ notice ပေးနေလောက်ပြီလို့ တွေးမိတယ်...။

တွေးနေတုန်း တံခါးခေါက်သံ ကြားလို့ ညီညီ သွားဖွင့်တယ်။ ကိုသန်းလှိုင်တို့ လူစုပါ။ ကိုသန်းလှိုင်ရယ်၊ စောလွင်ရယ်၊ ခင်သန္တာထွန်းရယ်၊ စန္ဒာဝင်းရယ်...။ ကျွန်တော့်ကို လူမမာလာမေးကြတယ်ထင်တယ်......။

'ဩဇာ...တော်တော် နေမကောင်းဘူးဆို...'

'ဟုတ်တယ်...'

'ဆရာကြီးကတောင် မင်းကို အမေးပြီးတော့ မင်းတဲ့၊ အမေကို ပြုစုရတာနဲ့ ပင်ပန်းသွားလား မသိဘူးလို့ ပြောနေတာ...'

'ဆရာကြီးက ငါ့ကို ခွင့်မတင်လို့ မဆူဘူးလား...'

စန္ဒာဝင်းက ခေါင်းခါတယ်။ ကိုသန်းလှိုင်ကတော့ မျက်မှောင်ကြုတ်ပြီး...





'မင်းခွင့်တင်လို့ ငါတို့က မင်းနေမကောင်းမှန်း သတာလေ...တဲ့၊

'အာ... ဘယ်က ခွင့်တင်ရမှာလဲ... ညီညီက ငါ့ကို ပြုစုနေရတာနဲ့ အလုပ်တွေတောင် အိမ်ယူလုပ်နေရတာ...မအားဘူး...၊ ကိုသိန်းက ခနိုးထွက်သွားတယ်။ ဘယ်သူမှ သွားမတင်အားဘူး...'

'တင်တယ်တဲ့...'

ခင်သန္တာထွန်းကလည်း ဝင်ထောက်ခံတယ်။

'ဘယ်သူတင်တာလဲ...'

'နင့်ညီမ...တဲ့...'

ခင်သန္တာထွန်းစကားကြောင့် ကျွန်တော် တအံ့တဩဖြစ်သွားရတယ်။ ဒါပေမယ့် ချက်ချင်း သိလိုက်တာက အဲဒါ 'ရွှေသော့'ဆိုတာပဲ...။ ရွှေသော့က ကျွန်တော် နေမကောင်းလို့ ကျောင်းမတက်နိုင်တာ ဘယ်လိုလုပ် သိလဲ။ ကျွန်တော် စဉ်းစားမရဘူး။ ညီညီကတော့ 'ညီမ ဟုတ်လား'လို့ တအံ့တဩ ရေရွတ်ပြီး ကျွန်တော် မျက်မှန်းကျိုးလောက်တဲ့ အသံနဲ့ 'ယောက်ဖ'လို့ အားရပါးရ ခေါ်ပါတယ်။

ပြုစုစောင့်ရှောက်ထားတဲ့ ကျေးဇူးသာ ရှိမနေလို့က ဆွဲထိုးချင်စရာ...။ ပိုဆိုးတာက အဲဒါ ရွှေသော့ဆိုတာ ကျွန်တော်က သိနေတာပါပဲ။ ရွှေသော့က ကျွန်တော့်ကို ရှောင်တုန်းက ရှောင်နေပြီး ခုကျမှ ကျွန်တော့်ကို ခွင့်တိုင်ပေးသတဲ့။

'မင်းစာအုပ်တွေကော ပေးလိုက်ဦးမလား၊ ဒီမှာ သန္တာနဲ့ စန္ဒာက စာကူးပေးမယ်...တဲ့'

စောလွင်က သူမကူးရတိုင်း မိန်းကလေးနှစ်ယောက်ကို ချောက်ချပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ညီညီက ဝင်ပြောတယ်...။

'နေနေ...သူ့ညီမ ကူးပေးလိမ့်မယ်'တဲ့။

ကျွန်တော် လက်သီး ထောင်ပြလိုက်တော့ သူက မဟောသဓောတ်တော်ထဲကလို လက်ဝါးပြန်ဖြန့်ပြတာ...ကျောချမ်းစရာကြီး...။ အကြည့် ကို လွှဲလိုက်ရတယ်။

ကိုသန်းလှိုင်ကတော့ nuclear lecture တချို့ကို အကျဉ်းရုံး မှတ်နည်း ခေါင်းထဲ ထည့်ပေးသွားသေးတယ်။ တကယ့်ကို ချီးကျူးစရာ ကောင်းတဲ့ လူပါ...။ ပြီးမှ သူက ဖောက်တယ်...။

'မင်းညီမက တော်တော်လှတာပဲနော်...'

သူ့စကားကို ညီညီက အရမ်းကာရော စိတ်ဝင်စားသွားတယ်။ ညီညို မျက်လုံးက Voltage ကို မီတာတံ ထောက်စရာမလိုပဲ မှန်းမိပုံရတဲ့ ကိုသန်း လှိုင်က...

'ခင်ဗျားက စိတ်ဝင်စားလို့လား...'

'ဟုတ်တယ်။ ဒီကောင်က သူ့မှာ ညီမရှိတာကို ဝှက်ထားတယ်၊ အတူ နေတဲ့ ကျွန်တော်တောင် မသိရဘူး'

'ဟုတ်တယ်... ကျွန်တော်တို့လည်း ဆရာကြီးပြောမှ သိရတာ... ဆရာ ကြီးကတောင် ပြောနေသေးတယ်။ ဩဇာညီမက အတော်သိတတ် လိမ္မာ တာ...တဲ့။ ပြီးတော့ သနားစရာတဲ့၊ မောင်နှမတွေ အတူမနေရရှာဘူးတဲ့...'

အဲဒါမှ ပြဿနာပါ။ ဆရာကြီးကတော့ အတန်းထဲမှာ စကားစပ်မိရင်း ပြောတာဖြစ်ပါလိမ့်မယ်။ ခက်တာက မရွှေသော့ ဆင်ထားတဲ့ ဇာတ်ကွက် ကြီးကို ဆရာကြီးက အဟုတ်ထင်နေတာပါပဲ။ ဒီထက်ပိုဆိုးတာက ခု ဆရာ ကြီးဖောက်သည်ချထားတဲ့ စကားတွေကို ကိုသန်းလှိုင်တို့ကပါ ယုံပြီး ညီညီ





ဆီအထိရောက်တာပါပဲ...။

ညီညီက ကျွန်တော့်ကို ဘယ်လိုလဲဆိုတဲ့ အကြည့်နဲ့ ကြည့်တယ်။ မတတ်နိုင်တော့ဘူး။ ကျွန်တော် ရှင်းရတော့မယ်။

'အဲဒါ...ရွှေသော့ပါ...'

'ဘာ...ရွှေသော့...ဟုတ်လား၊ ဘယ်တုန်းက မင်းတို့က မောင်နှမတော် သွားတာလဲ'

'မဟုတ်ပါဘူး...'

'ဒါဆို...ဘာ်လားမောင်နှမလား...'

ညီညီကတော့ ပြဿနာရှာနေပါပြီ။ ဒါကြောင့် ကျွန်တော် လက်ကာ ပြလိုက်ရတယ်။

'ငါရှင်းပြပါ့မယ်'

'ရှင်း...ရှင်း...စိတ်တိုင်းကျအောင် မရှင်းနိုင်လို့က မင်းနာပြီပဲ'

'ဒီကိစ္စက ရွှေသော့ သူ့ဘာသာသူ လုပ်သွားတဲ့ဇာတ်၊ ငါ့ကို အတန်း ထဲက ခေါ်ထုတ်ဖို့ သူ့ကိုယ်သူ ငါ့ညီမပါ။ အမေအသည်းအသန် ဖြစ်နေလို့ ပါဆိုပြီး ဆရာကြီးကို ခွင့်တိုင်ပြီး လာခေါ်ထုတ်သွားတာ သူတို့လည်း မြင် တယ်...'

ကျွန်တော်နဲ့ညီညီ ဖြစ်နေတာကို...ကိုသန်းလှိုင်တို့ နားလည်ပုံမရပါ ဘူး။ ဒါပေမယ့် ဘာမှ ဝင်မမေးဘဲ နားထောင်နေကြတယ်။ ဒါပေမယ့် ရွှေသော့လာခေါ်တဲ့ကိစ္စကိုတော့ ခေါင်းညိတ်ထောက်ခံပေးဖော် ရကြပါ တယ်။ ကိုသန်းလှိုင်တို့ ခေါင်းညိတ်တော့မှ ညီညီက မေးဆတ်ပြတယ်။ ဆက်ပြောပေါ့။

'နောက်...PDA လာပေးတာလည်း ဒီလိုပဲ...ဩဇာညီမဆိုပြီး ဝင်တာ၊



www.burmeseclassic.com

www.burmeseclassic.com



ခုလည်း ဒီလိုပဲပေါ့။ ဘာဆန်းလဲ...'

'ဘာဆန်းလဲ...ဟုတ်လား'

'ဟုတ်တယ်လေ...'

'ဆန်းဟာကို ငါက ပြောပြရဦးမှာလား...',

အဲဒီလိုပြောပြီး ကိုသန်းလှိုင်တို့ကို တစ်ချက်ကြည့်တယ်။ သူတို့ရှိနေလို့ မပြောသေးတာဆိုတဲ့ သဘောပေါ့။ ဒါပေမယ့် စကားက လမ်းကြောင်းပြောင်းသွားပါတော့တယ်...။

'ဪ...ဒါဆို ဒီကောင်မလေးက မင်းညီမ မဟုတ်ဘူးပေါ့...'

ကျွန်တော် ခေါင်းညိတ်ပြလိုက်ရတယ်...။

'စိတ်မကောင်းပါဘူး၊ နင်တို့ ဩဇာကို ယောက်ဖတော်လို့ မရတော့ဘူးပေါ့...'

'ဘာလဲ...နင်မျှော်လင့်ချက် ပြန်ထားလို့ ရပြီဆိုပြီး ဝမ်းသာသွားတာလား...'

စောလွင်ရဲ့စကားကြောင့် ခင်သန္တာထွန်း စိတ်တိုသွားတယ်။

'သေပစ်လိုက်...သေလိုက်...ကြိုက်တဲ့နည်းနဲ့ သေလိုက်...'

'ငါကြိုက်တဲ့နည်းနဲ့ သေလို့ရင် နင်က သင်္ဂြိုဟ်စရိတ် ထုတ်ပေးမှာမို့လို့လား'

'ဖျာတစ်ချပ်တော့ ရမယ်၊ ဒါတောင် အဟောင်းနော်၊ အသစ်မရဘူး'

ခင်သန္တာထွန်းပြောပုံက သေချင်စရာ တစ်စက်မှ မရှိပါဘူး။ ဒါပေမယ့် စောလွင် သူ့ကို ပြောလိုက်တာထက်စာရင် သူပြောတာ နည်းသေးတယ်လို့ ထင်နေပုံပဲ...။

ထင်မထားပဲ စကားက ကျွန်တော့်ဘက် ပြန်လှည့်လာတယ်။ စန္ဒာဝင်းက ပြောတာပါ။

'ဒါဆိုနေပါဦး ဩဇာ...'

'နေပါတယ်၊ ဘယ်မှတောင် ထမသွားနိုင်သေးတဲ့ဟာ...'

'နင်နဲ့ အဲဒီကောင်မလေးက ဘာလဲ...'

'ဘာမှမဟုတ်ဘူး၊ ဒါပေမယ့်...'

'ဘာဒါပေမယ့်လဲ...'

'ငါကတော့...'

ပြောမယ့်စကားကို တုံ့ဆိုင်းနေမိတယ်။ ပြောသင့်မပြောသင့်ပေါ့၊ ညီညီက ခပ်တည်တည်နဲ့ သူမသိသေးသလို ဝင်ထောက်တယ်။

'ငါကတော့ ဘာဖြစ်လဲ...'

'ချစ်မိနေပြီလား...'

ကိုသန်းလှိုင်က သံစဉ်လေးနဲ့ ဝင်ထောက်တယ်။

'မကဘူး...ရည်းစားစကားတောင် ပြောထားပြီ...'

ကျွန်တော့်စကားကြောင့် စန္ဒာဝင်းက ခေါင်းတဆတ်ဆတ်ညိတ်တယ်။

'မဆိုးပါဘူး'တဲ့။

'ဘာမဆိုးတာလဲ...'

'အလားအလာကောင်းမှာပါ...'

ကျွန်တော် စန္ဒာဝင်းကို တအံ့တသြကြည့်မိတယ်။ သူပြောတာ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ၊ ဒီနှစ်ထဲမှာ ဒီစကားကတော့ ကျွန်တော့်အတွက် အကောင်းဆုံး စကားပါပဲ။ လောလောဆယ် ခံစားနေရတဲ့ ရောဂါဝေဒနာတွေ အကုန်လုံး ယူပစ်လိုက်သလို ပျောက်သွားတယ်လို့ ခံစားလိုက်ရတယ်။ တကယ်ပါ...အဲဒီလောက်တောင် ဆေးက စွမ်းပါတယ်။

www.burmeseclassic.com



(ထ)

နောက်တစ်ပတ်လောက် နေတော့ ကျွန်တော် တော်တော်လေးကို ထူထူထောင်ထောင်ဖြစ်လာပြီမို့ကျောင်းပြန်တက်ဖြစ်ပြီဆိုတော့လည်း ထုံးစံအတိုင်း ရွှေသော့ကို ရှာမိတော့တာပေါ့။ အကြောင်းစုံသိသွားတဲ့ ညီညီကလည်း သူ့ရဲ့ ဆန်းတယ်ဆိုတဲ့ မှတ်ချက်ကို စန္ဒာဝင်းရဲ့ အလားအလာကောင်းတယ်ဆိုတဲ့ မှတ်ချက်နဲ့ နီးစပ်ကြောင်း အားပေးခဲ့တဲ့အတွက် အဲဒီကောင်းတယ်ဆိုတဲ့ အလားအလာလေးကို ကျွန်တော်က ရှာပုံတော် ဖွင့်ရပါတော့တယ်...။

'စန်းမောင်...'

ဘာပဲပြောပြော နောက်ဆုံးကျတော့ ကျွန်တော့်ရဲ့ ကောက်ရိုးမျှင်က 'စန်းမောင်'ပဲ။ စန်းမောင်ကလည်း လက်မလည်ဘူး။ ကျွန်တော့်တို့လက်တာပြတယ်။ ခဏနေဦးဆိုတဲ့ သဘော...။ သူ့ကိုစွတွေပြီးတော့မှ





ကျွန်တော့်ဆီ ရောက်လာတယ်။

'ဘာလဲအစ်ကို...'

'ရွှေရောင်ကား...'

'တွေ့တယ်အစ်ကို...'

'ဘယ်တုန်းကလဲ...'

'မနက်က...'

ဒါဆို ရွှေသော့ကျောင်းတက်တာ သေချာတာပေါ့။ စန်းမောင်ကိုတော့ ဘာမှ အထွေအထူး မှာမနေတော့ဘူး။ မုန့်ဖိုးပေးပြီး ပြန်ခဲ့လိုက်တယ်။ မနက်ဖြန် မနက်တော့ အတန်းဖျက်ပြီး Global ဘက်ကို အရှာထွက်မှ ဖြစ်တော့မယ်လို့လည်း ဆုံးဖြတ်လိုက်တယ်။ ဆရာကြီးကတော့ ကျွန်တော့်ကို နေမကောင်း ပြန်ဖြစ်တယ် ထင်နေဦးမယ်။ စိတ်ထဲကပဲ ဆရာကြီးကို ကန်တော့တောင်းပန်လိုက်ရတယ်။

အိမ်ပြန်ရောက်တယ်ဆိုရင်ပဲ ကျွန်တော့်အခန်းဝမှာ ချိတ်ထားတဲ့ အရုပ်ကလေးတစ်ရုပ်ကို တွေ့လိုက်ရတယ်။ အရုပ်ကလေးက ကြိုးလေးနဲ့ တွဲထားတဲ့ ဘောလုံးလေးပါ။ ဘောလုံးရဲ့ မျက်နှာပြင်မှာ မြင်နေရတာက ရုပ်ပြောင်ကလေး...။ မျက်စိကို တစ်ဖက်မှိတ်လို့ လျှာတောင် ထုတ်ပြထားလိုက်သေးတယ်။

ခက်တာက အိမ်မှာ ညီညီကလည်း မရှိတော့ ဘယ်သူ သာထားသွားမှန်းလည်း မသိဘူး။ ချိတ်ထားတာက တကယ့်ကို လေစုပ်ခွက်ကလေးနဲ့ အတိအကျ တံခါးမှန်မှာ ကပ်ထားခဲ့တာ။ ကျွန်တော် ဘောလုံးစပ်ဖြဲလေးကို ဆွဲဖြုတ်ပြီး အခန်းထဲ ယူလာခဲ့လိုက်တယ်။ ဘာမှန်းတော့ မသိဘူး။ သေချာတာကတော့ ဘာမှ မဆိုင်ဘဲ ရွှေသော့ကို သွားသတိရမိတာပဲ။ ဆန်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်။ တချို့ကပညာရှိတွေက ဒါကြောင့် ပြောခဲ့တာ ဖြစ်မှာ၊ အချစ်ဆိုတာ ဆန်းကြယ်တယ်တဲ့။

ညီညီပြန်ရောက်လာတော့ ညီညီကလည်း အရုပ်ကလေးကို တွေ့သွားတယ်။

'ဒါက ဘာလဲ...'

'မြင်တဲ့အတိုင်းပဲ'

'ကလေးကလားနဲ့ အံ့ဩစရာ...'

ညီညီက ကျွန်တော့်ကို ရှုံ့မဲ့ပြီး မှတ်ချက်ချပါတယ်။ ကျွန်တော် စိတ်တိုသွားရရင်း...

'ဘာမှ ကလေးကလားနိုင်စရာ မရှိဘူး၊ အိမ်ဝမှာ လာချိတ်ထားလို့ ယူလာတာ...'

'မင်းကို လာပြောင်ထားတာ နေမှာပေါ့...'

'ဟင်...ဖြစ်ရတယ် ဒီအိမ်မှာ ငါတစ်ကောင်တည်း နေတာ ကျနေတာပဲ...'

'ငါနဲ့ နေပေမယ့်...ငါတွေ့တာ မဟုတ်ဘူးလေ...မင်းတွေ့တာ...'

'ဒါက ငါက စောရောက်တာကိုး'

'မင်းကို ပြောချင်လို့ စောစောလာချိတ်ထားတာ နေမှာပေါ့ ငါ့ကို ပြောချင်မှတော့ ငါပြန်မရောက်ခင် မင်း တရေးတမော နှပ်နေတဲ့အချိန် လာချိတ်မှာပေါ့...'

'ဟုတ်နိုင်ခြေတွေ လာပြောမနေနဲ့...'

'ဟုတ်နိုင်ခြေ မဟုတ်ဘူး...ဟုတ်နိုင်တာကို ပြောတာ...ငါ့ကို ပြောင်ချင်တဲ့ကိစ္စကို မင်းက ယူဝင်သွားမှတော့ ငါ့အတွက် နောက်တစ်ခု လာချိတ်





ထားမှာပေါ့...'

သူပြောတာ ဟုတ်သလိုလိုပဲ၊ ဒါပေမယ့် ဘာကိစ္စနဲ့ သူ့စကားကို ထောက်ခံလိုက်စရာ အကြောင်းရှိလို့လဲ...။

'ဒါကတော့ အချိန်မရှိလို့ ဖြစ်မှာပေါ့...'

'အေး...စောင့်ကြည့်လိုက်ပေါ့ ဩဇာ...'

ညီညို့လေသံက မတရားကြီးကို confidence များနေသလိုပဲ၊ သူ့တောင် မသင်္ကာချင်ဖြစ်လာရတယ်၊ သူပဲ ကျွန်တော့်ကို နောက်ဖို့ ချိတ်ခဲ့တာလားပေါ့။ ဒါပေမယ့် ညီညီဆိုတာက အဲဒီလောက် လောကကြီးကို အချိန်မပေးတတ်ဘူး။ သူ့အကျိုးအတွက် နည်းနည်းမှ မပါတဲ့ ကိစ္စဆို ဘာကိစ္စမှ သူ စိတ်မဝင်စားတတ်ဘူး။ ထင်မိတဲ့ အထင်ကတောင် အတော်လွန်နေပြီ။

ညီညီပြောသလို ကြာကြာစောင့်မကြည့်လိုက်ရပါဘူး။ အဲဒီဘောလုံးရုပ်ပြောင်လေးနောက်တစ်လုံးက ကျွန်တော့်ဆီတည့်တည့် နောက်တစ်နေ့မှာ ရောက်လာခဲ့လို့ပါပဲ...။

မနက်ပိုင်းမှာ ကျွန်တော်က တောင်ငူဘက်သွားတယ်။ ကျွန်တော်ထိုင်နေကျစားပွဲမှာ ကျွန်တော့်ကို ဆီးကြိုနေတာက ရုပ်ပြောင်ဘောလုံးလေး။ မနေ့က ဘောလုံးက အဝါရောင်။ ခုဟာက အနီရောင်။ ကျွန်တော့်ကို နိမိတ်ပေးနေသလိုပဲ။ သေချာတယ်။ ရွှေသော့နဲ့ တွေ့ရ မဟုတ်ဘူးဆိုတာမျိုး။ ဒီနေ့ကျကာမှ သိပ်စောလို့လား မသိဘူး။ စန်းမောင်ကိုလည်း မတွေ့ရဘူး။ ရွှေရောင်ကားကိုလည်း အရိပ်ယောင်တောင် မတွေ့ရဘူး။ အိတ်ကပ်ထဲက ပလက်တီနမ် သော့ကလေးကို ထုတ်ကြည့်မိတော့ ဒီသော့လေးက စိတ်ထားကောင်းပြီး မနောဖြူရှာပါတယ် ဆိုတဲ့ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



လေးကိုပဲ သတိရနေမိတယ်။ အဲဒီ သဘောဖြူ မနောဖြူ ကောင်မလေးက ဘယ်ရောက်နေမှန်း မသိဘူး။

ကျွန်တော် စိတ်ရှုပ်ရှုပ်နဲ့ အတန်းဘက် ပြန်လာခဲ့ပြီး ခုမှရောက်သလို နဲ့ အတန်းထဲ ဝင်လိုက်တယ်။ အရှေ့မှာ သင်နေတဲ့ ယကြေ တွေကို မနည်း ကြိုးစားအာရုံစိုက်နေတုန်း လက်ဆင့်ကမ်း စာတိုလေးတစ်စောင်ရောက် လာတယ်...။

ဩဇာ...

စိတ်ဝင်စားစရာ ပစ္စည်းတစ်ခု ပေးစရာ ရှိတယ်။

သန်းလှိုင်'

ကျွန်တော် မျက်မှောင်ကြုတ်လိုက်မိတယ်။ ပြီး CMP သင်နေတဲ့ မျက်မှန်ထူထူနဲ့ ဒေါက်တာမမြင့်အောင် ကိုသန်းလှိုင်ကို လှည့်ကြည့်လိုက် ပြီး မေးဆတ်ပြမိတယ်။ ဘာလဲ...လို့...။ ကိုသန်းလှိုင်က လက်ထဲက ပစ္စည်း လေးတစ်ခု မြှောက်ပြတယ်။ ရုပ်ပြောင်ဘောလုံး... ပန်းနုရောင်လေး။ ကျွန်တော် စိတ်ရှုပ်ရှုပ်နဲ့ ရယ်ချင်သွားရတယ်။ သေချာပါတယ်။ ဒါဟာ ကျွန်တော့်ကို လိုက်နှောက်နေတာ ဖြစ်သလို အဖြစ်နိုင်ဆုံး တရားခံက လည်း 'ရွှေသော့'ပဲ ဆိုတာ...။

အတန်းပြီးတော့မှ ကိုသန်းလှိုင်က ဘောလုံးလေးကို လက်ထဲလာ ထည့်တယ်။

'ဘယ်က ရတာလဲ၊ ဘယ်သူလာပေးတာလဲ...'

'မသိဘူး၊ အသက်လေးဆယ်လောက် ရှိမယ့် ယောက်ျား တစ်ယောက် ပဲ...'

အရေးထဲမှ ကိုသန်းလှိုင်က အတိအကျကို အစီရင်ခံတယ်။ ကျွန်တော် သိချင်တာက ရွှေသော့ ဟုတ်မဟုတ်ပဲ။ ကျန်တာ မသိချင်ဘူး။

ဖြစ်နိုင်တာကတော့ ကျွန်တော် ကြည့်မရတဲ့ ဒရိုင်ဘာနေမှာပေါ့...၊

'ဘာလဲ...ဩဇာကို ပေးပါလို့ သေချာမှာသွားလို့လား'

'ဟုတ်တယ်...'

'မင်းဆီမှ တည့်တည့်လာတာလား...'

ကျွန်တော် သံသယနဲ့ မေးလိုက်မိတယ်...။

'ငါ့ဆီတော့ တည့်တည့်လာမလား... ငါနဲ့ department အဝင်မှာ တွေ့တာ ဒီအတန်းမှာ ဩဇာဆိုတာ ရှိလားတဲ့၊ ရှိတယ်ဆိုလို့ ပေးခဲ့တာ...'

'သြော်...'

'အဲဒါ ဘာလဲ...၊ ဘာဂိုဏ်းဂနရဲ့ လျှို့ဝှက်သင်္ကေတလဲ...၊ ထိပ်သီး အစည်းအဝေးပွဲ ဖိတ်စာများလား...'

သိုင်းဝတ္ထုတွေ အတော်အတန် ဖတ်ထားပုံရတဲ့ ကိုသန်းလှိုင်က ဝေါ သလို မေးပါတယ်။ အင်းလေ မေးချင်စရာပဲ။ ဘာမဟုတ်တဲ့ ဘောလုံး ရုပ်ပြောင်လေးကို တကူးတက လာပေးထားခဲ့တာကိုး။ သေချာတာက တော့ ရွှေသော့ဟာ ဘယ်သူနဲ့မှ မတူနိုင်တဲ့ ကျွန်တော့်ရင်ထဲက အရုပ်ကလေး တစ်ရုပ်ဆိုတာပါပဲ။ သူ့ပြုမူလှုပ်ရှားမှုတွေက သူများနဲ့မတူတတ်ဘူးလေ။ သူ့ဘက်ကတော့ တကူးတက အားစိုက်လိုက်ရတယ် မရှိဘဲ ပေါ့ပေါ့ပါးပါး နဲ့ အားလုံးပြီးသွားတတ်တာမျိုး။ သူများအတွက်ကတော့ တအံ့တဩ... အမှတ် တရဖြစ်ကျန်ခဲ့ရတာ...။

'မဟုတ်ဘူး...လျှို့ဝှက် အချစ်သင်္ကေတ...'







www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားကြောင့် ကိုသန်းလှိုင်က ရယ်ပါတယ်။ ပြီး ပြောသွားသေးတယ်။

'ကောင်လေး...သိပ်နေအကောင်းကြီး မဟုတ်သေးဘူး။ ဆေးသောက်ပြီး ဂရုစိုက်ဦး'တဲ့။

ခုတလော ကျွန်တော်လည်း ကံဇာတာကောင်းပုံ မရဘူး။ ခံဘက်က ချည်းပဲ...။ ဖြေသာတာတစ်ခုက ရွှေသော့ကြောင့် ခံနေရတယ်ဆိုတဲ့ အတွေးလေးပဲ...။

နေ့လယ် အိမ်ပြန်ရောက်တော့ တံခါးဝမှာ ရှပ်ပြောင်ဘောလုံးလေးများ ရှိဦးမလား ရှာမိသေးတယ်။ မတွေ့ဘူး၊ အိမ်ထဲရောက်တော့မှ ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်ပြီး ဘောလုံးတစ်လုံးကို စိတ်ဝင်တစား ကြည့်နေတဲ့ ညီညီ့ကို တွေ့လိုက်ရတယ်။ ဘောလုံးလေးက လိမ္မော်ရောင်လေး။ မချိုမချဉ်နဲ့...ညီညီ့မျက်နှာကို ကြည့်ပြီး ဘောလုံးကို ဆွဲယူလိုက်တယ်...။

'ပေး...'

ညီညီက မပေးပါဘူး။ ဖျတ်ခနဲ ပြန်လုပြီးမေးတယ်။

'မင်းနဲ့ ဘာဆိုင်လို့လဲ...'

'ဆိုင်တယ်...'

'မနေ့က ပြောတော့ မဆိုင်ဘူးဆို...'

'ခု...ဆိုင်သွားပြီ...'

'အထောက်အထားပြပါဦး...'

ညီညီ့ ရိထေ့ထေ့စကားတွေကို ကျွန်တော် တုံ့ပြန်ဖို့ အိတ်ထဲက ရှပ်ပြောင်ဘောလုံး အနီနဲ့ ပန်းနုရောင်လေးကို ထုတ်ပေးလိုက်တယ်။ ဒီလို





ကျပြန်တော့လည်း...

'ဟာ...မင်းဝယ်လာတာလား...ဘယ်ကလဲ...ဘယ်လောက် ပေးရလဲ...'

'အားအားယားယား ဝယ်မလားကွ၊ မနက်က တောင်ငူကင်တင်း သွားတော့ တစ်လုံး ရလာတယ်။ အပြန် အတန်းထဲ ရောက်တော့ တစ်လုံး ရတယ်'

'တော်ရောပေါ့။ ဒါက ငါ့ဟာနေမှာပါ...'

'မင်း...မညစ်နဲ့...ဒါ ရွှေသော့ ငါ့ကို ပေးထားတာ'

'ဟာဗျာ...'

ညီညီက ရယ်ဟဟနဲ့ ကျွန်တော့်ကို လှောင်သလို တဖွဲ့တသြ ကြည့်ပြတယ်။ ဘောလုံးလေးကိုလည်း ကျွန်တော် မခံချင်အောင် နမ်းပြလိုက်သေးတယ်။ သွားရှပ်နဲ့များ လာလုပ်နေသေးတယ်။

'မင်း အတော်စိတ်ကူးယဉ်တာပဲ ဩဇာ...'

'ဘာစိတ်ကူးယဉ်တာလဲ...'

'မင်းပဲ...ခုနက ရွှေသော့က ပေးတာဆို...'

'ဟုတ်တယ်...'

ဟုတ်တယ်လို့ ပြောလိုက်တဲ့ ကျွန်တော့်ရဲ့ စကားသံက တကယ့်ကို ပြတ်သား ခိုင်မာနေတာ ကိုယ့်ကိုယ်ကို သတိပြုလိုက်မိတယ်။

'မင်းက ဘာအထောက်အထားနဲ့ ခုမှလာပြီး ဒီလောက် ခိုင်မာနေတာလဲ...မနေ့ကတော့ တစ်မျိုး...'

'မနေ့ကနဲ့ ဒီနေ့ မတူတော့ဘူးဆိုတာသေချာတယ်။ ငါ့ရင်ထဲကကို သိနေတာ...ဒါ...ရွှေသော့ ငါ့ကို လိုက်နောက်နေတာ...'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တကယ့်ကို ခံစားချက်နဲ့ အတည်ပြောမှန်းသိတော့ ညီညီ တစ်ချက်တွေပြီး ငြိမ်သွားတယ်။ အရှုံးတော့ မပေးပါဘူး...။

'တဝင်နဲ့ ရှုံးနိုင်တယ်...' ဆိုပြီး ကျွန်တော့်ကို ဘောလုံးလေး ပြန်ပစ်ပေးလိုက်တယ်။ လိမ္မော်ရောင် ဘောလုံးလေး ကျွန်တော့်ရှေ့ ရောက်လာတဲ့ အချိန်မှာ ကျွန်တော့်ရှေ့မှာ ဘောလုံးအဝါ၊ အနီ၊ ပန်းရောင်၊ လိမ္မော်လေးလုံး ဖြစ်သွားပြီ။ ကျွန်တော် ရုပ်ပြောင်ဘောလုံးလေးတွေကို ကျေနပ်စွာ ကြည့်နေမိတယ်။

ညီညီကတော့ ခေါင်းခါလေရဲ့။

'သွားရှာပြီ...ဩဇာတော့ သွားရှာပြီ...' ဆိုပြီး သီချင်းလုပ် ဆိုနေတယ်။

ဘာလုပ်ရမှာလဲကွာ...။ သူ့ဘာသာသူ ဘာလုပ်လုပ်၊ ဘာဆိုဆို... ကျွန်တော်က ဘာလုပ်ရမှာလဲ။ အရေးကြီးတာက ကျွန်တော့်အာရုံထဲက ကျွန်တော့်ကို ပြောင်ပြနေတဲ့ 'ရွှေသော့'ဆိုတဲ့ ကောင်မလေးပဲ မဟုတ်လား...။ ကျွန်တော် အညံ့ခံလို့တော့ မဖြစ်သေးဘူး။ ရွှေသော့ကို တစ်ခုခုတော့ ပြန်ပြီး လက်စားချေချင်သေးတယ်။ ခက်တာက ကျွန်တော်က ခုထိ ရွှေသော့ဘယ်မှာ နေမှန်းကို မသိသေးတာပါပဲ။ ဘယ်လောက်ထိ တော်သလဲဆိုရင် သူ Global တက်နေတာတောင် ဘယ်အခန်းမှာမှန်း မသိဘူး။ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ကို ရှာဖွေပြီး မေးမှ ဖြစ်တော့မယ်...။

ဟုတ်တယ်လေ...။ အဲဒီ 'ရွှေသော့'ဆိုတဲ့ ကောင်မလေးကို ကျွန်တော် စစ်မျက်နှာဖွင့်ရတော့မယ်။ မဟုတ်ရင် စန္ဒာဝင်းတို့ပြောတဲ့ 'အလားအလာကောင်း'ဆိုတဲ့ နေရာဒေသလေးကို ကျွန်တော် သိမ်းပိုက်ခွင့်ရမှာ မဟုတ်ဘူး။ လိုအပ်တဲ့ စစ်ရေးအချက်အလက်တွေနဲ့ တပ်သား ရိက္ခာတွေ ကျွန်





တော် စုဆောင်းရဦးမယ်။ လောလောဆယ်တော့ ကျွန်တော့်မှာ စီမံကိန်းချည်းပဲ ရှိတယ်။ ဘာမှ မပြည့်စုံသေးဘူး။

အနားမှာ ခုထိ သီချင်းတအေးအေးဖြစ်နေတဲ့ ညီညီကို ကြည့်မိတယ်၊ ညီညီက ဘုကြည့်ပြန်ကြည့်ပြီး မေးတယ်။

'ဘာကြည့်တာလဲ...'တဲ့။

'စစ်သားကောင်း မဖြစ်နိုင်ဘူး'လို့ ခေါင်းခါပြီး ဖြေမိတဲ့ ကျွန်တော့်ကို ညီညီက စုတ်တသပ်သပ်နဲ့...။ ကိစ္စမရှိပါဘူး။ ဟုတ်တယ်။ အဲဒီနေရာဒေသလေးကို သိမ်းပိုက်နိုင်ဖို့ လောက် ဘယ်ကိစ္စကမှ အရေးမကြီးနိုင်တာသေချာပါတယ်...။



www.burmeseclassic.com

www.burmeseclassic.com



(၃)

နောက်ရက်တွေမှာလည်း ဘောလုံးလေးတွေ ကျွန်တော့်ဆီ နည်းမျိုးစုံနဲ့ ရောက်လာတတ်ပြန်တယ်။ အရောင်တော်တော်စုံတဲ့အပြင် တချို့အရောင်တွေတောင် နှစ်လုံးဖြစ်နေပြီ...။ ဒီတော့ ကျွန်တော်လည်း အကြံတွေ ညှစ်ထုတ်ရတော့တာပေါ့...။

ဒီရက်အတွင်းမှာ ကိုသိန်းလည်း ပြန်ရောက်လာတယ်။ ညီညီက ဘောလုံးလေးတွေနဲ့ ပတ်သက်လို့ ကိုသိန်းကို ဘာမှ လက်ထောက်မချတဲ့အတွက် သူ့ကိုလည်း ကျိတ်ပြီး ကျေးဇူးတင်ရပြန်တယ်။ ဖွင့်ဟပြောမိရင် ရောင့်တက်မှာစိုးလို့...။ တိုက်တိုင်ဆိုင်ဆိုင် ကိုသိန်း ကျွန်တော့်ကို ဝယ်လာပေးတဲ့ လက်ဆောင်က ဘောလုံးပုံ နာရီကလေး။ Bedside table မှာ တင်ဖို့တဲ့။ ညီညီက ကိုင်ကြည့်ပြီး တခွိခွိရယ်တယ် 'မင်းက တော်တော်အကျိုးပေးသန်သားပဲ...' လို့လည်း ပြောသေးတယ်။ ကိုသိန်းကတော့ နား





လည်ပုံ မရပါဘူး။ မေးတော့လည်း မမေးဘူး။ မမေးအားဘူးလေ...။ workshop နဲ့ ပတ်သက်တဲ့ reports တွေကို ပြင်ဆင်နေရတယ်...။

ဒီကြားထဲကမှ တစ်ခုတော့ သတိတရ မေးသေးတယ်...။

'ရွှေသော့နဲ့ တွေ့သေးလား...'တဲ့။

'ဟင့်အင်း...ကိုသိန်းမသွားခင်တည်းက မတွေ့တာ ခုထိပဲ...'

ဒါ ကျွန်တော် အမှန်အတိုင်း ပြောတာပါ။ ကိုသိန်းကတော့ မျက်မှောင်ကြုတ်တယ်။

'မင်းဆီ မလာဘူးလား...'

'ဟင့်အင်း'

'မင်းကရော...သူ့ကို သွားမရှာဘူးလား...'

'အဲ...ရှာ...ရှာပါတယ်...'

'မတွေ့ဘူးပေါ့...'

'ဟုတ်တယ်...မတွေ့ဘူး...'

'ဒုက္ခပါပဲ...ရွှေသော့များ နေမကောင်းဘူးလား မသိဘူး...'

ကိုသိန်းက အဲဒီလိုညည်းတယ်။ သူ့ကြည့်ရတာ နည်းနည်းလည်း စိတ်ပူသွားပုံပဲ...။ စိတ်မပူတဲ့ ကျွန်တော်ကတော့ စိတ်ထဲကနေ ဘောလုံးတွေ သယ်ယူပို့ဆောင်နေနိုင်ပါသေးတယ်လို့ ကျိတ်ပြောမိတယ်။

ကျွန်တော့် စုံစမ်းရှာဖွေမှုကလည်း အောင်မြင်ပါတယ်။

ခုဆိုရင် ကျွန်တော် ရွှေသော့ရဲ့ အခန်း၊ လိပ်စာ၊ ဖုန်းနံပါတ်၊ handphone နံပါတ်ကအစ သိနေပါပြီ။ ခုလိုသိအောင် အကျိုးဆောင်ပေးတဲ့ထဲမှာ စန်းမောင်နဲ့ စန်းမောင် မိတ်ဆက်ပေးတဲ့ Global က ကောင်မလေးတချို့ပါတာပေါ့...။ အဲဒီကောင်မလေးတွေနဲ့ စန်းမောင်က တကယ့် friend



www.burmeseclassic.com

www.burmeseclassic.com



တွေ့ ကံကောင်းတာက ရွှေသော့နဲ့ တစ်တန်းတည်း ဖြစ်နေပြီး ရွှေသော့ကို သေသေချာချာသိနေတာ။ ခင်တော့ မခင်ဘူးတဲ့။ လိုချင်တာတွေ ရအောင် ရှာပေးနိုင်ရင် ကိုဩဇာက ဘယ်မှာ ကျွေးမှာလဲလို့ ကြေးတောင်းတယ်။ စန်းမောင်ဘော်ဒါပီသပါပေ့။ အင်းလေ ခေတ်ကိုက ဒီတိုင်း ဖြစ်နေတာကိုး။ ဒီတော့ သူတို့ကြိုက်တဲ့နေရာပြောလို့လည်း ပြောရော... ကြီးကြီးကျယ်ကျယ် တွေ မှန်းထားမိတဲ့ ကျွန်တော်တောင် မျက်စိလည်သွားရတယ်။ ကျောက် မြောင်း သီတာလမ်းနဲ့ ဒဂုံသီရိလမ်းထောင့်က ဝက်သားတုတ်ထိုးဆိုင်တဲ့။ အဝစားမှာ...တဲ့။ အဲဒီနားမှာ ဒိန်ချဉ်ဆိုင်နဲ့ ကော်ပြန့်ဆိုင်လည်း ရှိသေးတာမို့ ဆက်စားရင် စားမှာတဲ့...။ ကျွန်တော် အရမ်းကို သဘောတူလိုက်တာပေါ့။ တကယ့်ကြီးကြီးကျယ်ကျယ်တွေကို မပြောဘဲ သူတို့အလိုရှိရာလေးကို ပျော် စရာဖြစ်အောင် ဖန်တီးယူတဲ့ စရိုက်လေးတွေကတော့ တကယ်ချစ်စရာ ကောင်းပါတယ်။ တကယ်ဆို သူတို့လေးတွေက ဒီထက်မက သုံးနိုင်တဲ့ကလေး တွေပဲ...။

ရွှေသော့ရဲ့ လိပ်စာနဲ့ ဖုန်းနံပါတ်တွေက အဲလောက်ပဲ တန်တယ်လို့ တော့ ပြောလို့ မရပါဘူး။ ဒါ စေတနာနဲ့ ဆိုင်ပါတယ်။ ကျွန်တော်ကတော့ သူတို့ကို ကျွေးမွေးပြုစုပြီးတာနဲ့ ပြန်လာလိုက်တာ...ကိုယ့်ကိုယ်ကို တိုက်ပွဲ အောင်တော့မယ့် စစ်သူကြီးလို ခံစားလိုက်ရတော့တယ်။

ပထမအဆင့်ကတော့ သူ့အိမ်ပါပဲ...။

ကျွန်တော် မရမက ဘော်ဒါဖွဲ့ထားတဲ့ သော့ပြင်ရခိုင်ကြီးကို လာဘ် ထိုးပြီး ရွှေသော့တို့အိမ်ရှေ့ လွှတ်ရတာပါ။ မလွှတ်ခင် သူ့ဆိုင်က သော့ အဟောင်းတွေ စီချိတ်ထားတာကို သေချာဆေးကြောသုတ်သင်ပြီး ငွေ ရောင် ရွှေရောင်တွေ မှုတ်ပေးလိုက်လို့ သူ့အတော် ဇိတ်ပျက်သွားပါသေး





တယ်။

'မင်းလုပ်တာ ငါတော့ ဒုက္ခရောက်တော့မယ် ဩဇာ...'

'ဘယ်ကလာ...ရွှေတွေ ငွေတွေ ဝင်လာတော့မယ်လို့ သဘောထား... ကဲ...သွား...သွား...ကျွန်တော် မှာတာ မမေ့နဲ့နော်...'

'မမေ့ပါဘူး...ရိုက်ထုတ်ခံရရင်ကော...'

'အဲလောက် မရိုင်းပါဘူး...ကျွန်တော် အနီးအနားမှာ ရှိနေတာပဲ...'

ရခိုင်ကြီးက ကျွန်တော့်ဆီက လာဘ်ထက် ကျွန်တော့်အပေါ် ထားတဲ့ ခင်မင်ရင်းစွဲနဲ့ လုပ်ပေးရှာတာပါ။ သူ့ဘဝမှာ ကျွန်တော့်လို မိတ်ဆွေမျိုး တစ်ခါမှ မရှိခဲ့ဖူးဘူးတဲ့...။ ကျွန်တော်ကလည်း သူ့အတိုင်းပါပဲ...။ ဒီထက် ပိုသေချာသွားတာက ကျွန်တော်တို့ ပေါင်းမိချိန်မှာ သိလိုက်ရတဲ့ သံယောဇဉ်ပါ။ တစ်ခါတစ်ခါတော့လည်း 'ရေစက်'ဆိုတာ အံ့ဩစရာကောင်းပါ တယ်။ ဘုံဘိုင်က လာတဲ့ ရေစက်ကို ပြောတာ မဟုတ်ပါဘူး။ သံသရာက နေ ပါလာတဲ့ 'ရေစက်'ကို ပြောတာပါ။

'သော့ပြင်တယ်... သော့ပြင်တယ်... ရွှေသော့ငွေသော့တွေ ပြင် တယ်...'

'သော့ပြင်တယ်...ရွှေသော့ ငွေသော့တွေ ပြင်တယ်...'

'သော့ပြင်တယ်...ရွှေသော့ပြင်တယ်... ငွေသော့ပြင်တယ်... သော့ အဟောင်းတွေ ပြင်တယ်'

'သော့ပြင်တယ်... ရွှေသော့ ပြင်တယ်... ငွေသော့ပြင်တယ်...ပျောက် နေတဲ့ သော့တွေ ပြင်တယ်'

ဘယ်ရမလဲ။ ပထမဆုံး ထွက်လာတာက ဒရိုင်ဘာကြီးလေ...။ သေသေချာချာ ခါးထောက်ပြီး ရခိုင်ကြီးကို ကြည့်တယ်...။ ရခိုင်ကြီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



တချွန်တော်နဲ့ တူများနေကာလားလို့ စစ်ဆေးတာလား မသိဘူး၊ ရခိုင်ကြီးကလည်း ခပ်တည်တည်ပဲ…ပြန်မေးတယ်။

'ဘာပြင်မလို့လဲ…' တဲ့။

'ဘာမှ မပြင်ဘူး…'

ဟိုကလည်း ဘုတောတယ်။ ရခိုင်ကြီး စိတ်လေသွားဟန်နဲ့ ထပ်အော်ဖို့ ပြင်တုန်းခြံထဲက ရွှေသော့ ပြေးထွက်လာတယ်။

'ခဏနေဦး'

'ဘာလုပ်မလို့လဲ…သမီး…'

'သမီး…သော့ပြင်မလို့…ဩော်…ဦးလေးကို အိမ်ထဲမှာ အဘွားလိုက်ရှာနေတယ်…'

ရွှေသော့စကားကြောင့် ဒရိုင်ဘာကြီး စိတ်မဖြောင့်လက်မဖြောင့်နဲ့ ခြံထဲဝင်သွားရရှာတယ်။ သူဝင်သွားတော့မှ…

'ဦးလေး…'

'ပြော သမီး…ဘာပြင်မလဲ'

'သော့လေ…'

'ပေးလေ…'

'ကျွန်မနာမည်ကိုက ရွှေသော့…ဦးလေးကို ဘယ်သူက ဒီလိုလွှတ်လိုက်တာလဲ…'

'ဘယ်သူကမှ မလွှတ်ဘူး'

'ဒါဆို…ဘာလို့…ရွှေသော့ ပြင်တယ်…လို့ လာအော်နေတာလဲ'

'ဩော်…ဒါလား၊ ယတြာခြေတာပါ'

'ယတြာခြေတာ'





'ဟုတ်တယ်…ခုတလော…သော့က ပြင်ရတယ်မှမရှိတာ၊ ဒါနဲ့ ဗေဒင်ဆရာက ခုလို ရွှေလာငွေလာဖြစ်လာအောင် လုပ်ခိုင်းလိုက်တာပဲ…'

ရွှေသော့ မယုံတစ်ဝက်ယုံတစ်ဝက်နဲ့ ဘာလုပ်ရမှန်း မသိဘူး။ အဲဒီအချိန်မှာပဲ ဦးရခိုင်ကြီးက ဆက်ပြောတယ်။

'တကယ်လည်း သော့မပြင်ဘဲနဲ့ ထွက်လာလိုက်ကြတာ၊ ယတြာက မှားပြီလား မသိဘူး'

ဒီစကားကြောင့် ရွှေသော့အားနာသွားပုံပဲ။ ဘာမှလည်း လုပ်မပေးတတ်ဘူး။

ရခိုင်ကြီးကပဲ ဆက်ပြောတယ်။

'ယတြာတော့ ပြီးအောင် ခြေလိုက်ပါဦးမယ်။ သမီးတစ်ခုကူမလား… ဒီအိမ်ကြီးထဲမှာ ကြာသပတေးသားသမီးရှိလား…'

'ဟုတ်…ရှိပါတယ်…ဘာဖြစ်လို့လဲ…'

'ကြာသပတေးသားသမီးကို သော့ချိတ်တစ်ခု လက်ဆောင်ပေးရမယ်တဲ့။ အဲဒါ ခေါ်ပေးပါဦး…ဘယ်သူလဲ… ကြာသပတေးသားသမီးဆိုတာ စောစောက ခါးထောက်တဲ့ လူဆိုရင်တော့ နေပါစေတော့…'

'မဟုတ်ပါဘူး…သမီးပါ…'

'ဩော်…ဟုတ်လား အဆင်သင့်လိုက်တာ၊ အာ…ခုနက ပြောတော့ ရွှေသော့ဆို ကြာသပတေးသားသမီး ဟုတ်လို့လား…'

အဲလိုပြောပြီး အိတ်ထဲ နှိုက်နေတဲ့ လက်ကိုတောင် ရုတ်လိုက်သေးတယ်။ ရခိုင်ကြီးတို့ကတော့ အကယ်ဒမီပေးရင် တစ်က ပြေးနေမှာပဲ။ အဲ…ဒါရိုက်တာက ဩဇာဆိုတာ သိရရင်တော့ မင်းသမီးက နုတ်ထွက်မှာ သေချာတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်ရှင့်...ရွှေသော့ဆိုတာ အိမ်မှာခေါ်တာပါ။ ကျောင်းနာမည်က မနောဖြူ...တဲ့...'

'သြော်...ဒီလိုလား...ဒီလိုဆိုတော့လည်း ယတြာအထမြောက်တာပေါ့...ရော့...'

ရခိုင်ကြီးက သူ့အိတ်ထဲက သော့ချိတ်လေး ထုတ်ပေးလိုက်တယ်။ သော့ချိတ်မှာတွဲပါလာတဲ့ အရုပ်ကလေးက ရုပ်ပြောင်လေး မဟုတ်ပါဘူး။ ရုပ်တည်လေးမှ တကယ့်ကို စူပုပ်ပုပ်လုပ်နေတဲ့ ဝက်ဝံကလေး။

ရွှေသော့က ရယ်တယ်။ ချစ်စရာလေးတဲ့။

ရခိုင်ကြီးကတော့ သူ့သော့တွဲတွေချိတ်ထားတဲ့ ထောက်တိုင်လေးကို ပြန်မပြီး ပခုံးပေါ် ထမ်းလိုက်တယ်။

'ကဲ...သမီး သွားတော့မယ်။ ကျေးဇူးပဲ...'

'ဟုတ်...'

ရခိုင်ကြီးက ခြေလှမ်း လေးငါးလှမ်းလောက်မက လှမ်းသွားသေးတယ်။ ပြီးမှ သတိရသလိုနဲ့ ပြန်လှည့်ပြီး...

'သြော်...မေ့လို့...'

'ဘာလဲ...ဦးလေး...'

'အဲဒီ အရုပ်လေးက စကားလည်း ပြောတတ်တယ်ကွဲ့'

ပြောပြီးတာနဲ့ ခြေလှမ်းကို နှစ်ဆမက မြန်အောင် တင်လျှောက်ပြီး လမ်းထောင့်ချိုးကွေ့မှာ စောင့်နေတဲ့ ကျွန်တော့်ဆီ ရောက်လာပါတော့တယ်။

ရွှေသော့ကတော့ အရုပ်ကလေးကိုကြည့်ပြီး ဇဝေဇဝါဖြစ်ကျန်ခဲ့မှာပဲ...။





ပြီးတော့မှ အရုပ်ကလေးရဲ့ အောက်ခြေမှာ 'Squeeze me' ဆိုတဲ့ စာကြောင်းလေးကို တွေ့လိမ့်မယ်။ စိတ်ဝင်တစားနဲ့ ညှစ်ကြည့်လိုက်မိရင်တော့ စူပုပ်နေတဲ့ ဝက်ဝံလေးက ဝမ်းသာအားရ စကားထပြောမှာပါ။

'I ... I... I... I... Love... you' လို့...။

အဲဒီအခါကျ ရွှေသော့တစ်ယောက် မကျေမနပ်နဲ့ ရခိုင်ကြီးကို ဒေါသထွက်နေမလား၊ ဒါမှမဟုတ် ကျွန်တော့်ကို ပြေးမြင်ပြီး စိတ်တိုနေမလား၊ ဒါမှမဟုတ် အရုပ်ကလေးကို မရဲတရဲနဲ့ နောက်တစ်ခေါက် ထပ်ညှစ်ကြည့်နေမလား...မသိနိုင်ဘူး။

သေချာတာကတော့ ပျော်စရာကောင်းပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## (၉)

ကျွန်တော်ရဲ့ ဒုတိယအဆင့် စီမံကိန်းကတော့ အတော်လေးကို ကရိကထများပါတယ်။ ရခိုင်ကြီးဆီက ရွှေရောင်သော့တွေရယ်၊ I love you လို့ အော်တဲ့ တကူးတက ရှာဖွေထားရတဲ့ ဝက်ဝံရုပ်ကလေးတွေ ရယ်ကို တစ်ခုခြားစီ ချိတ်တွဲရတာပါပဲ။ သော့တစ်ချောင်း၊ ဝက်ဝံ တစ်ကောင်ပြီး သော့တစ်ချောင်း...အဲဒီလို စီထားတဲ့ဟာတွေကို လိုက်ကာ ပုံတစ်ခုရအောင် ချိတ်ဆက်ပြီးချိန်မှာ သော့အချောင်းနှစ်ဆယ်၊ ဝက်ဝံ အကောင်နှစ်ဆယ် ကုန်ပါတယ်။ အဲဒါတောင်မှ ပြတင်းတစ်ပေါက်စာမို့ပါ။ တံခါးတစ်ပေါက်စာ သာ ဆိုရင် ကျွန်တော်မလွယ်ဘူး။

ပြီး...အစောကြီးထ...။ ကျောင်းစောင့်က သော့ဖွင့်ချိန်မှာ Global ထဲ ဝင်ခွင့်ရအောင် ကြိုးစားရသေးတယ်။ ပြီးတော့ ခိုးကြောင်ခိုးဝှက်နဲ့ ရွှေသော့ထိုင်နေကျ ခုံဘေးက ပြတင်းပေါက်မှာ အဲဒီ လိုက်ကာလေးကို ကပျာ





ကယာ ချိတ်ရတယ်။ တော်သေးတာပေါ့။ အရင်က ဘာလုပထားမှန်းမသ တဲ့ သံနှစ်ချောင်းက အဆင်သင့်ရှိနေလို့...။ မဟုတ်ရင် အိတ်ထဲ လိုရမယ်ရ ထည့်လာတဲ့ တူတွေ သံတွေကို ထုတ်နေရဦးမယ်။ ထုနေရရင် အသံကို လူကြားဦးမယ်...။

လိုက်ကာလေး ချိတ်ပြီးတော့မှ ရွှေသော့ ထိုင်တဲ့ စားပွဲပေါ်မှာ ကျွန်တော့်နာမည် အတိုကောက်ဖြစ်တဲ့ AZ ဆိုတဲ့ Sticker လေး ကပ်ထားတဲ့ Tissue ထုပ်လေးကို တင်ခဲ့လိုက်တယ်။ ကျွန်တော် ထွက်လာတော့ ကျောင်းစောင့်ကြီးက အတန်း မတက်တော့ဘူးလား...တဲ့။ ကျွန်တော် ခပ်တည်တည်နဲ့ ဗိုက်ဆာလို့ဗျ ဆိုပြီး ကင်တင်းဘက် ထွက်ခဲ့လိုက်တယ်။ ကင်တင်းကမှတစ်ဆင့် S-23 ကို ခြေကုန်သုတ်ရတော့တာပေါ့...။

အတန်းထဲရောက်တော့ ထုံးစံအတိုင်း ကျွန်တော့်ကို ကြိုနေတတ်တဲ့ ဘောလုံးရောင်စုံလေးကို မတွေ့ရတော့ပါဘူး။ ကျွန်တော့်စစ်ဆင်ရေးကို ရိပ်စားမိသွားလို့ သူ့ဘက်က ပြန်ဆုတ်သွားတာလားလို့ ကိုယ့်ကိုယ်ကို အထင်တကြီး တွေးမိလိုက်သေးတယ်။ သေချာတာကတော့ ဒီနေ့တော့ ဒါဟာ ကျွန်တော့်လက်ချက်ဆိုတာ သိသွားမှာပါပဲ။ AZ လို့ ကပ်ထားတဲ့ Tissue ထုပ်လေးကို သုံးဖို့ ထုပ်လိုက်ရင်တော့ Tissue Pa,er ၈ တိုင်းမှာ စာလေးတစ်ကြောင်း တွေ့မှာပါ။

I miss you Golden Key!!

ဆိုတဲ့ စာကြောင်းလေးတွေပေါ့။

ဒါနဲ့ပါဆို နှစ်ရက်...။

ဒါပေမယ့် အတန်းပြီးတဲ့အထိ ရွှေသော့ရဲ့ အရိပ်ကိုတောင် မတွေ့ရ ပါဘူး။ အင်းလေ...ရွှေသော့က အရင်ကလို ကျွန်တော့်ကိုလာတွေ့လောက်



www.burmeseclassic.com

www.burmeseclassic.com



မှာ မဟုတ်ပါဘူး။ ဒါကြောင့် ကျွန်တော်ပဲ တောင်ငူဘက် တစ်ခေါက်လှည့် ရပြန်တယ်။

ကိုသန်းလှိုင်ကတောင်မှ မေးနေသေးတယ်...။

'မင်း...ကွမ်းသီးကုန်ကူးနေတာလား'...တဲ့။

ကျွန်တော် နားမလည်ပါဘူး။

'ဘာလဲ...ကိုသန်းလှိုင်...'

'ရော်...မင်း...တောင်ငူဘက်ကို ချောင်းကျမတတ် သွားနေလို့ မေးတာ...'

'သြော်...ဒါလား...'

ပညာရှိ ပီသပါပေ့...။ တောင်ငူက ကွမ်းသီးက အရမ်းကောင်းတယ် ဆိုတဲ့ စာချိုးတောင် ရှိတာကို သူမမေ့ဘူး။ 'ကွမ်းသီးတောင်ငူနှင့် ကိုင်းထုံးဖြူ။ ပြည်ရှား...သာဝါးလို့ ထွေး' ဆိုတဲ့ စာသားလေးကို ရွတ်ကြည့်မိရင်း ကိုသန်းလှိုင်ကို ကျိတ်ချီးကျူးလိုက်မိတယ်။

'ကျွန်တော်က ကွမ်းသီးအဝယ်တက်တာ မဟုတ်ဘူး... တောင်ငူဘုရင်ရဲ့ သမီးတော်ကို ရှာပုံတော် ဖွင့်နေတာ...'

ကျွန်တော့်စကားကြောင့် ကိုသန်းလှိုင်က စုတ်သပ်ပါတယ်။ သနားတယ်ပေါ့။ ပြီးတော့ 'ဆက်လုပ်'လို့လည်း အားပေးလိုက်သေးတယ်။ သူတို့ရဲ့ စကားတွေကို analize လုပ်ပြီး မခံစားအားပါဘူး။ တောင်ငူဘက် ရောက်ဖို့က အရေးကြီးတာလေ...။

တောင်ငူဆောင်ရောက်တော့မှ ကျွန်တော် ဘုရားတ,ရတော့တာ၊

ဦးချစ်က စားပွဲထိုး လက်ထဲမှာလည်း I love you ဆိုတဲ့ ဝက်ဝံလေး၊ ပြင်ဦးလွင်က ကောင်လေးလက်ထဲမှာလည်း တစ်ကောင်၊ စန်းမောင် လက်





ထဲမှာတစ်ကောင်၊ ဂျာနယ်ရောင်းတဲ့အဒေါ်ကြီးလက်ထဲမှာက သုံးကောင်...။

အရှည်ကြီးဆိုင်က စားပွဲထိုးလေးတွေ လက်ထဲမှာလည်း တစ်ကောင်စီ...။

ကျွန်တော် သိလိုက်ပါပြီ၊ မရွှေသော့တော့ လုပ်ချသွားပြီဆိုတာ...။

အဲဒါနဲ့ အချစ်တော်အကျိုးတော်ဆောင်လေး စန်းမောင်ကို ခေါ်ရတယ်။

'စန်းမောင်...'

'လာပြီအစ်ကို...'

'ဒီကောင်လေးတွေ မင်းတို့ ဘယ်က ရတာလဲ...'

'ဟို...ရွှေရောင်ကားကြီး...'

ဗေဒင်မေးနေတာကမှ အချိန်ကုန်ဦးမယ်။ ဒါကြောင့် သိချင်တာပဲ ထပ်မေးလိုက်ရတယ်။

'ဒီအရုပ်တွေပဲ ဝေသွားတာလား...'

'အင်း...'

'သော့တွေရော...'

'သော့...မသိဘူး'

'ရွှေရောင်သော့တွေ...'

'မသိဘူး'

သေချာပါတယ်။ သော့တွေကိုတော့ ပြန်သိမ်းသွားပုံပါပဲ။ ဒီထက်ပိုသေချာတာကတော့ သူနာမည်ပါတဲ့ Tissue စလေးတွေ သူ့နောက် ပြန်ပါသွားမယ်ဆိုတာ...။ ကျွန်တော် ဝက်ဝံလေးတွေကိုလည်း ရေတွက်ကြည့်လိုက်တယ်။ သေချာတယ်။ canteen တစ်ခုလုံး အလွန်ဆုံးရှိမှ ၁၅ ကောင်၊ ကျန်တဲ့ငါးကောင်က သူမနဲ့ပဲ ပါသွားလား။ အတန်းထဲမှာပဲ ဝေလိုက်



www.burmeseclassic.com

www.burmeseclassic.com



လား…ဘယ်သူမှ မသိနိုင်ပါဘူး။

စန်းမောင်ကတော့ ကျွန်တော့်ရှေ့မှာ ထိုင်နေတုန်းပဲ…။

ဟုတ်သားပဲ…။ ကျွန်တော် သူ့ကို မေးချင်ရာမေးပြီး ဖြေခမှ မပေးရသေးတာ။ စန်းမောင်ကို မုန့်ဖိုးပေးလိုက်ပြီး မှာရတယ်။

'မနက်ကို ကျောင်းဘယ်အချိန်ရောက်လဲ…'

'ရှစ်နာရီလောက်မှ…'

'စောလာလို့ မရဘူးလား'

'ရတယ်…'

'ရရင် မနက်ဖြန် ခုနစ်နာရီ မထိုးခင်လာခဲ့ကွာ…'

'အစောကြီးပဲ…'

စန်းမောင်က အထွန့်တက်နေသေးတာမို့ မုန့်ဖိုး ထပ်ပေးလိုက်ရသေးတယ်။

ဒါပေမယ့် စန်းမောင်က ကတိတည်တယ်။ နောက်နေ့မနက်ကျတကယ့်ကို ကျွန်တော်တို့ထက် စောရောက်နေတာကို တွေ့ရတယ်။ အတူပါလာတဲ့ ရခိုင်ကြီးကတောင် သဘောကျလို့…။

ခုနစ်နာရီထိုးတော့ ရွှေရောင်ကားကြီး ဆိုက်လာပြီး ရွှေသော့အတန်းထဲ ဝင်သွားတယ်။ အဝေးကနေ လှမ်းမြင်ရတာ ဖြစ်ပေမယ့် ကျွန်တော့်အတွက်တော့ အလကားနေရင်း မနက်ခင်းလေးက အဓိပ္ပာယ် ပိုပြည့် သွားသလို ခံစားရတယ်။ ရွှေသော့ ဝင်သွားတယ်ဆိုရင်ပဲ ကားဘေးမှာ မာန်အပြည့်နဲ့ လမ်းသလားနေတဲ့ ဒရိုင်ဘာကြီးရှေ့ကို ရခိုင်ကြီးက တချွင်ချွင်တပြောင်ပြောင်ဖြစ်နေတဲ့ သော့တချို့နဲ့အတူ ဖြတ်လျှောက်တယ်။

'သော့ပြင်တယ်…ရွှေသော့ငွေသော့ ပြင်တယ်…'





ကျောင်းထဲမှာမို့ သိပ်မအော်နိုင်းထားပေမယ့် ဒရိုင်ဘာကြီးကတော့ ကြားတယ်။ ပြီး…ရခိုင်ကြီးကိုလည်း မှတ်မိသွားပုံပဲ…။ မျက်မှောင်ကိုအစွမ်းကုန်ကြုတ်၊ ခါးကို အခိုင်မာဆုံးထောက်ပြီး လှမ်းမေးတယ်။

'ဒါ…သော့ပြင်တဲ့ နေရာလား…'

'ခင်ဗျားအလုပ်လား…'

'အောင်မာ…'

ဒရိုင်ဘာကြီး ဒေါသထွက်သွားချိန်မှာ ရခိုင်ကြီးက အေးအေး ဆေးဆေးပဲ…။

'ရွှေ သော့ပြင်မယ့်ကလေး ဒီထဲမှာ ရှိတယ်…သွားဦးမယ်…'

ပြောပြောဆိုဆို ထွက်သွားတဲ့ ရခိုင်ကြီးနောက်ကို ဒရိုင်ဘာကြီးက လိုက်သွားတာ ကားတောင် lock မချခဲ့နိုင်ဘူး။ သူစိုးရိမ်တာက ရွှေသော့နဲ့ ရခိုင်ကြီးတွေ့မှာ စိုးရိမ်တာလေ…။

ကျွန်တော်နဲ့ စန်းမောင်ကတော့ ရွှေရောင်ကားနားသွားပြီး I love you, I miss you' ဆိုတဲ့ sticker လေးတွေ အပြည့်လိုက် ကပ်ပစ်လိုက်တယ်။ လှတောင်လှသေးတော့တယ်။ ပြီး ရွှေသော့ထိုင်နေကျ နောက်ခန်းထဲကို အရုပ်တစ်ရုပ် ပစ်သွင်းခဲ့သေးတယ်။ အရုပ်ကလေးက လူ့နီရိုင်း ရုပ်ကလေး။ ငိုနေတယ်။ ညှစ်လိုက်ရင် ငိုသံပါ ထွက်လာပြီး အဆုံးမှာ I miss you လို့လည်း အော်ပါသေးတယ်။

ကျွန်တော်တို့ အလုပ်ပြီးသွားတဲ့အထိ ရခိုင်ကြီးတို့ ပြန်ထွက်မလာသေးဘူး။ သေချာတယ်။ ရခိုင်ကြီးက ဘာမှမသိတဲ့ပုံနဲ့ ရွှေသော့အခန်းပဲ ရှာနေသလိုလိုလုပ်ပြီး သူ့ကို အဆောင်ကြိုကြိုကြားကြားမကျန် အောင်နဲခေါ်သွားမှာ…။ တစ်နာရီနီးပါးလောက်မှာ ရခိုင်ကြီးနဲ့ ဒရိုင်ဘာ ပြန် ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာတယ်။ တစ်ယောက်ကိုတစ်ယောက် မျက်ခြည်ပြတ်မခံဘူး...။

အဲဒီအချိန်မှာ ကျွန်တော်က သူ့ရှေ့ထပ်သွားရပ်လိုက်တယ်။

'ဦးလေး...ရွှေသော့ရော...'

'ဘာ...မွှေသော့လဲ...'

'ဩော်...မှားလို့...မနောဖြူ...'

'မရှိဘူး...'

'ဩော်...ဒါဆို အတန်းကို ဦးလေးက အစားလာတက်တာပေါ့...'

ကျွန်တော့်စကားကြောင့် သူဒေါသထွက်သွားချိန်မှာ ရခိုင်ကြီးက စန်းမောင်ကို မျက်ရိပ်ပြပြီး ထွက်သွားပါပြီ...။

'ကျွန်တော့်ကို အတန်းပြထားပါဦး'

'ဘာလို့ ပြရမှာလဲ...'

'မပြလည်း ကိုယ့်ဘာသာကိုယ်ရှာရတော့မှာပေါ့...'

ကျွန်တော် တောင်ငူဆောင်ထဲ ဝင်တော့ သူလည်း လိုက်ဝင်လာပြန်တယ်။ ရခိုင်ကြီးလိုတော့ ကျွန်တော် သူ့ကို ပတ်မခေါ်တော့ဘူး။ ရွှေသော့တို့ အခန်းနားက ခုံတစ်ခုံမှာ ထိုင်နေတော့ သူ ကျွန်တော့်ကို မကြည်ကြည့်ကြည့်တယ်။ မောင်းထုတ်ပိုင်ခွင့်လည်း ရှိမှမရှိတာ...။ ရွှေသော့တို့ ခေါင်းလောင်းထိုးတော့မှ မသိမသာ ထလစ်ခဲ့တယ်။ ဒရိုင်ဘာကြီးကတော့ ဝမ်းသာသွားမှာပဲ။ ဒါပေမယ့် ကားဆီ ပြန်ရောက်မှ သူ့ဝမ်းသာမှုတွေဟာ မမြဲတဲ့ တရားတွေပါလားဆိုတာကို သူဆင်ခြင်သုံးသပ်မိသွားလိမ့်မယ်...။

အဲဒီအခါကျ သူ ကျွန်တော့်ကို မေတ္တာပို့မှာပေါ့...။

သူ့မေတ္တာတော့ မလိုချင်ပါဘူး။

လူ့နီရိုင်း ရုပ်ကလေးက ထွက်ကျလာမယ့် ငိုသံနဲ့ I miss you ဆိုတဲ့





စကားလုံးလေးကို ကြားရင် ပို့သမယ့် ရွှေသော့ရဲ့ မေတ္တာကုပ လုချငမေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



(နှ)

နောက်တစ်နေ့စာအတွက် ဘာလုပ်ရင်ကောင်းမလဲလို့ အကြံထုတ်နေတုန်း ကိုသိန်းရောက်လာတယ်။

'သြဇာ...'

'ဗျာ...ကိုသိန်း...'

'မနက်ဖြန်...ကျောင်းဘယ်အချိန်သွားမှာလဲ...'

'ခြောက်နာရီကျော်ကျော်လောက်ပေါ့...ဘာလုပ်မလဲအစ်ကို'

'သြော်...လိုက်မယ်လေ...ငါနဲ့ ညီညီလိုက်မယ်...'

'လိုက်မယ်...ဟုတ်လား...'

ကျွန်တော် စိတ်ညစ်သွားပါတယ်။ အကြံအစည်က build up လုပ်လို့ မရ ရတဲ့ထဲ။

'အင်းလေ...ရွှေသော့ကို သွားတွေ့မယ်...'





'အာ...ဖြစ်ပါ့မလား...'

'ဘာလို့ မဖြစ်ရမှာလဲ...ရွှေသော့က ငါ့ကို တွေ့ရင် ထွက်လာမှာပါ...'

ကြည့်ပါဦး။ ပိုင်ပိုင်နိုင်နိုင် ပြောနိုင်လိုက်တာ။ ကျွန်တော့်ဘဝက ကျွတော့ အဲဒီလို မပြောသာဘူး။ မြင်လျက်နဲ့တောင် ခေါ်ခွင့်မပိုင်သေးတဲ့ ဘဝ...။

'ဟို...ဒရိုင်ဘာကြီး...'

'အာ... ဘာကြောက်နေတာလဲ သြဇာ...မင်းရောငါရော ပါတော့မှ ဘယ်သူ့ ကြောက်ရဦးမှာလဲ...'

ဆက်ပြောနေရင် စိတ်ယဲက ရှိရင်းစွဲတွေ ပေါ်ကုန်ဦးမယ်။ ကြောက်တယ်လို့ကလည်း အပြောမခံနိုင်ဘူးလေ။ ဒါကြောင့် ဘာမှ ဆက်မပြောတော့ဘူး။ လိုက်ချင်လိုက်ကြပါစေပေါ့...။

ဒါပေမယ့်... သူတို့က ဒီလောက်နဲ့ မရပ်သွားဘူး။ ရွှေသော့ရှိကာ ချဲ့နေသေးတယ်။ ကိုသိန်းက စတာပါ။

'ခုတော့...ငါ့စိတ်က တကယ်တွေ့ချင်လာတဲ့အတွက် တွေ့မယ်လို့ ယုံနေတယ်'

'ကိုသိန်းက ဘာလို့ ခုမှ ပိုတွေ့ချင်လာတာလဲ...'

ဒါက ညီညီမေးတာပါ။ ကျွန်တော်ကတော့ တစ်ခွန်းမှကို ပင်မပြောချင်ဘူးဖြစ်နေတယ်။

'မပြောတတ်ဘူးကွ... နိုင်ငံခြားက ပြန်လာတော့... သူ့အတွက် လက်ဆောင်တစ်ခု ဝယ်လာတာပေးချင်တာလည်း ပါမှာပေါ့...'

လက်ဆောင်ပေးချင်တယ်ဆိုတဲ့ အကြောင်းပြချက်ထက် 'မပြောတတ်ဘူးကွ' ဆိုတဲ့အကြောင်းပြချက်က ပိုခိုင်လုံနေသလို ခံစားရတယ်။ ညီညီက



www.burmeseclassic.com

www.burmeseclassic.com



တော့ နားလည်လား မလည်လား မသေချာဘဲနဲ့ ခေါင်းညိတ် ထောက်ခံနေလေရဲ့။

'ရွှေသော့က ငယ်ငယ်တည်းက ငါ့ကို အရမ်းချစ်တာ...'

အရင်ဘဝကလို့ ထည့်ပြောဖို့ မေ့နေလား မသိဘူး...။

'ငါက ငါ့အမေနဲ့ကို သူ့ကို ခွဲတိုက်ခဲ့ရတယ်ဆိုပြီး သူက ငယ်ငယ်တည်းက ကျေးဇူးတင်နေတာလေ...သူ့အဖေ သူ့ကို သင်ထားတာလည်းပါမှာပေါ့...ဘာမဆို အကြီးနဲ့အငယ်ဆိုပေမယ့် ရွှေသော့က အငယ်ဖြစ်ပြီး အလျှော့ပေးတာ များတယ်။ ငါမျက်စိကွယ်တော့ ပိုဆိုးတော့တာပေါ့။ ကျောင်းချိန်က လွဲရင် ငါ့နားမှာပဲနေတာ များတယ်။ စိတ်မညစ်ရအောင်...ပျော်စရာစကားလေးတွေ ရှာပြောပေးတတ်တယ်...'

'ကျွန်တော်လည်း အဲလို ညီမလေးမျိုး လိုချင်လိုက်တာ...'

ဝင်ပြောတဲ့ ညီညီ့လေသံက ကိုယ်ကပဲ ထင်လို့လား မသိဘူး။ ကျွန်တော့်ကို ရိနေသလိုပဲ...။ ကိုသိမ်က ရယ်တယ်။ ပြီးတော့ ပြောပုံကို ကြည့်ဦး...။

'ဒါဆိုလည်း အခု ရွှေသော့ကို မင်းညီမတော်လိုက်လေ...' တဲ့။

ပြောပုံက သူ့ပိုင်ပစ္စည်းကို ရက်ရက်ရောရော ပေးနေပုံမျိုး...။ ညီညီဆိုတဲ့ ကောင်ကလည်း သိသိကြီးနဲ့ ကျွန်တော့်ဘက်လှည့်ပြီး အသံကို လိုတာထက် ပိုကျယ်ပြောတယ်။

'ကောင်းတာပေါ့ ကိုသိမ်ရာ... ကောင်းတာပေါ့။ ကျွန်တော့်မှာက မောင်နှမ မရှိတော့ ညီမလေးတစ်ယောက်လိုချင်နေတာ...'

အလကား၊ အဲဒီကောင်မှာ အစ်မတစ်ယောက်ရှိတယ်။ သူက သူ့အစ်မကို ဗုက်ထားတာ၊ လူသိမခံဘူး။ ယောက်ဖခေါ်ရမှာ စိုးလို့၊ ဒါကြောင့်





မနေနိုင်မထိုင်နိုင်နဲ့ ဝင်ပြောပစ်လိုက်တယ်။

'ဒါဆို မင်းအစ်မ ငါ့ပေးလေ...'

'ဘာကွ...'

'ဟဲဟဲ...'

ဒီတစ်ခါ ရယ်ရမှာ ကျွန်တော့်အလှည့်ဖြစ်သွားပြီ...။

'ရော်...ဘာပြောမိလို့လဲ...မင်းက ညီမတစ်ယောက် ရပြီပဲ။ အစ်မတော့ ငါ့ပေးပေါ့...ငါလည်း ကိုယ့်အစ်မတစ်ယောက်လို ချစ်ချစ်ခင်ခင်နေမှာပါ...'

ညီညီ ကျွန်တော့်ကို အသံတိတ် ဆဲရေးပါတယ်။ ကိုသိမ်ကတော့ တအံ့တဩနဲ့...

'ဟုတ်လား...ညီညီ့မှာ အစ်မရှိတယ် ဟုတ်လား...'

ညီညီ အသံမထွက်ပါဘူး...။

'ဟုတ်တယ် ကိုသိမ်...သူ့အစ်မက သူ့လိုပဲ ခန့်ချောကြီး ဟီးဟီး...'

'အတော်ပဲ ဒါဆို ငါလည်း ညီမတစ်ယောက်ရတာပေါ့...'

ကိုသိမ်သည်လည်း ခေသူမှ မဟုတ်ပေပဲ...။ ကိုသိမ်စကားကြောင့် ညီညီ့မျက်နှာပိုမဲသွားရတယ်။ ပြီးမှ...

'ကြည့်သေးတာပေါ့ဩဇာရာ...' တဲ့။ သူ့ကြုံးဝါးပုံက ကြောက်စရာမကောင်းပါဘူး။ ရယ်စရာပဲ ကောင်းတယ်။ အဲဒီညက သူတို့စကားဝိုင်းက ဘောလုံးပွဲဘက် ရောက်သွားကြတယ်။ ကျွန်တော်က သူတို့ဘောလုံးပွဲတွေကို စိတ်မဝင်စားပါဘူး။ ကျွန်တော့်ရုပ်ပြောင်ဘောလုံးလေးတွေကိုပဲ စိတ်ဝင်စားတယ်။ ဒါကြောင့် တစ်ခွန်းမှ ဝင်မပြောမိဘဲ အိပ်ပျော်သွားလိုက်တာ။ အိပ်မက်ထဲမှာတောင် ရွှေသော့နဲ့ တွေ့နေသေးတယ်။ ရွှေသော့



www.burmeseclassic.com

www.burmeseclassic.com



က ကျွန်တော့်ကို ရုပ်ပြောင်ဘောလုံးလေးတွေနဲ့ ပစ်ပေါက်ကျီစယ်နေသတဲ့။

အိပ်ရာက နိုးလာတော့ မိုးလင်းနေပါပြီ...။

ဘယ်လောက်များ ပီရိယကောင်းကြသလဲ မသိဘူး။ ကျောင်းသွားရမယ့် သူထက်ကို သူတို့က စောပြီးနေသေးတယ်။ ကြည့်ရတာ ညကတောင် အိပ်ကြရဲ့လား မသိဘူး...။ ကျောင်းရောက်တော့ ဦးချစ်ဘက်မှာပဲ ထိုင်ဖြစ်ကြတယ်။

ခဏနေကျတော့ ရွှေရောင်ကားကြီး ဆိုက်လာတယ်။ ရွှေသော့က ကားပေါ်က မဆင်းခင် ဒရိုင်ဘာကြီးကို ဘာတွေ မှာတမ်းခြွေနေမှန်း မသိဘူး။ အကြာကြီးပဲ...။ မနေ့ကလို sticker တွေ ရောက်မလာစေနဲ့ဆိုတာလည်း ပါရင် ပါမှာပေါ့...။

ရွှေသော့ ကားပေါ်က ဆင်းတယ်ဆိုရင်ပဲ ရွှေရောင်ကားကြီးက မြန်ကွေ့ထွက်သွားတယ်။ ရွှေသော့က စိတ်မချလို့ ကားတောင် ဒီနားမှာ မထားနိုင်းတော့ဘူးထင်တယ်...

ရွှေသော့တစ်ယောက်တည်း အဆောင်ဘက် ဝင်မလို့ အလုပ်မှာ ကိုသိခ်က ထခေါ်တယ်။

'ရွှေသော့...ရွှေသော့'

ရွှေသော့ ဇဝေဇဝါနဲ့ လှည့်ကြည့်တယ်။ ကိုသိခ်ကိုလည်း မြင်ရော... မပြေးရုံတမယ်ပဲ...။

'ဟယ်...သိခ်...'

သူ့ကို ကြည့်ရတာ ပြေးဖက်မလားတောင် ထင်ရတယ်။ ရောက်စပြုနေတဲ့ ကျောင်းသူကျောင်းသားတချို့ကလည်း စပ်စုသလို လှမ်းကြည့်တယ်။ ရွှေသော့နဲ့ ကိုသိခ်က...တစ်ယောက်လက် တစ်ယောက် တင်းကျပ်





စွာ ဆုပ်ကိုင်ထားလိုက်ကြတယ်။ အဒတေးကျပမှုတွေထဲမှာ မွှန်းကျပသွားရတာကတော့ ကျွန်တော့်နှလုံးသားပေါ့...။

ကိုသိခ်က ကျွန်တော်တို့ဝိုင်းကို ရွှေသော့ကို ခေါ်လာတယ်။ လက်က ခုထိ မလွှတ်ကြသေးဘူး။ ရွှေသော့ကဆို ကိုသိခ်ရဲ့ လက်မောင်းကိုတောင် ဖက်တွယ်ထားလိုက်သေးတယ်။

'လာထိုင်...ရွှေသော့...'

ရွှေသော့က ခပ်တည်တည်နဲ့ ဝင်ထိုင်ပြီး ကျွန်တော့်ကိုလည်း ဘာမှ မဖြစ်သလို နှုတ်ဆက်တယ်။

'အဲ...ဩဇာ...အတန်း မရှိဘူးလား'

'မတက်တာ...'

'ဩော်...ညှော်သည်လာမှာမို့လို့လား...'

ကိုသိခ်တို့ကို ညွှန်ပြီး မေးတယ်။

'ဟုတ်တယ်...'လို့ ဖြေလိုက်ရတာပေါ့...။

ကိုသိခ်က ရွှေသော့အတွက် ဝယ်လာတဲ့ လက်ဆောင်ကို ထုတ်ပေးတယ်။ ဘာမှန်း မသိပါဘူး။ ရွှေသော့က ချက်ချင်း ဖြည်ထုတ်မှပဲ တွေ့ရတော့တယ်။ ဆွဲကြိုးလေးတစ်ကုံးပါ။ လော့ကက်လေးက AZ ဆိုတဲ့ ပုံလေးနဲ့ သော့ကလေးတစ်ချောင်း တွဲထားတာ...။ သေးသေးလေးမှတကယ့် သေးသေးလေး။ လက်ရာက အရမ်းမြောက်ပါတယ်။ AZ ဆိုတာ A to Z ကို ဆိုလိုတာလား၊ ဩဇာလားဆိုတာကိုတော့ ဝယ်လာတဲ့ ကိုသိခ်တောင် သိမှာ မဟုတ်ပါဘူး။ ကျွန်တော်က အဲလို တွေးလိုက်မိပေမယ့် မှားသွားတာကို တွေ့လိုက်ရတယ်...။

'သိခ်...ဒီလော့ကက်လေးနှစ်ခုက အဓိပ္ပာယ်ရှိလား'



www.burmeseclassic.com

www.burmeseclassic.com



'အာ…ရှိတာပေါ့…'

'ဘာအဓိပ္ပာယ်လဲ…'

'alphabet A to Z ကို သော့ခတ်ထားတာ…ဒီဆွဲကြိုးလေးရဲ့ နာမည်ကိုက 'A… bank and its Key' တဲ့…'

ဟုတ်ပါတယ်။ အနီရောင်…ကတ္တီပါ…ဘူးထောင့်မှာ ရွှေရောင်စာတန်းလေးက အဲလိုပဲ ထိုးထားပါတယ်။ သေချာတာကတော့ ဒါဟာ ဩဇာနဲ့ ရွှေသော့ကို ကိုယ်စားမပြုဘူးဆိုတာပေါ့။ ရွှေသော့က ကိုသိန်းကို ခုထိ မှိန်း့ထားတုန်းပါပဲ။ ကျွန်တော့်စိုးရိမ်ပူပန်မှုတွေက ခု တကယ်ဖြစ်လာခဲ့ပြီလေ။ သူတိုရဲ့ သံယောဇဉ်နဲ့ ရှိခဲ့ဖူးတဲ့ မေတ္တာတရားက…ဒီဘဝထိ ခိုင်မြဲနေကြဦးမယ်ဆိုရင်…။

ကျွန်တော် တဖြည်းဖြည်း အသက်ရှုကျပ်လာတယ်။

ဆက်လက်ရပ်တည်ခြင်းငှာလည်း မစွမ်းတော့သလိုပဲ…။

ကျွန်တော် ထွက်ပြေးမှ ဖြစ်တော့မယ် ထင်ပါရဲ့…။

အတွေးနဲ့အတူ ထိုင်ရာက ထလိုက်တယ်။

'ဟော…ဩဇာ…ဘာလုပ်မလို့လဲ…'

ညီညီက တအံ့တဩ မေးတယ်…။

'ငါ…ကိုသန်းလှိုင်တို့နဲ့ ချိန်းထားတာ မေ့နေလို့…'

'ဟာ…နောက်မှသွားကွာ…'

'မရဘူး…သူတို့ ငါ့ကို စာရင်းပြပေးမှာ…ငါပျက်ကွက်လို့ မဖြစ်ဘူး…'

'ပြီးရင် ဒီကို ပြန်လာခဲ့လေ…စောင့်နေမယ်…'

ကိုသိန်းက လှမ်းပြောတာပါ။ ဒါပေမယ့် ကျွန်တော် ခေါင်းခါပြလိုက်တယ်။ ထွက်သွားတယ်ဆိုကတည်းက ပြန်လာဖို့မှ မဟုတ်ပဲ…။



BURMESE CLASSIC



'မသေချာဘူး၊ မစောင့်နဲ့တော့…'

ကျွန်တော် ကျောခိုင်းထွက်ခွာခဲ့ရာ လမ်းတစ်လျှောက်မှာ ကံ့ကော်တွေ အတုံးအရုံး ကြွေလွင့်နေကြတယ်။ အမှန်က ဒါဟာ သူ့အခါ ရာသီနဲ့ သဘာဝပါ။ ကျွန်တော်ကတော့ အဲဒီကံ့ကော်တွေကို ကျွန်တော့်အတွက် ကြေကွဲကြွေကျခဲ့ရတာလို့ ထင်မြင်မိတယ်။

စိတ်ထင်ကြောင့်လား မသိဘူး။ စွဲကျန်နေသေးတဲ့ ကံ့ကော်ရနံ့ တချို့က…ကျွန်တော့်ကို မှူးဝေနောက်ကျိလာစေတယ်…။



www.burmeseclassic.com

www.burmeseclassic.com



(ပ)

ဘယ်လိုက ဘယ်လို အိမ်ပြန်ရောက်သွားမှန်းလည်း ကျွန်တော်မသိဘူး။ ကျွန်တော် ဘာတွေဖြစ်သွားခဲ့မှန်းလည်း ကျွန်တော်မသိဘူး။ ကျွန်တော် သတိရတော့ ဘေးမှာ လူစုံပဲ...။ ကိုသိန်း၊ ညီညီ၊ ရွှေသော့၊ ကိုသန်းလှိုင်၊ ကိုစောလွင်၊ စန္ဒာဝင်း၊ ခင်သန္တာထွန်း...။

'သတိရပြီလား...သြဇာ...'

ကျွန်တော် အသာခေါင်းဆတ်ပြပြီး ပြန်မှိန်းနေလိုက်ရတယ်။ ဟုတ်မှာပါ။ ကျွန်တော် တစ်ခုခုဖြစ်သွားခဲ့တယ်။ အဖြစ်နိုင်ဆုံးက အရုပ်ကြိုးပြတ်လဲတာမျိုးပေါ့။ ကျွန်တော်ကလည်း ကျွန်တော်ပဲလေ...။ နေပူမရှောင်၊ နေရိပ်မရှောင်နဲ့...။ လမ်းတကာ့လမ်း သွားပြီး ပစ္စည်းရှာရ စုရဆောင်းရသော့တွေကို ဆေးကူမှုတ်ရနဲ့...။ အကြောင်းစုံ မသိသေးလို့သာ ဘေးမှာ ဝိုင်းသနားနေကြတာ။ အကြောင်းစုံသိရင် မေတ္တာပို့ကြမလား မသိဘူး။





ကိုသန်းလှိုင်က...

'ဒီကောင်ဒီရက်ပိုင်း အတန်းပြီးတာနဲ့ တောင်ငူဆောင် သွားသွားနေတာ။ အတန်းမစခင်လည်း ဝင်ခဲ့ပုံပဲ။ Arts နဲ့ Science က လူကောင်းတွေအတွက် လျှောက်ရတာ မဝေးပေမယ့် သူက နေကောင်းခါစလေ...ဒီတော့ ခုလိုလဲတာပေါ့။ တော်သေးတယ်။ စာကြည့်တိုက်နားမှာ အတန်းထဲက လူတချို့ ရှိနေလို့ ကျွန်တော့်ကို အမြန်အကြောင်းလာကြားတာနဲ့ ထွက်ခဲ့ရတာ...ခု...သူသတိရပြီဆိုတော့...ကျွန်တော်တို့ ပြန်ဦးမယ် ဆရာကြီးကို အကြောင်းကြားရဦးမယ်။ ဆရာကြီးက သူ့ကို တော်တော်စိတ်ပူနေတာ... အမေက နေမကောင်း၊ အစ်ကိုက နေမကောင်းနဲ့ သူညီမတော့ ဒုက္ခပဲလို့တောင် ပြောလိုက်သေးတယ်...'

ဇာတ်စုံသိနေကြတဲ့သူတွေမို့ အားလုံးက ရယ်ကြပါတယ်။ ကျွန်တော်တောင် ပြုံးမိသေးလား မသိဘူး။ ဆရာကြီးကိုတော့ စိတ်ထဲက တကယ့်ကို ရိုရိုကျိုးကျိုး လေးလေးစားစားနဲ့ ဦးချကန်တော့လိုက်မိတယ်...။

ကိုသန်းလှိုင်တို့လူစု ပြန်သွားတော့မှ ညီညီက ကျွန်တော့်လက်ကို ကိုင်ပြီး မေးတယ်။

'သေချာသတိရပြီလား...သြဇာ...'

'အင်း...'

'ပြောစရာ ရှိတယ်...နားထောင်မလား...'

'နောက်မှ ပြောကွာ...'

ကျွန်တော် အတော်အားယူပြီး ငြင်းလိုက်ရတယ်။ ခုချိန်မှာ ဘာမှ မကြားချင်ဘူးလေ...။ ရွှေသော့ အသံက လွဲရင်ပေါ့။ ခက်တာက အဲဒီအသံလေးကလည်း ကျွန်တော့်အတွက် မဟုတ်တော့ဘူး။ ကျွန်တော့်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အလားအလာကောင်း နယ်မြေလေးကလည်း ဒီမနက်ပဲ အလံစိုက်ခံလိုက်ရပြီ။ ကျွန်တော် စစ်ရှုံးတာပေါ့။ ပြီးအောင် မတိုက်လိုက်ရဘဲ အနိုင်အရှုံးသေချာသွားတာလည်း တစ်မျိုးတော့ ကောင်းပါတယ်လေ...။

'နောက်မှ ပြောရမယ်...ဟုတ်လား'

'အင်း...'

'သူတို့က ခုပြောချင်တာတဲ့...'

ဒီအခန်းထဲမှာက လူသုံးယောက်ပဲ ရှိတာ၊ (ကျွန်တော်က လွဲရင်)။ ခုပြောနေတာက ညီညီဆိုတော့ သူတို့ဆိုတာ ရွှေသော့နဲ့ကိုသိန်းပဲ ရှိတာပေါ့။ သူတို့ပြောမှာကို ပိုပြီး မကြားလိုပါဘူး။ ဒါကြောင့် ငြိမ်နေလိုက်တယ်။

'ဩဇာ...'

ကိုသိန်းက ခေါ်တယ်။

ကျွန်တော် မျက်လုံးကို အသာဖွင့်ကြည့်လိုက်တော့ မမြင်ချင်တဲ့ မြင်ကွင်းကို မြင်ရတယ်။ ကိုသိန်းက ရွှေသော့ ပခုံးကို သိုင်းဖက်ထားပြီး လက်တစ်ဖက်က ရွှေသော့ လက်ကလေးကို ဆုပ်ကိုင်ထားတယ်။ ကျွန်တော် မျက်လုံးအစုံကို ပြန်မှိတ်ပစ်လိုက်တယ်။ မျက်ရည်စက်တချို့ကိုလည်း အလျှင်အမြန် သိမ်းရင်းပေါ့...။

ဒါပေမယ့်...

ကျွန်တော့်ညာဘက်လက်ထဲကို နူးညံ့တဲ့ အတွေ့အထိလေးတစ်ခု ရောက်လာတယ်။

'ရွှေသော့...'

ကျွန်တော် ကယောင်ကတမ်းနဲ့ အာရုံတွေ မှားနေတာလားလို့ တွေးမိပြီး မျက်လုံးကို ဖွင့်ကြည့်လိုက်တော့ တကယ်ပါပဲ။ စောစောက ကိုသိန်း





ဆွဲကိုင်ထားတဲ့ ရွှေသော့ရဲ့ လက်ကလေးကို ကျွန်တော့် ညာလက်ထဲ ကိုသိန်းကိုယ်တိုင် လာထည့်ပေးတာပါ...။

'မင်းက ဘာမှ မပြောပေမယ့် ငါက အလိုက်သိပါတယ်...'

'ဗျာ...'

ကျွန်တော်က အံ့ဩနေတုန်းပဲ...။

'ငါ့ညီမကို မင်းလက်ထဲ အပ်တယ်လေ...'

'သိန်နော်...'

ရွှေသော့က ကိုသိန်း ပခုံးပေါ် ခေါင်းမှီပြီး မျက်နှာကို ဝှက်ချလိုက်တယ်။

ဘာတွေလဲ...။ ဘာတွေလဲ...။ ကျွန်တော် ဘာမှ နားမလည်တော့ဘူး...။

ခေါင်းတွေတောင် ပိုမူးလာသလိုပဲ...။

'ရွှေသော့က ငါ့ညီမတစ်ဝမ်းကွဲပါ...ဩဇာ...ရဲ့'

'ဗျာ...'

ဒီတစ်ခါ 'ဗျာ'ကတော့ အံ့ဩတာထက် ဝမ်းသာတာ ပိုမယ်ထင်ပါရဲ့ လောကကြီးမှာ ဒီလိုထိုးဇာတ်တွေက ရှိသေးတယ်တဲ့လား။

'ဒါဆို ရွှေသော့က ရွှေသော့ ဝင်စားတယ်ဆိုတာ မဟုတ်ဘူးပေါ့...'

ကျွန်တော့်စကားကြောင့် ရယ်ကြတယ်။ ကိုသိန်းက လက်ကာပြတယ်၊

'ကိုယ် ရှင်းပြမယ်။ ရွှေသော့ဆိုတာ မင်းတို့ သိထားတဲ့အတိုင်း တကယ်ရှိခဲ့တယ်။ သူဆုံးတော့ ကိုယ်မျက်စိမြင်ခဲ့ရတယ်။ အကုန်အမှန်ပဲ၊ ဒီကောင်မလေးက ရွှေသော့ဆုံးပြီး တစ်နှစ်ကျော်လောက်မှာ မွေးတာ... မေမေ့အစ်မက မွေးတာလေ၊ မေမေ့အစ်မက အိမ်ထောင်ကျတာနောက်ကျ

www.burmeseclassic.com



တယ်။ သူမွေးကတည်းက မေမေက ရွှေသော့နဲ့ တူလှချည်ရဲ့ ဆိုပြီး ရွှေသော့ ဝင်စားတယ်ဖြစ်နေတာ၊ ကြီးလာလို့ ငါ့ကို 'သိန်း'လို့ပဲ တိုပြတ်ပြတ် ခေါ်တော့ ပိုဆိုးတော့တာပေါ့။ ဘယ်လိုမှ 'ကိုကို'ခေါ်ခိုင်းလို့ မရဘူး၊ သူက အရင်က မန္တလေးမှာ နေတာ...သူတို့ပြောင်းပြီး ငါ့ဆီ လာတွေ့တဲ့ နေ့က မင်းကို တွေ့တာပဲ...'

'ဩော်...'

'အဲဒီမှာ သူက မင်းကို ဆရာလုပ်လို့ ကြည့်မရဘူးဆိုပြီး ဇာတ်လမ်း ဆင်ခဲ့တာ...သူဆင်တဲ့ ဇာတ်အတိုင်း ငါ့မှာ ကရသေးတယ်။ ပြီးတော့မှ သူ့ဇာတ်သူ မနိုင်တော့ဘဲ ထွက်ပြေးတော့တာ...ဟားဟား...'

ကိုသိန်းက အကုန်သိနေတာသေချာတာပေါ့။ ရွှေသော့ မပြောနဲ့ ကျွန်တော်တောင် ရှက်လာသလိုပဲ...။

'ကဲ...ခုတော့...ဇာတ်က နာတယ်...မင်းသားက...ရုပ်ရှင်ထဲကလို shock ရသွားတော့ မင်းသမီးလည်း ဟန်မဆောင်နိုင်တော့ဘူး...'

'သိန်း...'

ရွှေသော့က သူ့အစ်ကို ကို အော်ပြီး ဆိတ်ဆွဲပါတယ်။

'ကဲ...တော်ပြီ၊ ဇာတ်ရည်က လည်ပြီ၊ ငါတို့နားတော့မယ်၊ ပြုစုချင်ရင် နင်ပဲနေခဲ့တော့'

ပြောပြောဆိုဆိုနဲ့ ကိုသိန်းကော ညီညီကော ကျွန်တော့်အခန်းထဲက နေ မချိုမချဉ်နဲ့ ထွက်သွားကြတယ်။ ဖင်ကြိမ်းနေမလား မသိဘူးနော်...။

ရွှေသော့ကတော့ သူ့ကို ငေးကြည့်နေမိတဲ့ ကျွန်တော့်ကို မျက်စောင်းထိုးတယ်။ အားလုံး သိတဲ့အတိုင်းပဲ။ သူမျက်စောင်းထိုးတာ အရမ်းချစ်ဖို့ကောင်းတယ်။ ကျွန်တော် ဖက်နမ်းပစ်ချင်တာပေါ့။ ခက်တာက ကျွန်တော့်





မှာ အားမရှိဘူး။ ကိုသိန်း လာထည့်ပေးသွားတဲ့ လက်ကလေးကိုတော့ ငြ ဖမ်းဆုပ်ထားလိုက်တယ်။

သူက မရုန်းပါဘူး...။

'ရွှေသော့...'

'ဘာလဲ...'

ထူးပုံက မညင်သာပါဘူး။ ဒါပေမယ့် ကျွန်တော့်အတွက်တော့ သ ယာ လွန်းနေပါတယ်။

'ကိုယ့်ကို ရှာပြန်လက်ဆောင်ပေးဖို့ပါလား'

'ပေးပြီးပြီလေ...'

'ဟင့်အင်း...ကြားချင်တာ'

ရွှေသော့ မျက်စောင်းချိတ်ဖို့ ကြိုးစားပြန်ပါတယ်။ ကျွန်တော်ကတေ သက်ပြင်းပဲ ဖိချနေရတော့တာပေါ့...။

ရွှေသော့က သူ့အိတ်ထဲက ဝက်ဝံရုပ်ကလေးတစ်ရုပ် ထုတ်လိုက် တယ်။ ပြီး...

ကျွန်တော့်...နား...နားလာကပ်ပေးပြီး 'သေချာနားထောင်'တဲ့။

သူမရဲ့ လက်ကလေးနဲ့ ဖိညှစ်ပေးလိုက်တဲ့အခါမှာ ဒရုပ်ကလေးဆ က အသံထွက်လာတယ်။

'I ... I... I... I ... love ... you...' တဲ့...။

အဲဒီအသံလောက် သာယာချိုမြတဲ့အသံ ဒီလောကမှာ ရှိနိုင်ပါဦး မလား။ မသေချာတော့ဘူး၊ သေချာတာကတော့ ကျွန်တော့်နှလုံးသား ရွှေသော့က အပြီးအပိုင် သော့ခတ်သိမ်းဆည်းပစ်လိုက်ပြီဆိုတာပါပဲ...။

ရာသက်ပန် အကျဉ်းကျသူတွေထဲမှာ အပျော်ဆုံးကတော့ ကျွန်တော် ပဲ ဖြစ်လိမ့်မယ် ထင်ပါတယ်။

www.burmeseclassic.com



တွေ့လား...

ချစ်သူ့ရင်ဆီတည့်တည့်က ကျွန်းကလေးကို...။

မိုးခိုငှက်ကလေးတွေရဲ့ တေးသံရယ်...

နံနက်ခင်း နှင်းစက်တွေရယ်နဲ့ လှပနေလိုက်တာ...

ဒါဟာ ချစ်သူတွေရဲ့ လျှို့ဝှက်ကျွန်းကလေးလည်း ဖြစ်တယ်။

မနော်ဟရီ

၂၇၊ မေ၊ ၂၀၀၅



www.burmeseclassic.com